# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄) အမှတ် (၁၆၃)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

၂၀၁၅ ခုနှစ်၊ မတ် ၁၂ ရက်၊ ကြာသပတေးနေ့။


တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့ လိုတယ်။ မလိုတဲ့လူတွေက ဘယ်လိုတိုက်တိုက်၊ ရှိရှိ၊ စစ၊ မိမိတို့အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။

(၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ ၄၀ မိနစ်အချိန် ရေဒီယိုမှထုတ်လွှင့်ခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းမှ ကောက်နုတ်ချက်)

# နိုင်ငံတကာနှင့် ဒေသတွင်းရေးရာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် မတ် ၁၁**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မဒမ် ငုယင်သီဇွမ်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာကဏ္ဍ၊ နိုင်ငံတကာနှင့် ဒေသတွင်းရေးရာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေး၊ ဘဏ်လုပ်ငန်း၊ ဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ခရီးသွားလုပ်ငန်းတို့တွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အလားအလာများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးမြင့်လှိုင်၊ ဦးဇေယျာအောင်၊ ဒေါက်တာကံဇော်၊ ဦးရဲထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဒုတိယသမ္မတနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဖန်သန်ဇွန်းလည်း တက်ရောက်သည်။

ယခုနှစ်သည် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ သံတမန်ဆက်ဆံရေး နှစ်(၄၀)ပြည့် အထိမ်းအမှတ်နှစ်တစ်နှစ်ဖြစ်သည်။ နှစ်နိုင်ငံကုန်သွယ်မှုပမာဏအနေဖြင့် ၂၀၁၄-၂၀၁၅ *စာမျက်နှာ ၉ ကော်လံ ၁* ✻



# မိတ္ထီလာမြောက်ကန်ကြီးအား တူးဖော်ပြုပြင်နေပြီ

တင်လှိုင် (မိတ္ထီလာ)

မိတ္ထီလာ မတ် ၁၁

**မိတ္ထီလာမြို့၌ သမိုင်းဝင်အဓိကရ ကန်တော်ကြီးရှိသည်။ မိတ္ထီလာကန်တော်ကြီးကို ရှေးမြန်မာမင်း ၁၇ ဆက်တို့က ဆည်ဖို့ပြုပြင်ခဲ့ကြသည်။ မိတ္ထီလာ ကန်တော်ကြီးမှာ အနော်ရထာမင်းလက်ထက် ပြုပြင်ခဲ့စဉ်က ကန်တော်၏ရေဝပ်ဧရိယာမှာ ပုပ္ပားတောင်နှင့်ကြက်မတစ်ဝပ်စာအထိ ရေပြင်ကျယ်ပြန့်ခဲ့သည်ဟု သမိုင်းမှတ်တမ်းအရသိရသည်။ မိတ္ထီလာကန်သည် မြို့လူထုသောက်သုံးရေနှင့်စိုက်ပျိုးရေအတွက် အဓိက အားထားရသော ကန်တော်ကြီးဖြစ်သည်။ မိတ္ထီလာကန်တော်ကြီးသည် တောင်ကန်နှင့် မြောက်ကန်ဟူ၍ ကန်ကြီးနှစ်ခုဆက်ထားသော ကန်တော်ကြီးဖြစ်သည်။ မိတ္ထီလာကန်တော်ကြီးမှ မြို့လူထုသောက်သုံးရေ ပေးဝေလျက်ရှိသည်။**



မိတ္ထီလာကန် နုန်းမြေများပြန်လည်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။

မိတ္ထီလာကန်တော်ကြီး သဲနုန်းပို့ချမှုကြောင့် တိမ်ကောပျက်စီးလာသဖြင့် ၁၈၉၁-၁၈၉၂ ခုနှစ်က ဆည်မြောင်းရေသောက်စနစ် အင်္ဂါရပ်နှင့်ပြည့်စုံစွာ ကန်ပေါင်များ၊ ရေလွှတ်တံခါးများ၊ တူးမြောင်းများကို ပြုပြင်ခဲ့ပြီး ၁၈၉၇-၁၈၉၈ ခုနှစ်တွင် ကန်ပေါင်ပြင်ဆင်ခြင်း လုပ်ငန်းများ၊ ကန်ပေါင်အတွင်းပိုင်း လှိုင်းကာကျောက်ရိုးစီခြင်း လုပ်ငန်းများနှင့် ရေဆိုးထုတ်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

မိတ္ထီလာမြောက်ကန်နှင့် တောင်ကန်တစ်ဆက်တည်းဖြစ်စေရန် ရေကန့်ကန်ပေါင်တွင် (၄'-၆"×၄'-၆") နှစ်ပေါက် *စာမျက်နှာ ၈ ကော်လံ ၁* ■


**ယနေ့ မာတိကာ**

ကိုလံဘီယာ ဖာ့စ်သူပုန်တိုက်ခိုက်မှု ယာယီရပ်ဆိုင်း — စာမျက်နှာ » ၄

ငြိမ်းငြိမ်းချမ်းချမ်းပြေရှင်းစေချင် — အင်တာဗျူး — စာမျက်နှာ » ၅

မြန်မာ့ပညာရေးကို ဘယ်ပုံဘယ်နည်း ဖော်ဆောင်ကြမှာလဲ — ဆောင်းပါး — စာမျက်နှာ » ၆

ခေါ်ယူစစ်ဆေးခဲ့သည့် သံဃာ ၁၀ ပါးတို့အား သက်ဆိုင်ရာဒေသကျောင်းအသီးသီးသို့ ပြန်ခွင့်ပြု — စာမျက်နှာ » ၁၂





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ဘာသာတရားအဆုံးအမနှင့် ပြည့်စုံကြပါစေ

မည်သည့်ဘာသာဝင်မဆို ဘာသာတရားအဆုံးအမနှင့်ပြည့်စုံခြင်းသည် လောကီ၊ လောကုတ္တရာ နှစ်ဖြာသောကောင်းကျိုးစီးပွားကို တိုးပွားစေနိုင်ပါသည်။ ပစ္စုပ္ပန်အကျိုးသာမက သံသရာတစ်လျှောက်လုံး ကောင်းကျိုးစီးပွားများ တိုးပွားစေနိုင်ပါသည်။ ဤသို့ ပစ္စုပ္ပန်၊ သံသရာအကျိုးစီးပွားကို တိုးပွားစေရန်မှာ လူတိုင်းလူတိုင်းသည် ဘာသာရေးအလေ့အကျင့်ကောင်းများ ရှိထားရမည်ဖြစ်ပါသည်။

ဤဘာသာရေးအလေ့အကျင့်ကောင်းများကို ငယ်ရွယ်စဉ်ကတည်းက လေ့ကျင့်ပျိုးထောင်ပေးကြရပါသည်။ သင်ကြားပေးရပါသည်။ ဘာသာရေးအလေ့အကျင့်ကောင်းရှိသော ကလေးများသည် ကြီးပြင်းလာသောအခါ ဆိုဆုံးမရလွယ်ကူပါသည်။ အပြောအဆိုအပြုအမူ လိမ္မာယဉ်ကျေးသူများဖြစ်နိုင်ပါသည်။ တရားသဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများဖြစ်နိုင်ပါသည်။ ဤသို့ ယဉ်ကျေးလိမ္မာသူများဖြစ်အောင် ငယ်ရွယ်စဉ်ကတည်းက မိဘများကလေ့ကျင့်ပျိုးထောင်ပေးရပေမည်။

ရှေးအခါက ဘုန်းတော်ကြီးကျောင်းများ ထွန်းကားခဲ့ပြီး ဘုန်းတော်ကြီးများက ကျောင်းနေကလေးသူငယ် ကျောင်းသားကျောင်းသူလေးများကို တန်းစာအပြင် အခြေခံဗုဒ္ဓဘာသာစာပေများ သင်ကြားပေးလေ့ရှိပါသည်။ ဘုရားရှိခိုးအမျိုးမျိုး၊ ဩကာသ၊ ငါးပါးသီလ၊ ပရိတ်ကြီး ၁၁ သုတ်၊ လောကနီတိ စသည်ဖြင့် သင်ကြားပေးလေ့ရှိပါသည်။ သို့သော် ယနေ့ခေတ်တွင်မူ ''တန်းစာ''သည် အဓိကဖြစ်၍ ယဉ်ကျေးလိမ္မာစာပေများ သင်ကြားပေးမှုမှာ မရှိသလောက်နည်းပါးသွားခဲ့ပြီဖြစ်ပါသည်။ ဤအချက်သည် ဗုဒ္ဓဘာသာဝင်တို့အဖို့ ဆုတ်ယုတ်မှုကြီးပင်ဖြစ်ပါသည်။

ထို့ကြောင့်လည်း နွေရာသီကျောင်းပိတ်ရက်များတွင် ဘုန်းတော်ကြီးများ၊ ဆရာတော် သံဃာတော်များက ရပ်ကွက်၊ ကျေးရွာများအလိုက် ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလေ့ရှိပါသည်။ သို့သော်လည်း တက်ရောက်သင်ကြားသူ အလွန်ပင်နည်းပါးနေပါသည်။ မိဘများ၏ တိုက်တွန်းနှိုးဆော်မှု၊ အားပေးမှုနည်းပါးနေပါသည်။ ထို့ကြောင့်လည်း ယဉ်ကျေးလိမ္မာမှု လူမှုအဆင့်အတန်းသည် တဖြည်းဖြည်းအားနည်းလာလျက်ရှိပါသည်။ ဤသို့ ယဉ်ကျေးမှုများ ညှိုးမှိန်လာသောကြောင့် မျက်မှောက်ခေတ်လူငယ်လူရွယ်များတွင် အရိုအသေပေးမှု(ဂါရဝတရား)၊ နှိမ့်ချပြောဆိုမှု(နိဝါတတရား)၊ ပြောဆိုဆုံးမလွယ်မှု (သောဝစဿတာ) စသောကောင်းမြတ်သောတရားများနှင့် အရှက်အကြောက်(ဟီရိဩတ္တပ္ပ) ဟူသော လောကစောင့်(လောကပါလ)တရားများ ခေါင်းပါးလာကြရုံမျှမက အမျိုးဘာသာသာသနာစိတ်ဓာတ်များပါ ခေါင်းပါးယိုယွင်းလာသည်ကို တွေ့နေရပါသည်။

သို့ပါ၍ မိဘများအနေဖြင့် မိမိတို့သားသမီးများ ကိုယ်အမူအရာ နှုတ်အမူအရာ၊ ယဉ်ကျေးလိမ္မာသူများဖြစ်ပြီး ဘာသာရေးအဆုံးအမနှင့် ပြည့်စုံသူများဖြစ်အောင် နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းများသို့ အရောက်ပို့ပေးနိုင်ပါရန် တိုက်တွန်းလိုက်ရပါကြောင်း။ ။

## ပြည်တွင်းသတင်း

# ၂၀၁၅ ခုနှစ် နှစ် (၇၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

★ နိုင်ငံတော်၏ မြေထု၊ ရေထုနှင့် လေထုကိုကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲညီညီပူးပေါင်းဆောင်ရွက်ရေး။

★ နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်း ပြည်ပအန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး။

★ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။



မွန်ပြည်နယ် မော်လမြိုင်မြို့ မော်လမြိုင်တက္ကသိုလ် တလတောခန်းမ၌ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းမှ ကြီးမှူးကျင်းပသော စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၈ ရက်မှ ၉ ရက်တွင် ကျင်းပရာ ကျေးလက်စာကြည့်တိုက်မှူးများနှင့် တာဝန်ခံများ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြစဉ်။ ခွန်(ဝင်းပ)

## တက္ကသိုလ်ဝင်တန်းစာမေးပွဲ သန်လျင်၌ စတင်ဖြေဆို

**ရန်ကုန် မတ် ၁၁**

၂၀၁၅ ခုနှစ် မတ် ၁၁ ရက်မှ ၂၀ ရက်နေ့အထိ ကျင်းပသည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ယနေ့တွင် သန်လျင်မြို့နယ် စာစစ်ဌာန(၅)၌ စတင်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုလျက်ရှိသည်။

သန်လျင်မြို့နယ်တွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲ ဖြေဆိုရန် စာရင်းပေးသွင်းထားသူ ၃၃၉၄ ဦး ရှိပြီး ယနေ့တွင် ၃၁၅၉ ဦး လာရောက်ဖြေဆိုသဖြင့် ရာခိုင်နှုန်း ၉၃ ဒသမ ၀၈ ရှိကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**

## ဟန်ဂေရီနိုင်ငံ သံအမတ်ကြီးခန့်အပ်ရန် သဘောတူညီ

သံအမတ်ကြီးဒေါက်တာ ပီတာဂျာကပ်အား ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဟန်ဂေရီနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

သံအမတ်ကြီး ဒေါက်တာ ပီတာဂျာကပ်အား ၁၉၆၉ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ဟန်ဂေရီနိုင်ငံ ဘူဒါပတ်စ်မြို့တွင် မွေးဖွားခဲ့ပါသည်။ ၎င်းသည် ၁၉၉၅ ခုနှစ်တွင် ဟန်ဂေရီနိုင်ငံ အီဂါဆရာအတတ်သင်ကောလိပ်မှ ဝိဇ္ဇာဘွဲ့ကိုလည်းကောင်း၊ ၁၉၉၈ ခုနှစ်တွင် ဘူဒါပတ်စ်စီးပွားရေး သိပ္ပံဆိုင်ရာတက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေး မဟာဘွဲ့ကိုလည်းကောင်း၊ ၂၀၀၆ခု နှစ်တွင် ဘူဒါပတ်စ်မြို့ အော့ဗိုစ်လိုရန်တက္ကသိုလ်မှ ယဉ်ကျေးမှုချင်းဆက်သွယ်ရေး ပါရဂူဘွဲ့ကိုလည်းကောင်း အသီးသီးရရှိခဲ့ပါသည်။ ၎င်းသည် ၁၉၉၆ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ဥရောပလုံခြုံရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အိုအက်စ် စီအီး)နှင့် ဟန်ဂေရီနိုင်ငံ ပညာရေးဝန်ကြီးဌာနတို့တွင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၀၃ ခုနှစ် ဇူလိုင်လတွင် ဟန်ဂေရီနိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဌာန အာရှပစိဖိတ်ဌာနနှင့် ဗန်ကောက်မြို့ရှိ ဟန်ဂေရီသံရုံးတို့တွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ဒေါက်တာ ပီတာဂျာကပ်အား ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ဘူဒါပတ်စ်မြို့အခြေစိုက်သည့် မြန်မာနိုင်ငံဆိုင်ရာ ဟန်ဂေရီအထူးသံတမန်အဖြစ် ခန့်အပ်ခဲ့ပါသည်။ သံအမတ်ကြီး ဒေါက်တာ ပီတာဂျာကပ်သည် ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှစ၍ ထိုင်းနိုင်ငံဆိုင်ရာ ဟန်ဂေရီသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီး ၁ ဦးရှိပါသည်။ **(သတင်းစဉ်)**




## အိပ်စင်ရထားတွဲချော်မှုဖြစ်ပွား

**ကသာ မတ် ၁၁**

မတ် ၈ ရက် ည ၁၀ နာရီက ဘုံချောင်းမှ မဲဇာသို့ ထွက်ခွာလာသော အမှတ်(၃၃) အဆန် မန္တလေး-မြစ်ကြီးနား အိပ်စင်ရထားသည် ကသာခရိုင် ဝန်းသိုမြို့နယ် ဘုံချောင်းနှင့် မဲဇာကြား မိုင်တိုင်အမှတ် ၅၆၇/၃၄ တွင် တွဲချော်မှုဖြစ်ပွားခဲ့ရာ တွဲချော်မှုတွင် DF-1338 တွဲမှ ဘီးအမှတ် ၁/၂ သည် သံလမ်းအတွင်းသို့ကျကာ ဘီးအမှတ် ၇/၈ သံလမ်းအပြင်သို့ကျခဲ့ပြီး ဝန်ထမ်းနှင့် ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၁-၃-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၁၅၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၄၀၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၆ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၈၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၀၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၄၅-၁၀၄၈ |
| ဥရောပ | တစ်ယူရို | ၁၂၀၀-၁၂၁၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၆-၇၈၀ |
| ထိုင်း | တစ်ဘတ် | ၃၁-၃၃.၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၅-၁၆ |
| တရုတ် | တစ်ယွမ် | ၁၆၃-၁၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၅ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နွေဆန် | တစ်အိတ် | ၁၈၀၀၀-၁၈၅၀၀ |
| မိုးဆန်သစ် (မနောသုခ) | တစ်အိတ် | ၁၇၀၀၀-၁၇၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၈၀၀၀-၃၂၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၆၀ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၂၅-၄၅၀ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၄၀၀-၂၀၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၅၀၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၃၆၀-၆၇၀ |
| ရေတိရှည် (မိုးထောင်) | တစ်ပိဿာ | ၂၇၀၀-၂၈၀၀ |
| ရေတိပွ (စိမ်းစား) | တစ်ပိဿာ | ၅၀၀၀-၅၆၀၀ |
| သကြား | တစ်ပိဿာ | ၈၀၀-၈၅၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

ပြည်တွင်းသတင်း



# ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မဒမ်ငုယင်သီဒွမ်း ဦးဆောင်သောအဖွဲ့ နေပြည်တော်တွင်လေ့လာ

**နေပြည်တော်  မတ်  ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မဒမ်ငုယင်သီဒွမ်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃ နာရီတွင် မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ ရောက်ရှိပြီး ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ကျောက်မျက်ရတနာများကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဧည့်သည်တော် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်သို့ရောက်ရှိပြီး စေတီတော်လိုဏ်အတွင်းရှိ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ကပ်လှူပူဇော်ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

❐ *ကျောဖုံးမှ*

ဆက်သွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဘဏ်လုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ သတ္တုနှင့် စွမ်းအင်ကဏ္ဍတို့တွင် တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို အခြေခံ၍ နိုင်ငံတကာအသိုက်အဝန်းတွင် အပြန်အလှန် အားပေးထောက်ခံရေးတို့အပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဦးခင်ဇော်၊ ဦးခင်မောင်အေး၊ ဦးဇင်ယော်၊ ဦးအောင်ထူး၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာလင်းအောင်၊ ဒေါ်လဲ့လဲ့သိန်း၊ ဒေါက်တာစိုင်းကျော်အုန်းတို့ တက်ရောက်ကြပြီး ဧည့်သည်တော် ဒုတိယသမ္မတနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဖန်သန်ဇွန်းလည်း တက်ရောက်သည်။

ညပိုင်းတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ဧည့်သည်တော် ဗီယက်နမ်နိုင်ငံ ဒုတိယသမ္မတ မဒမ်ငုယင်သီဒွမ်းဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ဟိုတယ်ဇုန်ရှိ Kempinski ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(သတင်းစဉ်)**

# မြန်မာ-ဆော်ဒီအာရေဗျ သံတမန်ဆက်ဆံရေးကဏ္ဍတွင် တိုးမြှင့်ဆက်ဆံရေး စီးပွားရေးအကျိုးတူပူးပေါင်းဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးဆွေးနွေး

**နေပြည်တော်  မတ်  ၁၁**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်အား ဆော်ဒီအာရေဗျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မင်းသားခါလက်ဘင်ဆာအုဒ်ဘင်ခါလက်အယ်လ် ဆာအုဒ်သည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတရုံးဝန်ကြီးဌာနဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ မြန်မာ-ဆော်ဒီအာရေဗျ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကဏ္ဍတွင် ပိုမိုတိုးမြှင့်ဆက်ဆံရေး၊ စီးပွားရေးဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံရေးနှင့် နည်းပညာများဖလှယ်ရေး၊ ဘာသာပေါင်းစုံငြိမ်းချမ်းစွာ အတူပူးပေါင်းနေထိုင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဆော်ဒီနိုင်ငံခြားရေးလက်ထောက်ဝန်ကြီးတွေ့ဆုံ

**နေပြည်တော်  မတ်  ၁၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား မြန်မာနိုင်ငံတွင်ရောက်ရှိနေသော ဆော်ဒီအာရေဗျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မင်းသား ခါလက်ဘင်ဆာအုဒ်ဘင်ခါလက်အယ်လ်ဆာအုဒ်က ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ ဂါရဝပြုတွေ့ဆုံသည်။

**(သတင်းစဉ်)**

# နိုင်ငံခြားစီးပွားဆက်သွယ်ရေးမွမ်းမံသင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော်  မတ်  ၁၁**

စီးပွားရေးဆက်ဆံဆောင်ရွက်မှု မြှင့်တင်နိုင်မည့်နိုင်ငံများ၌ စီးပွားရေးကိုယ်စားလှယ်အဖြစ် စီးပွားရေးသံမှူးများ ရွေးချယ်ခန့်အပ်ရန် "နိုင်ငံခြားစီးပွားဆက်ဆံရေး မွမ်းမံသင်တန်း" ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးဝင်းမြင့်၊ ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က သင်တန်းဖွင့်အမှာစကား ပြောကြားရာတွင် စီးပွားရေးဆက်သွယ်ဆောင်ရွက်မှု မြှင့်တင်မည့်နိုင်ငံများ၌ စီးပွားရေးကိုယ်စားလှယ်ရုံးများဖွင့်လှစ်နိုင်ရန်နှင့် စီးပွားရေးသံမှူးများခန့်အပ်ရန်အတွက် နိုင်ငံခြားစီးပွားဆက်သွယ်ရေး သင်တန်းများကို အားဖြည့်ပို့ချခဲ့ပါကြောင်း။

အခြေခံနိုင်ငံခြား စီးပွားဆက်သွယ်ရေးသင်တန်း အမှတ်စဉ် (၁) မှ စီးပွားရေးသံမှူး ကိုးဦးအား ဂျပန်၊ တရုတ်၊ အိန္ဒိယ၊ အမေရိကန်၊ စင်ကာပူ၊ ဘယ်လ်ဂျီယံ၊ ထိုင်း၊ တောင်ကိုရီးယားနှင့် ဟောင်ကောင်နိုင်ငံများသို့ စီးပွားရေးသံမှူးများအဖြစ် ခန့်အပ်စေလွှတ်ခဲ့ပါကြောင်း၊ ဒုတိယအသုတ် စီးပွားရေးသံမှူးများအား ထပ်မံစေလွှတ် ခန့်ထားရန်အတွက် နိုင်ငံခြားစီးပွားဆက်သွယ်ရေး မွမ်းမံသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရှာဖွေရေး ၊ မိမိနိုင်ငံအတွက် ပို့ကုန်များ အပြည်ပြည်ဆိုင်ရာဈေးကွက်တွင် နေရာရယူစေရေး၊ မိမိနိုင်ငံအတွက် လိုအပ်သည့်သွင်းကုန်များကို ဈေးနှုန်းချိုသာစွာ ရရှိစေရေးအတွက် ဇာစ်မြစ်များရှာဖွေရေး၊ GSP ခံစားရရှိနိုင်ရေး၊ ဖွံ့ဖြိုးမှုနိမ့်ကျသည့်နိုင်ငံအဖြစ်မှ လွတ်မြောက်ရေး၊ နိုင်ငံခြားအကူအညီ အထောက်အပံ့များ၊ ချေးငွေများနှင့် သက်ဆိုင်သည့် စီမံချက် ညှိနှိုင်းရေးကိစ္စရပ်များနှင့် လိုအပ်သည့် စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များ၊ အဆက်အသွယ်များ ရှာဖွေရယူနိုင်ရေးတို့အတွက် စီးပွားရေးသံမှူး မွမ်းမံသင်တန်းကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ပါကြောင်း။

ယခုသင်တန်းများ ဖွင့်လှစ်ခြင်းအားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့အတွက် များစွာ အထောက်အကူပြုစေပါကြောင်း၊ အကူအညီများ၏ရလဒ်များကို ပိုမိုတိုးတက်ကောင်းမွန်စေခြင်းဖြင့် နိုင်ငံခြားအကူအညီ အထောက်အပံ့များလည်း ပိုမိုတိုးတက်ရရှိနိုင်မည် ဖြစ်ပါကြောင်း၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ရှိသည်နှင့်အညီ နိုင်ငံခြားအကူအညီ အထောက်အပံ့များ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုဆွဲဆောင်ရန်၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ (Foreign Direct Investment) ပိုမိုစီးဝင်စေရန်၊ လူနေမှုဘဝအရည်အသွေး တိုးတက်စေရန်၊ လူသားဖွံ့ဖြိုးမှု (Human Development) ကို ဖြစ်ပေါ်စေရန် ဆောင်ရွက်ရာတွင် စီးပွားရေးသံမှူးများ၏ အခန်းကဏ္ဍသည် အလွန်အရေးပါကြောင်း။

စီးပွားရေးသံမှူးများသည် နိုင်ငံ၏ ရှေ့တန်းစီးပွားရေးမျက်နှာစာတွင် တည်ရှိနေပြီး ပြည်ပဌာနများ၊ စီးပွားရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ မိမိနိုင်ငံအတွင်း အကောင်အထည်ဖော်ဆောင်နေသည့် ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကစီးပွားရေး အဆက်အသွယ်များ၊ စီးပွားရေးဆိုင်ရာသတင်းအချက်အလက်နှင့် အခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလေ့လာတင်ပြပေးနေရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနအသီးသီးမှ သင်တန်းသား သင်တန်းသူများအနေဖြင့် အခြေခံ နိုင်ငံခြားစီးပွားဆက်သွယ်ရေး သင်တန်းအတွက် လိုအပ်သည့် ဘာသာရပ်များကို ကြိုးပမ်းလေ့လာကြရန် လိုအပ်ပါကြောင်း၊ သင်ကြားလေ့ကျင့်မှုများကို စနစ်တကျ ကြိုးပမ်းသင်ယူလေ့လာကြရန် တိုက်တွန်းပြောကြားသည်။

သင်တန်းတွင် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သည့် ဌာနဆိုင်ရာအရာရှိကြီးများ၊ အငြိမ်းစားသံအမတ်ကြီးများက ပို့ချမည်ဖြစ်ပြီး အဆိုပါ မွမ်းမံသင်တန်းသို့ ဝန်ကြီးဌာနများမှ သင်တန်းသား သင်တန်းသူ၊ အရာထမ်း ၃၀ ဦး တက်ရောက်မည်ဖြစ်ကာ သင်တန်းကာလမှာ မတ် ၁၁ ရက်မှ ၂၅ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❍ *ကျောဖုံးမှ*

ပြုဆင်းသွားခဲ့ပြီး ၁၅၊ ၁၉၊၂၀၊ ၂၆ မိနစ်များတွင် ခင်မိုးဝေ၊ ၂၂၊၂၇ မိနစ်တွင် ဝင်းသီရိထွန်းနှင့် ၃၉ မိနစ်တွင် နော်အားလိုဝါးဖောတို့က သွင်းယူပေးခဲ့ကာ ကျန်တစ်ဂိုးမှာ ၁၈ မိနစ်တွင် သီရိလင်္ကာနောက်ခံလူ ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်း ဖြစ်သည်။

ဒုတိယပိုင်းတွင်လည်း မြန်မာအသင်းက ပွဲကို စိုးမိုးနိုင်ခဲ့ပြီး ၄၇၊ ၅၀ မိနစ်တွင် ရီရီဦး၊ ၄၉၊ ၇၆၊ ၉၁ မိနစ်တွင် ဝင်းသီရိထွန်းတို့က သွင်းယူပေးခဲ့သည်။ မြန်မာအသင်းမှာ နောက်ဆုံးပွဲအဖြစ် မတ် ၁၅ ရက်တွင် အိန္ဒိယအသင်းနှင့် ကစားရမည်ဖြစ်သည်။ ခြေစစ်ပွဲ ဒုတိယပွဲအဖြစ် မတ် ၁၃ ရက်တွင် အိန္ဒိယနှင့် သီရိလင်္ကာအသင်းတို့ ကစားကြမည်ဖြစ်သည်။

# နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားလိုသူများ ဧပြီလ ၃၀ ရက် နောက်ဆုံးထားလျှောက်ထားကြရန် အသိပေးကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**
**သတင်းထုတ်ပြန်ချက်**
**၂၀၁၅ ခုနှစ်၊ မတ်လ ၁၁ ရက်**

၁။ နိုင်ငံရေးပါတီတစ်ရပ် တည်ထောင်လိုသူ အနည်းဆုံး (၁၅) ဦးမှ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃(က)နှင့်အညီ ပါတီတည်ထောင်ခွင့်များ လျှောက်ထားလာမှုအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီစိစစ်၍ မှတ်ပုံတင်ခွင့်ပြုလျက်ရှိပါသည်။

၂။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများကို အောက်တိုဘာလကုန်၊ နိုဝင်ဘာလဆန်းတွင် ကျင်းပတော့မည်ဖြစ်ရာ အချိန်ကာလ (၇)လကျော်သာ ကျန်ရှိပါသည်။ နိုင်ငံရေးပါတီတည်ထောင်ခြင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများအား ရွေးကောက်ပွဲအမီ ဆောင်ရွက်နိုင်ရန်နှင့် ပါတီများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်း/မဲဆွယ်စည်းရုံးခြင်းဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရန်အတွက် အချိန်ရရှိစေရန်အလို့ငှာ နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားလိုသူများသည် ၂၀၁၅ ခုနှစ် ဧပြီလ ၃၀ ရက် နောက်ဆုံးထား၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့လျှောက်ထားကြရန် အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

နိုင်ငံတကာသတင်း



# ကိုလံဘီယာ ဖာ့စ်သူပုန်တိုက်ခိုက်မှု ယာယီရပ်ဆိုင်း

**ကိုလံဘီယာ မတ် ၁၁**

ကိုလံဘီယာအစိုးရအနေဖြင့် ဖာ့စ်သူပုန်များအား ဗုံးကြဲတိုက်ခိုက်နေမှုကို တစ်လကြာ ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း၊ ယင်းမှာ ငြိမ်းချမ်းရေးတိုးတက်လာသည့် လက္ခဏာကြောင့်ဖြစ်ကြောင်း သမ္မတဆန်တို့စ်က ပြောကြားသည်။

ယင်းဗုံးကြဲတိုက်ခိုက်ရေးရပ်စဲမှုသည် ဖာ့စ်သူပုန်အဖွဲ့က တစ်ဖက်သတ်အပစ်ရပ်ရန် ကြေညာခဲ့ခြင်းကို အသိအမှတ်ပြုလိုက်ခြင်းဖြစ်ကြောင်း မစ္စတာဆန်တို့စ်က ပြောသည်။

သို့ရာတွင် အခြားအမျိုးသားလွတ်မြောက်ရေးတပ် ပြောက်ကျားအုပ်စုကိုမူ ဆက်လက်ချေမှုန်းသွားမည်ဟု ဆိုသည်။ ကိုလံဘီယာအစိုးရနှင့် ဖာ့စ်သူပုန်တို့သည် ကျူးဘားနိုင်ငံ၌ ငြိမ်းချမ်းရေးဆွေးနွေးပွဲများကျင်းပလျက်ရှိသည်။ ဒီဇင်ဘာ ၁၈ ရက်က ဖာ့စ်သူပုန်အဖွဲ့က တစ်ဖက်သတ်အပစ်ရပ်ရန် ကြေညာခဲ့သည်။ သို့သော်လည်း မိမိတို့အနေဖြင့် အသိအမှတ်ပြုပါကြောင်း မစ္စတာဆန်တို့စ်က ရုပ်မြင်သံကြားမှတစ်ဆင့် ပြောသည်။ **(ဘီဘီစီ)**

## ဝန်ကြီးဟောင်း မန်မိုဟန်ဆင်းကို ကျောက်မီးသွေးကိစ္စဖြင့် အိန္ဒိယတရားရုံးက ဆင့်ခေါ်

**နယူးဒေလီ မတ် ၁၁**

အိန္ဒိယနိုင်ငံ၏ဝန်ကြီးချုပ်ဟောင်း မန်မိုဟန်ဆင်းကို ဒေါ်လာဘီလီယံများစွာ ကွာဟနေသော ကျောက်မီးသွေးကိစ္စနှင့်ပတ်သက်ပြီး အိန္ဒိယတရားရုံးချုပ်က ဆင့်ခေါ်ခဲ့သည်။

မန်မိုဟန်ဆင်းအား ကျောက်မီးသွေးကိစ္စ၌ ဝန်ထမ်းများ၏ယုံကြည်မှုကို အလွဲသုံးစားပြုလုပ်မှု၊ ပူးပေါင်းကြံစည်မှုနှင့် အကျင့်ပျက်ခြစားမှုတို့ဖြင့် တရားစွဲဆိုထားပြီး ၎င်းနှင့်အတူ အခြားငါးဦးကို ဧပြီ ၈ ရက် မတိုင်မီ ရုံးတော်ရှေ့မှောက်လာရောက်ရန် ဆင့်ခေါ်ထားသည်ဟု ဆိုသည်။

ပုဂ္ဂလိကအဖွဲ့အစည်းများထံ လေလံတင်ရောင်းချမှုမရှိဘဲ ကျန်ရှိနေသော ကျောက်မီးသွေးထွက်မြေများ ပါဝင်နေသည့် အဆိုပါအမှု၌ မန်မိုဟန်ဆင်းအနေဖြင့် ကျောက်မီးသွေးတွင်းဝန်ကြီးဌာန၏ တရားစွဲဆိုမှုကိုပါ ရင်ဆိုင်နေရသည်။ စာရင်းစစ်တစ်ဦးက အဆိုပါလိမ်လည်မှုကို ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။

ကျောက်မီးသွေးကုမ္ပဏီက အမှားတစ်စုံတစ်ရာမရှိဟု ငြင်းဆိုခဲ့သည့် ၂၀၁၃ ခုနှစ် ထုတ်ပြန်ချက်က မန်မိုဟန်ဆင်းကို အကာအကွယ်တစ်ခုဖြစ်စေခဲ့သည်။ **(ဆင်ဟွာ)**

## ကရာချိရှိပါတီဌာနချုပ်တပ်ဖွဲ့ဝင်များ ဝင်ရောက်စီးနင်း

**ကရာချိ မတ် ၁၁**

ပါကစ္စတန်တပ်ဖွဲ့ဝင်များက ကရာချိမြို့ရှိ အကြီးဆုံးနိုင်ငံရေးပါတီဖြစ်သည့် MQM ဌာနချုပ်ကို စီးနင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။

တပ်ဖွဲ့ဝင်များက လက်နက်အင်အားအသုံးပြုပြီး နံနက်အရုဏ်တက်ချိန်တွင် ရာဇဝတ်မှုဆိုင်ရာမှုခင်းများအတွက် အလိုရှိသူများကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း ပါကစ္စတန်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးတာဟာက ပြောသည်။

အဆိုပါစီးနင်းမှုသည် သတင်းအချက်အလက် ရှာဖွေစစ်ဆေးခြင်းဖြစ်သည်ဟု ၎င်းကဆိုသော်လည်း MQM ပါတီဝင်များက ယင်းရှာဖွေဖမ်းဆီးမှုအပေါ် နိုင်ငံတစ်ဝန်းဆန္ဒပြရန် ဆော်ဩထားသည်။

ပါတီထောက်ခံသူများနှင့် ပါတီတက်ကြွလှုပ်ရှားသူများက ရုံးချုပ်အပြင်ဘက်၌ စုရုံးခဲ့ကြသည်။ ဝင်ရောက်စီးနင်းစဉ်အတွင်း ပါတီဝါရင့်ခေါင်းဆောင် အမီယာခမ်းအပါအဝင် ခေါင်းဆောင်အများအပြား ဖမ်းဆီးခြင်းခံခဲ့ရကြောင်း MQM ထိပ်တန်း တာဝန်ရှိသူ ဖာရုဆက်တာက ပါကစ္စတန် မီဒီယာသို့ ပြောသည်။ **(ဘီဘီစီ)**

# ဆက်လက်ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခကြောင့် ဆီးရီးယားပြည်သူများ ဒုက္ခရောက်



ဆီးရီးယားပဋိပက္ခကြောင့် ရွှေ့ပြောင်းနေထိုင်ရသည့် မိသားစုတစ်စုကို တွေ့ရစဉ်။

**ဒမတ်စကတ် မတ် ၁၁**

ဆီးရီးယား၌ ဆက်လက်ဖြစ်ပွားနေသော အကျပ်အတည်းများသည် အာရပ်ကမ္ဘာတွင်နေထိုင်သော ပြည်သူများ၏ လူမှုစီးပွားဘဝကို အကြီးအကျယ် ထိခိုက်စေကြောင်း ကုလသမဂ္ဂ အစီရင်ခံစာတစ်ခုတွင် ဖော်ပြထားသည်။

အခက်အခဲ အကျပ်အတည်းများက ဆီးရီးယားလူမျိုးများ၏ မျှော်လင့်ချက်ရောင်ခြည်ကို ရိုက်ချိုးလိုက်ပြီး လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာကို လေးစားမှုနှင့် လူသားတို့၏ ဘေးကင်းလုံခြုံမှုကို ပြန်လည်ထိန်းသိမ်းနိုင်မည့် အဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်နိုင်ရန် လိုအပ်သော စိတ်ဓာတ်နှင့် စွမ်းရည်ကို ဖြိုချလိုက်သည်ဟု ဆိုသည်။ လက်နက်ကိုင် ပဋိပက္ခကြောင့်ဆီးရီးယားနိုင်ငံ၏ မြို့တော်ကို ပြိုကွဲစေပြီး နိုင်ငံ၏ကြွယ်ဝချမ်းသာမှုကိုလည်း ထိခိုက်စေကြောင်း အဆိုပါအစီရင်ခံစာ၌ ဖော်ပြထားသည်။

အဆိုပါ နိုင်ငံ၌ ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခကြောင့် နိုင်ငံလူဦးရေ၏ ၁၅ ရာခိုင်နှုန်း လျော့နည်းသွားခဲ့သည်။

ကျန်ရှိနေသော လူဦးရေ၏ ၆ ဒသမ ၈ သန်းသည် ရွှေ့ပြောင်းနေထိုင်ကြသူများဖြစ်ကြသည်။ လူဦးရေ၏ ၁၀ သန်းကျော်မှာ နေအိမ်မှ စွန့်ခွာခဲ့ကြသူများဖြစ်ကာ လူ ၂၁၀၀၀၀ မှာ အသက်ဆုံးရှုံးခဲ့ရသည်။ ထို့ပြင် လူဦးရေ ၈၄၀၀၀၀ မှာ နိုင်ငံတွင်း ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခကြောင့် ဒဏ်ရာရရှိနေကြသည်။

ကြောက်မက်ဖွယ် ပဋိပက္ခ၏ လွှမ်းမိုးမှုကြောင့် လူတို့၏သက်တမ်းမှာ ခရစ်နှစ် ၂၀၁၀ ၌ ၇၅ ဒသမ ၉ နှစ်မှ ခရစ်နှစ် ၂၀၁၄ ခုနှစ်၌ ၅၅ ဒသမ ၇ နှစ်သို့ ကျဆင်းသွားခဲ့သည်။ တစ်နည်းဆိုရသော် ဆီးရီးယားပြည်သူများ၏ သက်တမ်းသည် ပို၍တိုသွားသည့်အပြင် စီးပွားရေးလည်း ကျဆင်းသွားကြောင်း အစီရင်ခံစာက ဖော်ပြထားသည်။

ဆီးရီးယားရှိပြည်သူများမှာ ယခုအခါတွင် ချုပ်ချယ်ခံရပြီး နိုင်ငံမှာ ချွတ်ခြုံကျနေကြောင်း သိရသည်။ **(ပရက်စ်တီဗွီ)**

## အိုင်အက်စ်အဖွဲ့ဝင်ကလေးငယ်တစ်ဦးက အစ္စရေးစပိုင်ကို သတ်ဖြတ်သည့် ရုပ်သံဖိုင်ပေါ်ထွက်

**ဂျေရုဆလင် မတ် ၁၁**

မော့စ်ဆက်(ဒ်) အဖွဲ့အတွက် အလုပ်လုပ်ကိုင်ပေးနေသူဟုဆိုသည့် အစ္စရေးအမျိုးသားတစ်ဦးကို စစ်သွေးကြွလူငယ်တစ်ဦးက သတ်ဖြတ်သည့် ဗီဒီယိုဖိုင်ကို အိုင်အက်စ်အကြမ်းဖက်အုပ်စုက ပြသခဲ့သည်။

၁၃မိနစ်ကြာ ရုပ်သံဖိုင်ကို ယင်းအကြမ်းဖက်အဖွဲ့က အင်္ဂါနေ့က ပြသခဲ့ခြင်းဖြစ်သည်။ အသတ်ခံရသူမှာ အသက် ၁၉ နှစ်အရွယ်ရှိ မိုဟာမက်မူဆယ်လမ်ဖြစ်ပြီး ၎င်းကို အစ္စရေးထောက်လှမ်းရေးအဖွဲ့က စည်းရုံးသိမ်းသွင်းအသုံးပြုခဲ့ကြောင်း ရုပ်သံဖိုင်တွင် စွပ်စွဲပြောဆိုထားသည်။

ရုပ်သံဖိုင်တွင် စစ်သွေးကြွနှစ်ဦးကို ဖော်ပြထားပြီး တစ်ဦးမှာ ကလေးတစ်ယောက်ဖြစ်ကာ အစ္စရေးအမျိုးသား၏နောက်တွင် မတ်တတ်ရပ်နေသည့်ပုံကို ဖော်ပြထားသည်။ စစ်သွေးကြွကလေးငယ်သည် ပစ္စတိုကိုအသုံးပြုပြီး ဓားစာခံနဖူးကို ချိန်ရွယ်ကာ ပစ်ခတ်ခဲ့သည်။

အသတ်ခံရသူ၏ဖခင်က ၎င်း၏သား အိုင်အက်စ်အဖွဲ့သို့ ဝင်ရောက်ရန်အတွက် မီးသတ်ဌာနမှ အလုပ်ထွက်ခဲ့ကြောင်း ပြောခဲ့သည်။

မိုဟာမက်သည် အောက်တိုဘာ ၂၄ ရက်က ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှထွက်ခွာသွားခဲ့ခြင်းဖြစ်ပြီး ၎င်းကို အစ္စရေးမှ စေလွှတ်ခဲ့ခြင်းမဟုတ်ကြောင်း အစ္စရေးရှိ ရှင်ဘက်လုံခြုံရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူက AFP သို့ ပြောကြားသည်။

**(ပရက်စ်တီဗွီ)**



## အနောက်အုပ်စုလက်နက်ထောက်ပံ့မှုကြောင့် ယူကရိန်းပဋိပက္ခ၌ ကလေးများကိုယ်လက်အင်္ဂါချို့ယွင်း

**ကိယက်ဗ် မတ် ၁၁**

အမေရိကန်နှင့် ၎င်း၏ မဟာမိတ်တပ်ဖွဲ့များမှ ယူကရိန်းရှိ တရားဝင်အစိုးရမဟုတ်သည့် အစိုးရအဖွဲ့ကို ထောက်ပံ့ထားသည့် လက်နက်များသည် လတ်တလောပဋိပက္ခ၌ ကလေးငယ်များအား ကိုယ်လက်အင်္ဂါချို့ယွင်းမှုကို ဖြစ်စေကြောင်း အမေရိကန်တက်ကြွလှုပ်ရှားသူတစ်ဦးက ပြောသည်။

တရားဝင်အစိုးရမဟုတ်သော အစိုးရအဖွဲ့ကို အနောက်အုပ်စုမှ ထောက်ပံ့သည့် လက်နက်များကြောင့် ကိုယ်လက်အင်္ဂါ ချို့ယွင်းပျက်စီးရသည့် ကလေးငယ်များကို ဆေးရုံပေါ်တွင် တွေ့ရှိရကြောင်း ကုလသမဂ္ဂစစ်ဆန့်ကျင်ရေးမဟာမိတ်အဖွဲ့ခေါင်းဆောင် ဂျိုးလော့စ်ဘိတ်ကာက ပြောသည်။

ယူကရိန်းပဋိပက္ခတွင် ရုရှား၏ ပါဝင်ပတ်သက်မှုအပေါ် အမေရိကန်တို့ ပြစ်တင်ပြောဆိုမှုများမှာ အဓိပ္ပာယ်မရှိကြောင်းနှင့် အမေရိကန်နိုင်ငံသည် အဆိုပါဒေသ၌ ပဋိပက္ခများဖြစ်ပွားအောင် လှုံ့ဆော်မှုများ ပြုလုပ်နေကြောင်း ၎င်းက ပြောသည်။ ယူကရိန်းအရှေ့ပိုင်းရှိ ပဋိပက္ခဖြစ်ပွားသည့် နယ်မြေများသို့ မော်စကိုက လက်နက်နှင့် တပ်ဖွဲ့ဝင်များ ထောက်ပံ့ပေးခဲ့သည်ဟု ယူကရိန်းအစိုးရနှင့် အနောက်အုပ်စုက ထပ်ခါတလဲလဲ စွပ်စွဲခဲ့သည်။

**(ပရက်စ်တီဗွီ)**

တွေ့ဆုံမေးမြန်းခြင်း

# ငြိမ်းငြိမ်းချမ်းချမ်း ဖြေရှင်းစေချင်

**လက်ပံတန်းမြို့တွင် မတ်လ ၁၀ရက်နေ့က ဆန္ဒပြမှုအား ရှင်းလင်းထိန်းသိမ်းမှုနှင့်ပတ်သက်၍ စကိုင်းနက် (Up to Date) ရုပ်သံလိုင်းက ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်အား တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းခဲ့မှုကို ပြန်လည်တင်ပြလိုက်ပါသည်။**



ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်

**မေး။ ။ ဝန်ကြီးခင်ဗျ။ ဒီမနက် လက်ပံတန်းမှာ ဖြစ်ပွားခဲ့တဲ့ ကျောင်းသားများနဲ့ ရဲတပ်ဖွဲ့ဝင်တချို့ ပဋိပက္ခအဆုံးသတ်ဖို့ နှိမ်နင်းမှုအပေါ်မှာ ပြောဆိုဝေဖန်နေကြတာတွေ ရှိပါတယ်ခင်ဗျ။ အဲဒီအပေါ်မှာ ဝန်ကြီးအနေနဲ့ ဘယ်လိုများ သဘောထားပေးချင်ပါသလဲခင်ဗျ။**

ဖြေ။ ပထမဆုံးကျွန်တော် အလေးအနက်ထားပြီး ပြောချင်တာကတော့ ကျွန်တော်တို့ နိုင်ငံတော်အစိုးရအနေနဲ့ ကျောင်းသားတွေ အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်ချင်တယ်လို့ ဆန္ဒဖော်ထုတ်ကတည်းက ဒီလိုအဖြစ်မျိုးကို ရှောင်လွှဲနိုင်ဖို့အတွက် အကြိမ်ကြိမ်ကြိုးစားခဲ့ပါတယ်။ နောက်ဆုံး ဒီနေ့မနက်မှာတော့ ကျွန်တော်တို့ အေးအေးချမ်းချမ်း ဆွေးနွေးစေဖို့ ပြောကြားတဲ့ကြားထဲကနေ ရန်ကုန်အထိ ချီတက်ဖို့အတွက် ရဲတပ်ဖွဲ့တွေကို အတင်းဝင်ရောက် တိုက်ခိုက်ဖောက်ထွက်ဖို့ ကြိုးစားတဲ့အတွက်ကြောင့် နောက်ဆုံးအနေနဲ့ ကျွန်တော်တို့ ဥပဒေနဲ့အညီ ကိုင်တွယ်ဖြေရှင်းပြီး လူစုခွဲခဲ့တာဖြစ်ပါတယ်။ ဒါကတော့ တကယ်တော့ မလုပ်ချင်ဆုံးအလုပ်ကို လုပ်ခဲ့ရတာပါ။ ဒီအခြေအနေရောက်အောင် တွန်းပို့ခဲ့လို့ပဲ ဆောင်ရွက်ရတာဖြစ်ပါတယ်။

**မေး။ ။ အဲဒီတော့ မလုပ်ချင်ဆုံးအလုပ်ကို ဝန်ကြီးတို့ လုပ်ခဲ့ရတယ်ဆိုတော့ ဒီကြားထဲမှာကျွန်တော်တို့က အခြေအနေအေးအေးချမ်းချမ်းနဲ့ ဖြစ်သွားအောင် အစိုးရဘက်က ဆောင်ရွက်ခဲ့မှုတွေဟာ တကယ်ကို ကျေကျေနပ်နပ်ဖြစ်အောင် ဆောင်ရွက်တယ်လို့ ဝန်ကြီးက ဆိုလိုချင်တာလားခင်ဗျာ။**

ဖြေ။ မှန်ပါတယ်။ ကျွန်တော်တို့က ဒီမိုကရေစီနိုင်ငံ ဖြစ်နေပြီဆိုတော့ ဥပဒေအသစ် တစ်ခုကိုပြင်ချင်ရင် လွှတ်တော်မှာပဲတင်ရမယ်လေ။ အဲဒီတော့ လွှတ်တော်မှာ ပြင်ဆင်ဖို့အတွက် ကျွန်တော်တို့က ဥပဒေကြမ်းကို တင်ပေးလိုက်တယ် သူတို့ရေးတဲ့ ဥပဒေကြမ်းပါပဲ။ လွှတ်တော်ကလည်း သူတို့ကိုလာပြီးတော့ ဆွေးနွေးဖို့ ဖိတ်ခေါ်နေပါတယ်။ ဒီမိုကရေစီနည်းအရ လုပ်မယ်ဆိုရင် ကိုယ့်ရဲ့အယူအဆကို လွှတ်တော်ကိုယ်စားလှယ်များ လက်ခံလာအောင် သွားရောက်စည်းရုံး၊ ဆွဲဆောင်၊ သိမ်းသွင်းပြောကြားဖို့ပဲရှိပါတယ်။ ဒီလမ်းကြောင်းကို မရွေးဘဲနဲ့ တမင်သက်သက် ရန်ကုန်မြို့ကို မရောက်ရောက်အောင်သွားမယ်ဆိုတဲ့လမ်းကြောင်းဟာ ဒီလို ပဋိပက္ခတွေကိုဖြစ်အောင် သူတို့ရဲ့ဆောင်ရွက်ချက်ပဲ ဖြစ်ပါတယ်။

**မေး။ ။ ဝန်ကြီးခုနက ပြောဆိုသွားတဲ့အထဲမှာ တရားဥပဒေနဲ့အညီ ဆောင်ရွက်ခဲ့ရတယ်လို့ သုံးနှုန်းသွားပါတယ်။ ကျွန်တော့်အနေနဲ့ တရားဥပဒေနဲ့အညီ ဆောင်ရွက်ခဲ့တယ်ဆိုတဲ့အပေါ်မှာ အသေးစိတ်လေး ရှင်းပြစေချင်ပါတယ်ခင်ဗျ။ ဒီလိုမျိုး ဆောင်ရွက်မှုဟာ တရားဥပဒေနဲ့ ဘယ်လိုမျိုး ညီညီညွတ်ညွတ်ဆောင်ရွက်တယ်ဆိုတဲ့ အပိုင်းပါလဲခင်ဗျ။**

ဖြေ။ ပထမတစ်ခုကတော့နိုင်ငံတကာမှာလိုပဲ Police Line လို့ခေါ်တဲ့ ရဲတပ်ဖွဲ့ရဲ့ အတားအဆီးကို ချထားတယ်။ အဲဒါကိုမကျော်ဖို့အတွက် သတိပေးတယ်။ ကျော်လာတဲ့အခါမှာ ဒိုင်းတွေမသုံးဘဲနဲ့ လက်ချင်း ချိတ်ပြီးတော့ လူထုကိုတားဆီးဖို့ ကြိုးစားတယ်။ ကြိုးစားတဲ့အချိန်မှာ ကျွန်တော်တို့ အသံချဲ့စက်နဲ့ လူစုခွဲဖို့လည်း ပြောတယ်။ တုတ်တွေနဲ့ထိုးတာ၊ နောက်တစ်ခါ သံဆူးကြိုးတွေဖယ်ရှားတာ၊ တဲတွေကို ဖြိုဖျက်တာမျိုးတွေ လုပ်တဲ့အခါမှာတော့ ကျွန်တော်တို့ နောက်ဆုံးအဆင့်အနေနဲ့ အင်အားသုံးပြီး လူစုခွဲဖို့ကြိုးစားတယ်။

ဒါကြောင့် ကျွန်တော်တို့သည် ဆန္ဒပြမှုကိုစတင်ကတည်းက ပဋိပက္ခမျိုးတွေကို ရှောင်နိုင်ဖို့အတွက် အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးပြီး ဆောင်ရွက်ခဲ့တယ်။ ဒီကနေ့မှာတော့ သူတို့ကို ရန်ကုန်အထိ သွားခွင့်ပြုလိုက်မယ်ဆိုရင် ၁၀ တန်းစာမေးပွဲ

> **နိုင်ငံတော် အစိုးရအနေနဲ့ ကျောင်းသားတွေ အမျိုးသား ပညာရေးဥပဒေကို ပြင်ဆင် ချင်တယ်လို့ ဆန္ဒဖော်ထုတ် ကတည်းက ဒီလိုအဖြစ်မျိုးကို ရှောင်လွှဲနိုင်ဖို့အတွက် အကြိမ် ကြိမ် ကြိုးစားခဲ့ပါတယ်။**

ဖြေမယ့် ကျောင်းသူ ကျောင်းသားတွေ၊ တက္ကသိုလ်စာမေးပွဲဖြေမယ့်သူတွေနဲ့ ကြားကာလ နိုင်ငံရေးတည်ငြိမ်မှုကိုပါ ထိခိုက်စေတဲ့အတွက်ကြောင့် ကျွန်တော်တို့ ဥပဒေနဲ့အညီ လူစုခွဲလိုက်ခြင်းဖြစ်တယ်လို့ ကျွန်တော်ပြောတာ ဖြစ်ပါတယ်။

**မေး။ ။ နောက်တစ်ချက်ကတော့ တချို့တွေသုံးသပ်ပြောဆိုနေတာလည်းရှိပါတယ်။ အခုလို ဆောင်ရွက်တဲ့အတွက်ကြောင့် မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုကိစ္စတွေပေါ်မှာ အကျိုးသက်ရောက်မှု**

> **ပြည်ထောင်စုအစိုးရရဲ့မူကတော့ တတ်နိုင်သမျှ ပဋိပက္ခတွေ မဖြစ်ဘဲနဲ့ ငြိမ်းငြိမ်းချမ်းချမ်း ဖြေရှင်းစေချင်ပါတယ်။ ဒီလို မျိုးအဖြစ်အပျက်တွေ ဖြစ်လာတဲ့အခါမှာ ဥပဒေအရ ကိုင်တွယ် ဆောင်ရွက်ရတယ်ဆိုပေမယ့် ဒါဟာ စိတ်မချမ်းသာစရာ ကောင်းတဲ့ ကိစ္စပဲ**

**ရှိသွားမယ်လို့ ဝေဖန်သုံးသပ်မှုများရှိပါတယ်ခင်ဗျ။ အဲဒီအပေါ်မှာ ဝန်ကြီးအနေနဲ့ ဘယ်လိုများ ပြောချင်ပါသလဲခင်ဗျ။**

ဖြေ။ ကျွန်တော်ကတော့ အဲဒီလိုမထင်ပါဘူး၊ ကြည့်လိုက်မယ်ဆိုရင် မကြာခင်ကပဲ အမေရိကန်နိုင်ငံက နယူးယောက်မြို့မှာ ဝေါလ်လမ်းမကြီးကို ပိတ်ဆို့တဲ့လူတွေကို ရဲတွေက အင်အားသုံးပြီး ဖယ်ရှားခဲ့ရတာရှိတယ်။ ဖာဂူဆန်မြို့မှာ အကြမ်းဖက်လာတဲ့ လူတွေကို ရိုးရိုးအင်အားသုံးရုံတင်မကဘဲ သံချပ်ကာကားတွေပါ အသုံးပြုပြီးတော့ ဖြေရှင်းခဲ့ရတာရှိတယ်။ ဘယ်သူကမှ ဒီလိုဖြစ်စဉ်မျိုးဖြစ်တာကို အမေရိကန်နိုင်ငံရဲ့ ဒီမိုကရေစီ နောက်ကြောင်းပြန်လှည့်သွားပြီလို့မပြောပါဘူး။ ကျွန်တော်တို့ဆီမှာလည်း ဥပဒေထိန်းသိမ်းတဲ့အဖွဲ့တွေနဲ့ မလွဲမရှောင်သာလို့ ဆောင်ရွက်ခဲ့ရတာဖြစ်တယ်။ ဘာပဲပြောပြော ဒီလိုဆောင်ရွက်ခဲ့တဲ့အတွက် ၁၀တန်း စာမေးပွဲတွေ အေးချမ်းစွာ ဖြေဆိုနိုင်တယ်။ ရွေးကောက်ပွဲမတိုင်ခင် ကြားကာလ နိုင်ငံရေးတည်ငြိမ်အောင် ထိန်းသိမ်းနိုင်မယ်ဆိုရင် ကျွန်တော်တို့ အသွင်ကူးပြောင်းရေးဟာ မထိခိုက်ဘူးလို့ ကျွန်တော်ယုံကြည်တယ်။

**မေး။ ။ ဝန်ကြီးခင်ဗျာ။ ထပ်သိချင်တာကတော့ မကြာမီ ကျင်းပမယ့် ရွေးကောက်ပွဲမှာရော အခုဆောင်ရွက်မှုက အကျိုးသက်ရောက်မှု ရှိသွားနိုင်ပါသလားခင်ဗျ။**

ဖြေ။ အရေးကြီးဆုံးက ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတစွာ ကျင်းပနိုင်ဖို့၊ အဲဒီလို ကျင်းပနိုင်ဖို့ဆိုရင် နိုင်ငံရေးအားဖြင့် တည်ငြိမ်မှုရှိရမယ်။ တရားဥပဒေစိုးမိုးမှုရှိရမယ်။ လူတိုင်းလူတိုင်းဟာ မိမိတို့ရဲ့သဘောထားကွဲလွဲမှုတွေကို ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့ အညီဖြေရှင်းရမယ်။ ဒါမျိုးကိုလုပ်နိုင်ဖို့အတွက် အခုလို တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်နေရခြင်းဖြစ်တဲ့အတွက် ကျွန်တော်တို့ ဆက်လုပ်သွားမယ်ဆိုရင်တော့ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်မယ်လို့ ယုံကြည်တယ်။

**မေး။ ။ အခုလို ဆောင်ရွက်လိုက်တဲ့အတွက်ကြောင့် ကျောင်းသားတွေရဲ့ ဥပဒေအပေါ်မှာ၊ ဥပဒေကြမ်းပေါ်မှာ ဆန္ဒပြမှုအနေအထားဟာ တည်ငြိမ်အေးချမ်းသွားမယ်လို့ ဝန်ကြီးအနေနဲ့ ထင်မြင်ယူဆပါသလားခင်ဗျာ။**

ဖြေ။ နှစ်ချက်ရှိပါတယ်။ ပထမတစ်ချက်ကတော့ လွှတ်တော်မှာရောက်နေတဲ့ အမျိုးသားပညာရေး ဥပဒေကို ပြန်လည်ပြင်ဆင်တဲ့ ဥပဒေကြမ်းနဲ့ပတ်သက်လို့ လွှတ်တော်ရဲ့လုပ်ငန်းစဉ်တွေအတိုင်း ဆက်လက်ဆွေးနွေးသွားမယ်။ လွှတ်တော်က ဖိတ်ကြားထားသလိုပဲ ပြည်သူတွေအနေနဲ့ သူတို့ရဲ့အကြံ အညာဏ်တွေ ပေးပို့နိုင်ခွင့်ရှိတယ်။ ဖိတ်ကြားထားတဲ့အဖွဲ့အစည်းတွေ ကျောင်းသားတွေ အပါအဝင် လာရောက်ပြီးတော့မှ သူတို့အမြင်တွေကို ဆွေးနွေးနိုင်ခွင့်ရှိတယ်။ အဓိကကတော့ တစ်ဖက်က အဲဒီလိုလုပ်နေတဲ့အချိန်မှာ တည်ငြိမ်အေးချမ်းမှုနဲ့ ငြိမ်းချမ်းစွာပညာသင်ကြားရေးကို ထိခိုက်စေမယ့် ဆောင်ရွက်ချက်တွေရှိလာရင် ကျွန်တော်တို့ ငြိမ်းငြိမ်းချမ်းချမ်း ဖြေရှင်းနိုင်ဖို့ ကြိုးစားမယ်၊ မရလို့ရှိရင် ဥပဒေက ပေးအပ်ထားတဲ့ နည်းလမ်းအားလုံးကို သုံးပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ ။ ကျွန်တော် နောက်ထပ်သိချင်တာလေး တစ်ခုရှိပါတယ်။တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့ လိုတယ်လို့ ဝန်ကြီးကပြောနေတာရှိပါတယ်။ တည်ငြိမ်အေးချမ်းအောင် အစိုးရအနေနဲ့ ဘယ်လိုဆောင်ရွက်မယ်ဆိုတဲ့ အစီအစဉ်ရှိပါသလဲခင်ဗျာ။**

ဖြေ။ တည်ငြိမ်အေးချမ်းဖို့ဆိုတာက အစိုးရတစ်ခုတည်း ဆောင်ရွက်လို့မရဘူး။ ပါဝင်ပတ်သက်နေတဲ့အဖွဲ့အစည်းတွေအားလုံးက ပူးပေါင်းဆောင်ရွက်မှုရမယ်။ ဆိုလိုတာကတော့ ကျွန်တော်တို့နိုင်ငံမှာ အခုအချိန်မှာ ကျင့်သုံးနေတဲ့ နိုင်ငံရေးစနစ်အရ သဘောထားကွဲပြားမှုတွေရှိရင် အဲဒီသဘောထားကွဲလွဲမှုတွေကို ဖြေရှင်းနိုင်မယ့် နည်းလမ်းကောင်းတွေ ငြိမ်းချမ်းစွာဖြေရှင်းနိုင်မယ့် လမ်းကြောင်းတွေ အများကြီးရှိတယ်။ လွှတ်တော်လမ်းကြောင်း၊ နောက်တရားရုံးကပြောလို့ရတယ်။ မီဒီယာက တစ်ဆင့်ပြောလို့ရတယ်။ တိုက်ရိုက်တွေ့ဆုံဆွေးနွေးလို့ရတယ်။ ဒီလိုလမ်းကြောင်းတွေကို မရွေးဘဲနဲ့ ဆန္ဒပြတာ တစ်ခုတည်းနဲ့ပဲ အရာရာကိုဖြေရှင်းလို့ရမယ်ဆိုတဲ့ စိတ်ရှိမယ်ဆိုရင်တော့ လုပ်ရကိုင်ရတာ အခက်အခဲဖြစ်တာပေါ့။ တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေတာပေါ့။ သို့သော် ဘာပဲဖြစ်ဖြစ် နိုင်ငံတော်အစိုးရအနေနဲ့ကတော့ ဒါကို ထိန်းသိမ်းနိုင်ဖို့အတွက် တည်ဆဲဥပဒေကပေးထားတဲ့ လုပ်ပိုင်ခွင့်အားလုံး၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေက ပေးထားတဲ့လုပ်ပိုင်ခွင့် အားလုံးကိုသုံးပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အကောင်းဆုံးကတော့ ဥပဒေဘောင်ထဲကနေ ငြိမ်းငြိမ်းချမ်းချမ်း ဆွေးနွေးပြီးတော့ ပကတိအခြေအနေနဲ့အညီဆောင်ရွက်တာ ပိုပြီးတော့ အကောင်းဆုံးလို့ထင်ပါတယ်။

**မေး။ ။ အဲဒီမှာအခြေအနေကရော တည်ငြိမ်အေးချမ်းသွားပြီလား ခင်ဗျာ။**

ဖြေ။ လွန်ခဲ့တဲ့ တစ်နာရီခွဲလောက်ကရတဲ့ သတင်းကတော့ အခြေအနေက တည်တည်ငြိမ်ငြိမ်ရှိတယ်။ လူစုခွဲတဲ့အချိန်အတွင်းမှာ ဖမ်းဆီးထိန်းသိမ်းထားတဲ့ လူတချို့ကိုတော့ စိစစ်မှုတွေပြုလုပ်နေတယ်လို့ သိရပါတယ်။

**မေး။ ။ သတင်းမီဒီယာသမားတွေ အပေါ်မှာလည်း တချို့က ဝေဖန်မှုတွေရှိနေပါတယ်။ သတင်းသွားယူတဲ့ သတင်းမီဒီယာတွေကိုလည်း ရဲတပ်ဖွဲ့တချို့က ရိုက်နှက်တယ်ဆိုတာလည်း ကျွန်တော်တို့ သိရပါတယ်ခင်ဗျ။ အဲဒီအပေါ်မှာ ဝန်ကြီးအနေနဲ့ ဘယ်လိုသဘောထားပေးချင်ပါသလဲခင်ဗျ။**

ဖြေ။ နိုင်ငံတကာမှာလည်း ဒီလိုမျိုး လူစုလူဝေးနဲ့ဖြစ်တဲ့အခါမှာ၊ သတင်းယူတဲ့အခါမှာ သတင်းထောက်တွေအနေနဲ့က လိုက်နာရမယ့် အခြေခံအချက်တွေရှိပါတယ်။ (၁)သတင်းထောက်မှန်းသိသာနိုင်တဲ့ ထင်ရှားတဲ့အမှတ်အသားတွေ ချိတ်ဆွဲထားရမယ်။ (၂) လုံခြုံရေးယူထားတဲ့ အဖွဲ့အစည်းတွေရဲ့ စည်းကမ်းတွေအတိုင်း လိုက်နာဆောင်ရွက်ရမယ်။ ဥပမာဆိုပါတော့ ဖယ်ပေးပါ ဆိုတဲ့အချိန်မှာ ဖယ်ရမှာပေါ့။ ဒီအုပ်စုနှစ်စုကြားထဲမှာ ဝင်လာတာမျိုးမလုပ်ရဘူးပေါ့။ ဒီလိုဟာမျိုးတွေလုပ်မယ်ဆိုရင်တော့ ကျွန်တော်ထင်တယ် ဘာမှ ပြဿနာမရှိပါဘူး။ အခုဟာက သတင်းထောက်မှန်း ထင်ရှားတဲ့အမှတ်အသားမရှိဘဲ ကင်မရာကိုင်ထားတဲ့ လူတွေအားလုံးက သတင်းထောက်လို့ပြောနေတဲ့အခါမျိုးမှာတော့ ရဲတပ်ဖွဲ့တွေအနေနဲ့ ခေါ်ယူထိန်းသိမ်းရတာမျိုးတွေရှိနိုင်ပါတယ်။ သို့သော် ဘာပဲပြောပြော သတင်းထောက်ဖြစ်ကြောင်း အထောက်အထား ပြန်ပြနိုင်မယ်ဆိုရင်တော့ အဲဒီလူတွေအားလုံးကို ပြန်လွှတ်ပေးမှာပါ။

**မေး။ ။ ဝန်ကြီးအနေနဲ့ အခုဆောင်ရွက်ခဲ့မှုတွေအပေါ်မှာ ဘယ်လိုသဘောထား မှတ်ချက်များ ပေးလိုပါသလဲခင်ဗျ။ ဘာများပြောကြားစရာများ ရှိပါသေးသလဲခင်ဗျာ။**

ဖြေ။ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရရဲ့မူကတော့ တတ်နိုင်သမျှပဋိပက္ခတွေမဖြစ်ဘဲနဲ့ ငြိမ်းငြိမ်းချမ်းချမ်းဖြေရှင်းစေချင်ပါတယ်။ ဒီလိုမျိုး အဖြစ်အပျက်တွေ ဖြစ်လာတဲ့အခါမှာ ဥပဒေအရ ကိုင်တွယ်ဆောင်ရွက်ရတယ်ဆိုပေမယ့် ဒါဟာ စိတ်မချမ်းသာစရာကောင်းတဲ့ကိစ္စပဲ သို့သော် တစ်ဖက်ကလည်း မိမိတို့လိုချင်တဲ့ဟာတွေအားလုံးကို ဥပဒေလမ်းကြောင်းနဲ့ လွှတ်တော်လမ်းကြောင်းတွေမှာ အခွင့်အရေးတွေရှိရဲ့သားနဲ့ လမ်းပေါ်ထွက်ပြီးတော့ တိုက်ပွဲဝင်မယ်ဆိုတဲ့ စိတ်ဓာတ်အယူအဆမျိုးကိုလည်း စွန့်လွှတ်သင့်ပြီလို့ ကျွန်တော်ထင်ပါတယ်။ ဒါကိုပဲ ကျွန်တော် ထပ်ပြီးတော့ပြောချင်ပါတယ်။

> **မိမိတို့ လိုချင်တဲ့ဟာတွေ အားလုံးကို ဥပဒေလမ်း ကြောင်းနဲ့ လွှတ်တော် လမ်းကြောင်းတွေမှာ အခွင့် အရေးတွေ ရှိရဲ့သားနဲ့ လမ်းပေါ် ထွက်ပြီးတော့ တိုက်ပွဲ ဝင်မယ်ဆိုတဲ့ စိတ်ဓာတ် အယူအဆမျိုး ကိုလည်း စွန့်လွှတ်သင့်ပြီ**

မြန်မာ့သတင်းစဉ်

ဥပဒေရေးရာ

***National Network for Education Reform (NNER)*** *နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညီညီသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူ့ဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင်ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။*

# မြန်မာ့ပညာရေးကို ဘယ်ပုံဘယ်နည်း ဖော်ဆောင်ကြမှာလဲ

**ဆွေမွန်**

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းနဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ **ပုဒ်မ ၃၄၊ ပုဒ်မခွဲ(ည)ကို ဖြည့်စွက်လိုက်တဲ့အပိုင်းရယ်၊ မူလအမျိုးသားပညာရေးဥပဒေပါ ပုဒ်မ ၆၈၊ ပုဒ်မခွဲ(ခ)ကို ပယ်ဖျက်လိုက်တဲ့အပိုင်းရယ်** အဲဒီအပိုင်းတွေ အပါအဝင် ဆက်စပ်ပတ်သက်တဲ့အချက်တွေကို အဓိကထားပြီး ပါဝင်ဆွေးနွေးအကြံပြုချင်ပါတယ်။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းပုဒ်မ ၃၄၊ ပုဒ်မခွဲ(ည)မှာ **အခြားဘာသာရေးအဖွဲ့အစည်းများမှ ဖွင့်လှစ်ထားသော ပညာရေးကျောင်းများ**ဆိုပြီး အသစ်ဖြည့်စွက်ထားတာ တွေ့ရပါတယ်။

ပြီးတော့ မူလအမျိုးသားပညာရေးဥပဒေပုဒ်မ ၆၈၊ ပုဒ်မခွဲ(ခ)မှာ **ပြည်တွင်းရှိ လူမှုရေး၊ ဘာသာရေး အသင်းအဖွဲ့များက ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ဈ)တွင် အကျုံးဝင်သော ကျောင်းများကို ဖွင့်လှစ်လိုလျှင် ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့က ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်**လို့ ပြဋ္ဌာန်းထားတာကို ဥပဒေကြမ်းမှာ ပယ်ဖျက်သည်ဆိုပြီး လုပ်ထားပါတယ်။ တကယ်တော့ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ည)ကို ထပ်မံဖြည့်စွက်ချင်လို့ ပုဒ်မ ၆၈၊ ပုဒ်မခွဲ (ခ)ကို ပယ်ဖျက်တာလည်း ဖြစ်ပါတယ်။

အဲဒါနဲ့ပတ်သက်ပြီး အကြီးအကျယ်ဝေဖန်ရှုတ်ချမှုတွေ၊ အခုလိုရေးဆွဲရခြင်းမှာ ဘယ်သူတွေ နောက်ကွယ်မှာ ရှိနေနိုင်တယ်လို့စွပ်စွဲမှုတွေ ဖြစ်လာတော့ ဥပဒေကြမ်းရေးဆွဲရာမှာပါဝင်တဲ့ ကျောင်းသားတစ်ယောက်က ဒါဆိုရင် ဘကကျောင်းတွေလည်း ဖျက်သိမ်းရမယ်ဆိုတာမျိုး ပြန်လည်တုံ့ပြန်လာတာကိုလည်း တွေ့ရပြန်ပါတယ်။

အဲဒီနောက်မှာ ဦးဆောင်နေတဲ့အဖွဲ့က တစ်ခါပြန်ပြီး **"ခရစ်ယာန်ကျောင်းတွေက ထောက်ပြတောင်းဆိုလာလို့ အခြားသော ဘာသာရေးအဖွဲ့အစည်းတွေကဖွင့်တဲ့ သင်ရိုးညွှန်းတမ်းအတိုင်းသင်တဲ့ စာသင်ကျောင်းတွေကို ဖွင့်ခွင့်ပေးရမယ်ဆိုပြီး ထည့်သွင်းခဲ့တာ"**လို့ ပြန်လည်ရှင်းလင်းကြပြန်တယ်။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေဖွင့်သလို ခရစ်ယာန်ကျောင်းတွေ၊ ဗလီတွေကလည်း အတန်းပညာသင်တဲ့ ကျောင်းတွေဖွင့်ချင်ရင် လွတ်လွတ်လပ်လပ်ဖွင့်ခွင့်ပေးရမယ်၊ ဒီလိုမှ ဖွင့်ခွင့်မပြုနိုင်ဘူးဆိုရင် ဘကကျောင်းတွေလည်း ပိတ်လိုက်ပေါ့လို့ ကြေးတိုင်းပြီးဆိုလာကြခြင်း ဖြစ်ပါတယ်။

သူတို့မြင်ချင်သလို လုပ်ပေးလိုက်ရင် ဘာဖြစ်မလဲ။ ဒါကို ရိုးရိုးလေးတွေးရင် အဖြေပေါ်ပါတယ်။ ကမ္ဘာ့နိုင်ငံတွေမှာ ဖြစ်ပျက်ခဲ့တာ၊ ပတ်ဝန်းကျင်နိုင်ငံတွေမှာ ဖြစ်ပျက်ခဲ့တာ၊ ဗုဒ္ဓဘာသာကွယ်ပျောက်သွားတဲ့ နိုင်ငံတွေမှာ ဖြစ်ပျက်ခဲ့တဲ့ သမိုင်းဖြစ်ရပ်တွေကို လေ့လာကြည့်ရင် မြင်နိုင်ပါတယ်။

> **သူတို့ရဲ့ ရေ၊ မြေ၊ ယဉ်ကျေးမှု၊ ဘာသာတရားတွေနဲ့ မိမိနိုင်ငံ၊ မိမိလူမျိုးရဲ့ ယဉ်ကျေးမှု၊ ဓလေ့စရိုက်၊ ရှေးထုံးတမ်းစဉ်လာ၊ ဘာသာရေးအခြေအနေတွေကို သင့်လျော်ကိုက်ညီအောင်၊ မျှတအောင် စဉ်းစားပြီးမှ ရေးဆွဲခြင်းကသာ အကောင်းဆုံးဖြစ်မှာပါလို့ ဆွေးနွေးအကြံပြု**

ခေတ်ကြီးက ပြောင်းလဲသွားပြီလို့ပဲဆိုဆို၊ ကမ္ဘာ့ရွာလို့ပဲ ခေါ်ခေါ်၊ အမေရိကမှာ ဘယ်လို၊ ဥရောပမှာ ဘယ်သို့ဆိုဆို သူများတွေနဲ့ သွားယှဉ်လို့လည်း မရပါဘူး။ **နှစ်ပေါင်းထောင်ချီတည်တံ့လာတဲ့ ယဉ်ကျေးမှု၊ ဘာသာရေးဓလေ့ထုံးစံများကို အရှည်ဆက်လက်တည်တံ့ဖို့ဆိုရင် မြန်မာဟာ မြန်မာပုံစံပဲရှိဖို့ လိုပါတယ်။** ဒါက အစွန်းရောက်တဲ့စိတ်ဓာတ်၊ အတွေးအခေါ်လိုမျိုး မဟုတ်ပါဘူး။ ကိုယ့်နိုင်ငံ၊ ကိုယ့်ရေ၊ ကိုယ့်မြေအနေအထားအရ ထည့်သွင်းစဉ်းစားရမယ့် အခြေခံအချက်ကို ဆိုလိုခြင်း ဖြစ်ပါတယ်။

အမျိုးသားသင်ရိုးညွှန်းတမ်း ရေးဆွဲရေးနဲ့ ပတ်သက်လို့ ဒီဥပဒေကြမ်းမှာ ထည့်သွင်းရေးဆွဲထားတာတွေကို ထောက်ပြကြတာအများအပြားလည်း တွေ့ကြမှာပါ။ **အမျိုးသားသင်ရိုးညွှန်းတမ်းစံကိုအခြေခံပြီး ဒေသအလိုက်၊ ကျောင်းအလိုက် လွတ်လပ်စွာ ဖွံ့ဖြိုးဆောင်ရွက်နိုင်ခွင့်ရှိရမည်လို့ဆိုထားတော့** ဝေဖန်ဆွေးနွေးကြသူတွေက **"အဲဒီဥပဒေကို ရေးဆွဲတဲ့သူတွေက မြန်မာနိုင်ငံက အခြေခံကျောင်း ဘယ်နှကျောင်းလောက်ကို သွားလေ့လာပြီးမှ ရေးဆွဲတာလဲတို့၊ ကျေးလက်ဒေသတွေက ကျောင်းတွေဟာ ကိုယ့်ကျောင်းအတွက် သင်ရိုးညွှန်းတမ်းတစ်ခုကို ရေးဆွဲနိုင်တဲ့အခြေအနေဖြစ်နေပြီလားတို့၊ ကျေးရွာမှာရှိတဲ့ ရပ်မိရပ်ဖဆိုတာအားလုံးက ဘွဲ့ရပညာတတ်တွေချည်းလို့ ထင်နေလားမသိဘူးတို့၊ မြန်မာနိုင်ငံမှာ အခြေခံကျောင်းပေါင်း သောင်းနဲ့ချီရှိရင် သင်ရိုးက သောင်းနဲ့ချီထွက်လာမယ်လို့"** စသဖြင့် ထောက်ပြကြတာလည်း ဖတ်ရပါတယ်။ ဒါတွေကလည်း ရှေ့နောက်စဉ်းစားရာမှာ ထည့်သွင်းစဉ်းစားရမယ့် အခြေခံအချက်တွေ ဖြစ်ပါတယ်။ ရေပက်မဝင်တဲ့၊ ပြီးပြည့်စုံတဲ့ ဥပဒေမဟုတ်သည့်တိုင် အဲဒီလိုမဟုတ်တယုတ်တွေ၊ လက်တွေ့နဲ့မကိုက်ညီတာတွေကိုတော့ ရုပ်သိမ်းသင့်ပါတယ်လို့ ဆိုချင်ပါတယ်။

နောက်ပြီး **မိဘဆရာအသင်းကို ပယ်ဖျက်ပြီး ကျောင်းအုပ်ချုပ်ရေးအဖွဲ့ကို အစားထိုးထားတာ၊ ကျောင်းအကျိုးဆောင်အဖွဲ့ကို ပယ်ဖျက်ပြီး တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီဆိုပြီး အစားထိုးထားတာ**တွေမှာလည်း ဆရာသမဂ္ဂတွေ၊ ကျောင်းသားသမဂ္ဂကိုယ်စားလှယ်တွေ ထည့်သွင်းထားတာတို့၊ ကျောင်းအုပ်ချုပ်ရေးအဖွဲ့မှာ ကျောင်းသားသမဂ္ဂမှ ကိုယ်စားလှယ်များ ပါဝင်ခွင့်ရှိတယ်တို့၊ ဆရာ၊ ဆရာမများအပေါ် ကျောင်းသူကျောင်းသားတွေရဲ့ အကဲဖြတ်မှုတွေကို တက္ကသိုလ်ကျောင်းအုပ်ချုပ်ရေးကောင်စီကို တင်သွင်းတဲ့အခါ ၎င်းကောင်စီက စဉ်းစားဆုံးဖြတ်ပေးရမယ်ဆိုတာတွေဟာ **"ဘယ်ယုန်မြင်လို့ ဘယ်ချုံထွင်"**တာလဲလို့ မေးစရာတွေ ဖြစ်နေတာလဲ အမှန်ပါပဲ။

နောက်ပြီး အဲဒီဥပဒေတွေနဲ့တစ်ဆက်တည်း ဆွဲခေါ်လာတာက **မိခင်ဘာသာစကားကို ရွေးချယ်အသုံးပြုဖို့အတွက် ကျောင်းအလိုက် ကျောင်းအုပ်ချုပ်ရေးအဖွဲ့က ဆုံးဖြတ်ခွင့်ရှိတယ်လို့** ထည့်သွင်းထားတာကို လူတိုင်းက မြင်ကြပါတယ်။

ဒီလိုဆိုရင် တရုတ်က တရုတ်လိုသင်၊ ဗမာက ဗမာ လိုသင်၊ ဘင်္ဂါလီက ဘင်္ဂါလီလိုသင်၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းတိုင်းရင်းသားတွေ၊ မျိုးနွယ်စုတွေက မိခင်ဘာသာစကားနဲ့ သင်ကြမယ်ဆိုပါစို့။ ကချင်ပြည်နယ်မှာ ကချင်လည်းရှိတယ်၊ ရှမ်းလူမျိုးတွေလည်း ရှိနေပါတယ်။ မိခင်ဘာသာစကားကို ဘယ်လိုရွေးချယ်မှာလဲ။ တစ်မြို့နယ်တည်းမှာ လူမျိုးပေါင်းစုံရှိတဲ့အခါ မိခင်ဘာသာစကားအားလုံးကို ရွေးချယ်သင်ပေးနိုင်ပါ့မလား၊ ဘယ်လိုမှလုပ်လို့မရတဲ့အချက်ပဲလို့ ဆိုရပါမယ်။

ဒါတွေကို သဘာဝကျစွာ ရှုမြင်လက်ခံသင့်ပြီး ကိုယ့်အထဲကကောင်းတဲ့အချက်တွေနဲ့ မူလဥပဒေမှာပါတဲ့ ကောင်းတဲ့အချက်တွေကို ကိုယ့်ရဲ့သမိုင်းမှာ အကောင်းဆုံးလုပ်ဆောင်နိုင်ခဲ့တယ်ဆိုတဲ့ မှတ်ကျောက်နဲ့ ဆွေးနွေးညှိနှိုင်းကြစေချင်ပါတယ်။

ကျွန်တော်တို့ဟာ အမေရိကန်လို လိုက်လုပ်လို့ မဖြစ်သလို ဥရောပနိုင်ငံတွေကိုလည်း လိုက်တုလို့ မရပါဘူး။ စင်ကာပူ၊ ထိုင်း၊ ဂျပန်နဲ့ ကိုရီးယားတို့ကိုလည်း နမူနာယူလို့မရပါဘူး။ သူတို့ဆီမှာတော့ ဘယ်လိုလုပ်နေတယ်ဆိုတာကိုလေ့လာပြီး **သူတို့ရဲ့ ရေ၊ မြေ၊ ယဉ်ကျေးမှု၊ ဘာသာတရားတွေနဲ့ မိမိနိုင်ငံ၊ မိမိလူမျိုးရဲ့ ယဉ်ကျေးမှု၊ ဓလေ့စရိုက်၊ ရှေးထုံးတမ်းစဉ်လာ၊ ဘာသာရေးအခြေအနေတွေကို သင့်လျော်ကိုက်ညီအောင်၊ မျှတအောင် စဉ်းစားပြီးမှ ရေးဆွဲခြင်းကသာ အကောင်းဆုံး**ဖြစ်မှာပါလို့ ဆွေးနွေးအကြံပြုတင်ပြလိုက်ရပါတယ်။

## တက္ကသိုလ်ဝင်တန်းစာမေးပွဲ အေးချမ်းစွာဖြေဆိုလျက်ရှိ

**ကသာမြို့**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့တွင် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ကသာစာစစ်ဌာနတွင် ၁၁-၃-၂၀၁၅ ရက် ဗုဒ္ဓဟူးနေ့တွင် စတင်ဖြေဆိုခဲ့ကြကြောင်း သိရသည်။

ကသာစာစစ်ဌာနတွင် အထက(၁)စာစစ်ဌာန၊ အထက(၂)စာစစ်ဌာန၊ အထက(ခွဲ)စာစစ်ဌာန၊ အထက(မိုးတား)စာစစ်ဌာန၊ အထက(အင်းရွာ)စာစစ်ဌာနတို့မှ တက္ကသိုလ်ဝင်တန်းဖြေဆိုကြသူ ကျား/မစုစုပေါင်း ၁၉၂၃ ဦးရှိသည့်အနက် ၁၈၂၁ ဦးတို့ အေးချမ်းစွာဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း သိရသည်။

**လူအောင်(ကသာ)**

**စလင်းမြို့**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် ၂၀၁၅ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို မတ် ၁၁ နံနက် ၉ နာရီ၌ စတင်ဖြေဆိုကြသည်။ ထိုသို့ဖြေဆိုရာတွင် စာစစ်ဌာနငါးခုနှင့် ကြီးကြပ်ရေးမှူး ငါးဦးထားရှိပြီး အထက(စလင်း)စာစစ်ဌာန(၁)တွင် ၇၀၂ ဦး၊ စာစစ်ဌာန(၂)တွင် ၇၇၇ ဦး၊ ဆင်ဖြူကျွန်းအထကတွင် ၁၁၆၇ ဦး၊ တညောင်အထကတွင် ၄၆၂ ဦး၊ ဇီးဖြူပင်အထကတွင် ၁၄၈ ဦး၊ စုစုပေါင်း ၃၂၅၆ ဦးသည် အေးချမ်းစွာဖြင့် ဖြေဆိုကြကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

**မြို့သစ်မြို့**


မကွေးခရိုင် မြို့သစ်မြို့နယ် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ စိတ်အေးချမ်းသာစွာဖြေဆိုနေမှုကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ပညာရေး ကြီးကြပ်ရေးအဖွဲ့များက မတ် ၁၁ ရက်က စာမေးပွဲဖြေဆိုသည့် စင်တာအသီးသီးကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို အထကမြို့သစ်၊ အထကခွဲ(ကွက်သစ်)၊ မြို့မအလကနှင့် ဝါးကြီးအိုင်စင်တာလေးနေရာခွဲ၍ ဖြေဆိုကျင်းပလျက်ရှိရာ မြို့သစ်မြို့နယ်တွင်ရှိသော ကျောင်းသား ကျောင်းသူများအနေဖြင့် စိတ်အေးချမ်းသာစွာ ဖြေဆိုနေသည်ကို တွေ့ရှိရသည်။

စာမေးပွဲစာစစ်ဌာနအလိုက် အတွင်းဖြေ၊ အပြင်ဖြေ စုစုပေါင်း ၁၉၁၃ ဦးဖြစ်ပြီး မြို့သစ်မြို့နယ်အတွင်း ၂၀၁၅ ခုနှစ် တက္ကသိုလ်စာမေးပွဲဖြေဆိုသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုလျက်ရှိကြောင်း သိရသည်။

**ဇော်ဇော်(မြို့သစ်)**

## မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တွင် အေးချမ်းစွာ စာမေးပွဲဖြေဆို



**နေပြည်တော် မတ် ၁၁**

နေပြည်တော် ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တွင် ဘွဲ့ကြိုသင်တန်းများ၏ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ပထမနှစ်ဝက် ရေးဖြေစာမေးပွဲများကို မတ် ၉ ရက်က စတင်ကျင်းပလျက်ရှိရာ ကျောင်းသားကျောင်းသူများ အေးချမ်းစွာစာမေးပွဲဖြေဆိုလျက်ရှိသည်။ **(အပေါ်ပုံ)**

အဆိုပါတက္ကသိုလ်၏ ပထမနှစ်ဝက် ရေးဖြေစာမေးပွဲများကို မတ် ၉ ရက်မှ ၁၇ ရက်အထိနှင့် နှုတ်ဖြေစာမေးပွဲများကို မတ် ၁၈ ရက်မှ ၂၆ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# တိုင်ကြားသည့်ကိစ္စရပ်အပေါ်မူတည်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖော်ထုတ်အရေးယူနိုင်မည်

**နေပြည်တော် မတ် ၁၁**

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး၊ မြေပုံရေးဆွဲခွင့်နှင့် ဂရန်လျှောက်ထားရေး၊ စက်မှုလယ်ယာစနစ် လယ်ကွက်များ ဖော်ထုတ်ရေးတို့နှင့် သက်ဆိုင်သည့်မေးခွန်းများ မေးမြန်းဖြေကြားကြပြီး တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းအား လွှတ်တော်သို့ တင်သွင်းခဲ့သည်။

အစည်းအဝေးတွင် ပျော်ဘွယ် မဲဆန္ဒနယ်မှ ဦးမြင့်စိုး၏ **"ဥပဒေရုံး၊ တရားရုံးတို့တွင် ဥပဒေကို လက်တစ်လုံးခြားလုပ်မှုနှင့် အခွင့်အာဏာကို အလွဲသုံးစားလုပ်မှုပပျောက်စေရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေဖြင့် အမှုသည်အသွင်ယူ၍ စုံစမ်းဖော်ထုတ်အရေးယူပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးမြဝင်းက ကော်မရှင်သည် စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအရဖြစ်စေ၊ ရရှိသော အခြားခိုင်လုံသည့် သတင်းအချက် အလက်အရဖြစ်စေ အဂတိလိုက်စားမှုကျူးလွန်ကြောင်း တွေ့ရှိသည့်အခါ တရားစွဲတင်နိုင်ကြောင်း ပြဋ္ဌာန်းထားသည့်အတွက် တရားစွဲတင်နိုင်ရေးအတွက် ခိုင်လုံသည့် သတင်းအချက်အလက်ရရှိရန် လိုအပ်ပါကြောင်း၊ ထိုသို့ခိုင်လုံသည့် သတင်းအချက်လက်ရရှိမှသာ စုံစမ်းစစ်ဆေးဖော်ထုတ်အရေးယူနိုင်မည် ဖြစ်ပါကြောင်း။



အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးမြဝင်း ဖြေကြားစဉ်။ (သတင်းစဉ်)

လာဘ်ပေးလာဘ်ယူမှု ဆိုသည်မှာ မမြင်ကွယ်ရာတွင် ကျူးလွန်လေ့ရှိသောကြောင့် လက်ပူးလက်ကြပ်ဖမ်းဆီးရမိရန် မလွယ်ကူပါကြောင်း၊ ဖြစ်စဉ်မှန်ကန်မှုရှိရန် လိုအပ်ပြီး ယင်းဖြစ်စဉ်ကို မှန်ကန်ကြောင်း ဖော်ထုတ်နိုင်မည့် အထောက်အထား၊ သက်သေတင်ပြနိုင်မှုရှိပါက စုံစမ်းစစ်ဆေး ဖော်ထုတ်နိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာတစ်နိုင်ငံလုံးရှိ ဥပဒေရုံး၊ တရားရုံးအသီးသီးတွင် အမှုသည်အသွင်ယူ၍ စောင့်ကြပ်ကြည့်ရှုပြီး စုံစမ်းဖော်ထုတ်အရေးယူပေးနိုင်ရန် မလွယ်ကူပါကြောင်း၊ တိုင်ကြားသည့်ကိစ္စရပ် တစ်ခုချင်းအပေါ်မူတည်၍သာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စုံစမ်းဖော်ထုတ်အရေးယူသွားနိုင်မည်ဖြစ်ပါကြောင်း ဖြင့် ဖြေကြားသည်။

ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့်၏ **"မြန်မာနိုင်ငံအတွင်းရှိ ရေပိုမိုရရှိသော ဒေသအသီးသီးတွင် စက်မှုလယ်ယာစနစ် လယ်ကွက်များ ဖော်ထုတ်ပေးရန်နှင့် အဆင့်မြင့်လယ်ယာမြေ ဖော်ထုတ်ခြင်းအတွက် ကုန်ကျစရိတ်အား နှစ်ရှည်ချေးငွေများ ထုတ်ပေးပြီး အရစ်ကျပေးသွင်းစေသည့် နည်းလမ်းဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက အစိုးရသစ်ကာလမတိုင်မီအထိ ၁၉၉၅-၁၉၉၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ (၁၅)နှစ်ကျော်ကာလအတွင်း စနစ်ကျ စက်မှုလယ်ယာမြေကွက် ဖော်ထုတ်ပေးနိုင်မှုသည် ၂၄၆၃၂ ဧကသာ ရှိခဲ့ပြီး အစိုးရသစ်ကာလ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကုန်အထိ နိုင်ငံတော်အစိုးရရန်ပုံငွေဖြင့် ၃၂၄၀၅ ဧက၊ နိုင်ငံတကာ အထောက်အပံ့ဖြစ်သည့် ဂျပန်နိုင်ငံ (JIID, JICA)နှင့် ကိုရီးယားနိုင်ငံ (KOICA)အစီအစဉ်တို့ဖြင့် ဧက ၇၁၁၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အစီအစဉ်ဖြင့် ဧက ၁၂၆၀ အပါအဝင် စနစ်ကျစက်မှုလယ်ယာမြေ စုစုပေါင်း ၃၄၃၇၆ ဧက ဖော်ထုတ်ပြီးဖြစ်ပါကြောင်း။



ပျော်ဘွယ် မဲဆန္ဒနယ်မှ ဦးမြင့်စိုး မေးမြန်းစဉ်။ (သတင်းစဉ်)

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်အစိုးရ ရန်ပုံငွေဖြင့် ဧက ၄၅၀၀၊ အိန္ဒိယချေးငွေ အစီအစဉ်ဖြင့် ဧက ၁၀၄၀၀၊ နိုင်ငံတကာ အဖွဲ့အစည်းဖြစ်သော (IFAD) ချေးငွေအစီအစဉ်ဖြင့် ဧက ၄၀၀၀ ဖော်ထုတ်သွားရန် လျာထားပြီးဖြစ်ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အိန္ဒိယချေးငွေဖြင့် ဧက ၂၀၄၀၀၊ (IFAD)ချေးငွေဖြင့် ဧက ၄၀၀၀ နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် (IFAD)ချေးငွေဖြင့် ဧက ၂၀၀၀ ဆောင်ရွက်ရန် လျာထားပါကြောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စနစ်ကျစက်မှုလယ်ယာမြေကွက် ဖော်ထုတ်ခြင်းလုပ်ငန်းအတွက် လိုအပ်သည့်ကုန်ကျစရိတ်အား နှစ်ရှည်ချေးငွေများ ထုတ်ပေးပြီး အရစ်ကျပေးသွင်းမည့် အစီအစဉ်ဆောင်ရွက်ရန် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်း ဖြင့် ဖြေကြားသည်။

ယနေ့အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို မတ် ၁၂ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးမည့်ပင်းပက်သံမဏိစက်ရုံစီမံကိန်းမှ မြင်းခြံသံမဏိစက်ရုံအတွက် သံသတ္တုကြမ်းများ ထောက်ပံ့ပေးနိုင်

**နေပြည်တော် မတ် ၁၁**

ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၂၅)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ ဒေါက်တာဌေးဝင်း၏ **ထူးကြီးမြို့မှ မြန်အောင်မြို့နယ် ဘန့်ဘွေးကုန်းကျေးရွာ(ပုသိမ်-မုံရွာကားလမ်း)အထိ ၁၁ မိုင် ရှည်လျားသည့် မြန်မာ့မီးရထားမှ အသုံးမပြုတော့ဘဲ သံလမ်းများလည်း ဖြုတ်သိမ်းပြီးဖြစ်သည့် လမ်းတာအား ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ လွှဲပြောင်းကာ မြို့နယ်ချင်းဆက်သွယ်သည့် ကားလမ်းအဖြစ် ပြောင်းလဲဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်၊ ထူးကြီးမြို့မှ မြန်အောင်မြို့နယ် ဘန့်ဘွေးကုန်းကျေးရွာ(ပုသိမ်-မုံရွာကားလမ်း)အထိ ဖောက်လုပ်ထားသော ထူးကြီးသပြေပင်တောင် ကျောက်မိုင်းလမ်းမြောင်သည် စုစုပေါင်း သံလမ်းအရှည် ၁၂ ဒသမ ၆၃ မိုင်ရှိပါကြောင်း။

ထူးကြီး သပြေပင်တောင် ကျောက်မိုင်းအတွင်း ကျောက်ထုတ်လုပ်နိုင်သည့် ဧရိယာသည် ကညင်ဆည်အတွင်း ကျရောက်ပြီး ရေမြုပ်ဧရိယာတွင် ပါဝင်သွားသဖြင့် ၂၀၁၁ ခုနှစ် နောက်ပိုင်း ကျောက်ဆက်လက်ထုတ်လုပ်နိုင်ခြင်း မရှိပါကြောင်း၊ အဆိုပါ လမ်းမြောင်ရထားသံလမ်း ၁၂ ဒသမ ၆၃ မိုင်ရှိသည့်အနက် ကြီးကြပ်မှုလွယ်ကူသော ၁၀ မိုင်ကို ထိန်းသိမ်းထားရှိပြီး ရေမြုပ်ဧရိယာအတွင်း ပါဝင်သွားသော ၂ ဒသမ ၆၃ မိုင်ကို သံလမ်းများဖြုတ်သိမ်းခဲ့ပါကြောင်း။

မြန်မာ့မီးရထားအနေဖြင့် ပုသိမ်-ကြံခင်းရထားလမ်းအတွက် လမ်းခင်းကျောက်ထုတ်လုပ်နိုင်ရန် ရည်ရွယ်ပြီး ဖောက်လုပ်ထားသော်လည်း ကျောက်ထုတ်လုပ်သော ဧရိယာသည် ရေမြုပ်ဧရိယာအတွင်း ကျရောက်နေပြီး အသုံးပြုနိုင်ခြင်း မရှိသောကြောင့် ယင်းလမ်းတာကို ဒေသဖွံ့ဖြိုးရေးအတွက် ကားလမ်းအဖြစ် ပြုပြင်ဖောက်လုပ်ရန် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက အဆိုပြုလာပါက မြန်မာ့မီးရထားအနေဖြင့် သံလမ်းများဖြုတ်သိမ်းကာ လွှဲပြောင်းပေးအပ်နိုင်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်၊ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီ၏ ၂၀၁၄-၂၀၁၅ ခုနှစ် တတိယသုံးလပတ်ကုန်အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့သည်။



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ထိုသို့ ဆွေးနွေးရာတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်က ကော်မတီ၏ အစီရင်ခံစာအရ မြင်းခြံသံမဏိစက်ရုံမှ တန်ချိန် နှစ်သိန်းထုတ်လုပ်ရန် လျာထားသော်လည်း ထုတ်လုပ်နိုင်ခြင်းမရှိသည်ကို ဖော်ပြထားပါကြောင်း၊ မြင်းခြံသံမဏိစက်ရုံ ရပ်ဆိုင်းထားရသော်လည်း ပင်းပက်သံမဏိစက်ရုံစီမံကိန်းကို ဖော်ဆောင်လျက်ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးမည့် ပင်းပက်သံမဏိစက်ရုံစီမံကိန်းမှလည်း မြင်းခြံသံမဏိစက်ရုံအတွက် သံသတ္တုကြမ်းများ ထောက်ပံ့ပေးနိုင်ပါကြောင်း၊ ကော်မတီ၏ အစီရင်ခံစာအရ နိုင်ငံတော်အတွက် အကျိုးမရှိဖြစ်နိုင်သည်ဟု ဖော်ပြထားပါကြောင်း၊ သို့ရာတွင် ယင်းစီမံကိန်းစက်ရုံများကို သွားရောက်လေ့လာခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့များနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်တို့က ယုံကြည်မှုအပြည့်အဝရှိကြောင်း၊ ပြည်ထောင်စုလွှတ်တော်တွင် ရှင်းလင်းခဲ့သည်ကိုလည်း သိရှိရပါကြောင်း၊ မိမိအနေဖြင့်လည်း တိုင်းပြည်အတွက် အကျိုးရှိသည့် စီမံကိန်းဖြစ်မည်ဟု မျှော်လင့်ပါကြောင်း၊ အကယ်၍ ယင်းစီမံကိန်းများ အောင်မြင်ခဲ့ပါက မြန်မာနိုင်ငံ၏ သံမဏိလုပ်ငန်းအတွက် တံခါးတစ်ချပ်ဖွင့်သွားမည် ဖြစ်ပါကြောင်း ဖြင့် ဆွေးနွေးသည်။

ဆက်လက်၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်က နိုင်ငံတော်က တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချိုးညီညီတိုးတက်ဖွံ့ဖြိုးစေရန် နိုင်ငံတော်ဘဏ္ဍာငွေများကို အသုံးပြုလျက်ရှိပါကြောင်း၊ ကဏ္ဍအလိုက်လုပ်ငန်းများ လုပ်ကိုင်ရန် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက တင်ဒါစနစ်ဖြင့် ကုမ္ပဏီနှင့် ကန်ထရိုက်ရရှိသူများကို ကြီးကြပ်လုပ်ကိုင်စေလျက်ရှိပါကြောင်း၊ သို့သော် လုပ်ငန်းရရှိထားသော ကုမ္ပဏီနှင့် ကန်ထရိုက်များသည် လုပ်ငန်းအတွက် သတ်မှတ်ချုပ်ဆိုထားသော စာချုပ်ပါ စံချိန်စံညွှန်းအတိုင်းလုပ်ဆောင်မှု အားနည်းသည်ကို တွေ့ရှိရပါကြောင်း၊ အစိုးရကဖွဲ့စည်းထားသော မြို့နယ်လုပ်ငန်းစစ်ဆေးရေးရုံးနှင့် စစ်ဆေးရေးအဖွဲ့များရှိသော်လည်း စိစစ်မှုအားနည်းသည်ကိုလည်း လေ့လာတွေ့ရှိရပါကြောင်းဖြင့် ဆွေးနွေးသည်။



ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ယင်းနောက် အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီအဖွဲ့ဝင် ဦးဖေသောင်းက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်၍ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်ရွှေနှင့် ကော်မတီဝင်များ သွားရောက်ခဲ့သော ပျော်ဘွယ်မြို့နယ်နှင့် ရမည်းသင်းမြို့နယ်များတွင် မျက်စိရောဂါနှင့် အထွေထွေရောဂါကုသပေးခြင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေမြို့နယ်နှင့် သံတွဲမြို့နယ်ခရီးစဉ်များတွင် ထောက်ပံ့လှူဒါန်းခြင်းများနှင့် ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်(တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း) မြို့နယ်များတွင် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကူညီဆောင်ရွက်မှုများနှင့် အထွေထွေလှူဒါန်းခြင်းများပါဝင်သည့် လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ (၆/၂၀၁၅)ကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

ယင်းအစီရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

❖ *ကျောဖုံးမှ*

ဘန်ဒေါင်းအသင်းမှာ ပွဲစကတည်းက ဖိကစားနိုင်ခဲ့သော်လည်း ဧရာဝတီက ခံစစ်ပိုင်းကို အမှားအယွင်းမရှိ ကစားနိုင်ခဲ့၍ အခွင့်အရေးသိပ်မရခဲ့ပေ။ ပထမပိုင်းပြီးခါနီးမှ ဘန်ဒေါင်းအသင်း ဂိုးစရခဲ့ပြီး အသင်းခေါင်းဆောင် အတက်ပ်က သွင်းခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် ဧရာဝတီအသင်းက ချေပဂိုးရရှိရန် တိုက်စစ်အားမြှင့်လာပြီး ၅၇ မိနစ်တွင် ဖွန်ဆီကာ၏ အဝေးကန်ချက်ဖြင့် ချေပဂိုး ပြန်လည်ရရှိခဲ့သည်။ သရေကျပြီးနောက်ပိုင်းတွင် နှစ်သင်းစလုံးထိန်းကစားခဲ့သောကြောင့် သရေရလဒ်ဖြင့်သာ ပြီးဆုံးခဲ့ခြင်းဖြစ်သည်။ ယခုပွဲအပြီးတွင် ဘန်ဒေါင်းအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်ရရှိထားပြီး ဧရာဝတီအသင်းက နှစ်ပွဲဆက် သရေကျကာ နှစ်မှတ်ရရှိထားသည်။



ဧရာဝတီနှင့် ဘန်ဒေါင်းအသင်းတို့ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ- စိုင်းညီလေး

❄ *ကျောဖုံးမှ*

သက်ညှာသောအားဖြင့် လည်းကောင်း ဒေသအသီးသီးရှိ သက်ဆိုင်ရာမိဘများအားခေါ်ယူ၍ စနစ်တကျပြန်လည်အပ်နှံနိုင်ရေး ဆက်သွယ်အကြောင်းကြားလျက်ရှိကြောင်းနှင့် ကျန်ပြစ်မှုကျူးလွန်သူများနှင့် တိုင်းပြည်မငြိမ်မသက်ဖြစ်စေရန် နောက်ကွယ်မှ ကြိုးကိုင်လှုပ်ရှားသူများ၊ အားပေးအားမြှောက်ပြုလုပ်သူများအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

**နိုင်ငံကြီးသားပီသစွာ အခွန်ဆောင်တာပြည့်အကျိုးပါ**

လွှတ်တော်ရေးရာ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် တရုတ်ပို့ကုန်သွင်းကုန်ဘဏ်မှ ကူးသန်းရောင်းဝယ်ရေးချေးယူငွေရယူမှု လွှတ်တော်ကအတည်ပြုဆုံးဖြတ်

**နေပြည်တော် မတ် ၁၁**

ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၂၄) ရက် မြောက်နေ့ကိုယနေ့မွန်းလွဲပိုင်းတွင် ကျင်းပရာဥပဒေကြမ်း အစီရင်ခံစာနှစ်ခုတင်သွင်းခြင်း၊ ဥပဒေကြမ်းနှစ်ခုအတည်ပြုခြင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် တရုတ်ပို့ကုန်သွင်းကုန်ဘဏ်မှ ချေးငွေချေးယူခွင့်နှင့်စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုခြင်းနှင့် ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်ကုန်းလမ်းအကောက်ခွန် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍** ဥပဒေကြမ်းပူးပေါင်းကော်မတီက ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာများကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းနှင့် ၁၉၅၄ ခုနှစ်၊ နိုင်ငံတော် အထိမ်းအမှတ်များ(ဆင်ယင်ပြသမှု ကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း** တို့အား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် တရုတ်ပို့ကုန် သွင်းကုန်ဘဏ် (EX-IM Bank of China) ထံမှ ကူးသန်းရောင်းဝယ်ရေးချေးငွေယွမ် ၂၄၆ သန်းချေးယူခွင့်နှင့် စပ်လျဉ်း၍ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်နှင့်အလုံ မဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်တို့က ဆွေးနွေးကြသည်။


ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်က ပြည်ထဲရေးဝန်ကြီးဌာနသည် ပြည်တွင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နေရသည့် ဌာနတစ်ခုဖြစ်ပါကြောင်း၊ ပြည်သူတို့၏ လူနေမှုဘဝလုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကို ယခုအချိန်အခါတွင် ပိုမိုကျယ်ပြန့်စွာဆောင်ရွက်နေရပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် လက်ရှိမြန်မာနိုင်ငံရဲတပ်ဖွဲ့ ဖွဲ့စည်းပုံကို တိုးချဲ့ဖွဲ့စည်းနေပါကြောင်း၊ တပ်ဖွဲ့ဝင်အင်အားများ တိုးချဲ့လာသည့်အတွက် တစ်ဖက်တွင် လုပ်ငန်းသုံးအုပ်ချုပ်ရေးယာဉ်များ၊ စက်ကိရိယာများနှင့် ရေယာဉ်များ လိုအပ်လာပါကြောင်း၊ လက်ရှိအသုံးပြုနေသည့် ယာဉ်စီးရေမှာ ၂၉၄၅ စီးသာရှိသည့်အတွက် ဖွဲ့စည်းပုံအရ ၆၉ ဒသမ ၂၅ ရာခိုင်နှုန်းခန့်လိုအပ်လျက်ရှိပါကြောင်း။

ချေးငွေရရှိပါက လုပ်ငန်းသုံးအုပ်ချုပ်ရေးယာဉ်များ၊ စက်ကိရိယာများနှင့် ရေယာဉ်များ ဝယ်ယူဖြည့်တင်းနိုင်မည်ဖြစ်ပြီး ၄င်းယာဉ်များဖြင့် ရည်မှန်းချက်တာဝန်များ အောင်မြင်ရေး၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေး၊ မှုခင်းဖြစ်ပွားမှုကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားလာသည့် ပြစ်မှုများကို အချိန်မီဖော်ထုတ်နိုင်ရေး၊ ယခင်က ဆောင်ရွက်နိုင်ခြင်းမရှိသည့် ပင်လယ်ကမ်းရိုးတန်း၊ ဆိပ်ကမ်း၊ မြစ်ကြောင်းများ၏ လုံခြုံရေးစသည့် လုပ်ငန်းစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်းနှင့် ယာဉ်များဝယ်ယူရာတွင်လည်း ပွင့်လင်းမြင်သာစွာ တင်ဒါ စနစ်အသုံးပြု၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူရာ လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

ထို့နောက် **၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ဌမဲဆန္ဒနယ်မှ ဦးကြည်သာ**က လျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရမည်ဟု သိရှိရပါကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကို ယခင်က ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ကောက်ခံပြီး ယခုအခါ ကုန်သွယ်လုပ်ငန်းခွန် ၂ ရာခိုင်နှုန်း ကောက်ခံသွားမည်ဟု သိရှိရပါကြောင်း၊ ထိုသို့ ပြောင်းလဲကောက်ခံမှု အခြေအနေများကိုလည်း သိရှိလိုပါကြောင်း၊ အခြားနိုင်ငံများတွင် ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံမှုများကို လေ့လာပြီး အမိန့်ကြော်ငြာစာများ ထုတ်ပြန်ပေးစေလိုပါကြောင်း၊ အခွန်ကောက်ခံရာတွင် တိကျရှင်းလင်းသည့် ဥပဒေ၊ နည်းဥပဒေများဖြင့် ဆောင်ရွက်ပေးစေလိုပါကြောင်းဖြင့် ဆွေးနွေးသည်။

**ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး**က အခွန်အကောက်ဥပဒေကြမ်းသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်သည့် ဥပဒေဖြစ်စေရေး၊ နိုင်ငံအနေဖြင့် ရရှိသင့်သည့် အခွန်များရရှိပြီး နိုင်ငံသားများကလည်း ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ လိုက်နာပေးဆောင်နိုင်ရေး၊ ယနေ့ချိန်ခါနှင့် လိုက်လျောညီထွေသော ဥပဒေဖြစ်ရေး၊ ပြည်တွင်းထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ပြီး ပြည်ပပို့ကုန်တိုးတက်စေရေး၊ ပြည်တွင်း SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်စေသော ဥပဒေဖြစ်စေရန် ရည်ရွယ်ပါကြောင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးသည့်အခါ အခွန်အကောက်ဥပဒေကြမ်းသည် နှစ်စဉ်ပြောင်းလဲမှုများ ပြုလုပ်နေလျှင် ရင်းနှီးမြှုပ်နှံသူများသည် အခက်အခဲများရှိနိုင်ကြောင်း၊ ထို့ကြောင့် ၂၀၁၄ ခုနှစ် ပြဋ္ဌာန်း ချက်အတိုင်းသာထားရှိစေလိုကြောင်းဖြင့် ဆွေးနွေးသည်။

**ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၉)မှ ဦးနေဝင်းထွန်း**က အခွန်ထမ်းဆောင်ပေးထားခြင်းကြောင့် နိုင်ငံသားများသည် မိမိတို့ မိသားစုဘဝအတွက် အခွန်ဥပဒေ၏ အကာအကွယ်အစောင့်အရှောက် ရရှိစေမည်ဖြစ်ပါကြောင်း၊ သို့ရာတွင် မိမိတို့နိုင်ငံသားများသည် ခေတ်အဆက်ဆက်မှ ယနေ့အချိန်အထိ အခွန်ဥပဒေ၏ အခွင့်အရေးကို အကျိုးရှိစွာ ရယူအသုံးချမှုနည်းပါးခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံတွင် အခွန်ထမ်းဆောင်မှုနည်းပါးပြီး အခွန်ယဉ်ကျေးမှုမရှိခဲ့ဟု ဆိုရမည်ဖြစ်ပါကြောင်း၊ အခွန်ဥပဒေ အကူအညီစောင့်ရှောက်မှုကြောင့် စီးပွားရေးလုပ်ငန်းများကို ရဲရဲဝံ့ဝံ့ ထူထောင်နိုင်ပြီး ပြည်သူများလုပ်ငန်းရှင်ဖြစ်လာနိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားသော အင်အားဖြစ်လာမည်ဖြစ်ပါကြောင်း၊ အခွန်ရရှိမှုကို အဓိကမထားဘဲ နိုင်ငံသားများ သက်သာချောင်ချိမှုကို အဓိကထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အခွန်ရာခိုင်နှုန်းများ လျှော့ထားပေးစေလိုပါကြောင်းဖြင့် ဆွေးနွေးသည်။

အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး (၂၅) ရက်မြောက်နေ့ကို မတ် ၁၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၌ ဆက်လက်ကြားနာဆောင်ရွက်

**နေပြည်တော် မတ် ၁၁**

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ကြားနာခြင်းကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော် ဆွေးနွေးပွဲခန်းမ၌ ဆက်လက်ကျင်းပပြီး အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးလိုသည့် ပြည်သူလေးဦး၏ အကြံပြုချက်များအား ကြားနာခဲ့သည်။

အဆိုပါ ဥပဒေကြမ်းကြားနာရာသို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ ကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုးနှင့် ကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးလိုသည့် ပြည်သူ ဦးခင်မောင်လွင်၊ ဦးထိန်လင်း၊ ဦးနေဝင်းအောင်၊ ဦးတင်မင်းကျော်နှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။

ထိုသို့ ကြားနာခြင်းဆောင်ရွက်ရာတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌက ဥပဒေတစ်ခုပြုရာတွင် ပါဝင်ပတ်သက်သည့်သူများ၊ အကြံဉာဏ်ရယူနိုင်မည့် ပုဂ္ဂိုလ်များထံမှ ရရှိမည့် ကိုယ်ပိုင်အကြံဉာဏ်များနှင့် အတွေ့အကြုံများသည် ဥပဒေကြမ်းပြုစုရာတွင် လိုအပ်သည့် သွင်းအားစုများဖြစ်လာမည်ဖြစ်ပါကြောင်း၊ အားလုံးပါဝင်စေလိုသည့်အတွက် ဖေဖော်ဝါရီ ၂၄ ရက်တွင် ကြေညာချက်ထုတ်ပြန်၍ ဖိတ်ကြားခဲ့ပါကြောင်း၊ လွှတ်တော်သည် ဥပဒေကြမ်းတစ်ခုအား လက်ခံဆောင်ရွက်ရာတွင် လွှတ်တော်ဥပဒေ၊ နည်းဥပဒေ၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေများနှင့်အညီ ဆောင်ရွက်ရပါကြောင်း၊ ဥပဒေတစ်ခုတွင် နိုင်ငံတော်နှင့် ပြည်သူအကျိုးရှိရန် စသည့်အချက်များကိုလည်း စဉ်းစားဆောင်ရွက်ပါကြောင်း၊ ထို့ကြောင့် ဤဥပဒေကြမ်းသည် လေးလေးနက်နက် စဉ်းစားဆောင်ရွက်ရမည့် ဥပဒေဖြစ်သည့်အတွက် ပြည့်စုံအောင် ဆောင်ရွက်ရပါကြောင်း၊ ယခုတက်ရောက်လာသည့် ပုဂ္ဂိုလ်များ၏ ဆွေးနွေးချက်များ၊ အကြံပြုချက်များသည် ဥပဒေကြမ်းအတွက် တန်ဖိုးရှိသည့် အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဦးခင်မောင်လွင် ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးသင်တန်းကျောင်းများ အသင်း၊ ဦးထိန်လင်း ဒါရိုက်တာ သီရိမြင့်မြတ်စိုက်ပျိုးရေးကုမ္ပဏီ၊ ဦးနေဝင်းအောင် စာရေးဆရာ (ဆဋ္ဌမမြောက် ထီလာ)နှင့် ဦးတင်မင်းကျော် သရုပ်ပြ(ငြိမ်း)နည်းပညာတက္ကသိုလ် (လှိုင်ကော်)တို့က အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် မိမိတို့၏ သဘောထားအမြင်များကို ဆွေးနွေးအကြံပြုခဲ့ကြသည်။ **(သတင်းစဉ်)**



■ *ရှေ့ဖုံးမှ*

ဖွင့်တံခါးတစ်ခုနှင့် ရေထွက်ပေါက် (ESCAPE) တစ်ခုဆောက်လုပ်ကာ ရေကန် ကန်ပေါင်၏ထိပ်မျက်နှာပြင်တွင် ကတ္တရာခင်း၍ ကန်ပတ်လမ်းအဖြစ် အသုံးပြုခဲ့သည်။

မိတ္ထီလာကန်မှာ တိမ်ကောလာပြီး ရေလှောင်နိုင်မှုနည်းပါးလာသည့်အတွက် ရေပိုမိုသိုလှောင်နိုင်ရန် မိတ္ထီလာတောင်ကန်ရှိ ရေကျော်ခုနစ်ပေါက်မှ ရေပိုလွှဲကြမ်းခင်းကို တစ်ပေမြှင့်တင်ခြင်းလုပ်ငန်းနှင့် လူးခင်းကြီး ရေပိုလွှဲကြမ်းခင်းကို တစ်ပေမြှင့်တင်ခြင်း လုပ်ငန်းတို့ကို ၂၀၀၅ ခုနှစ်က ဆည်မြောင်းဌာနက ဆောင်ရွက်ခဲ့ရာ ရေပမာဏ ၃၁၈၅ ဧကပေ ပြန်လည်ပိုမိုသိုလှောင်နိုင်သဖြင့် ရေပမာဏ ၂၄၈၄၆ ဧကပေ သိုလှောင်နိုင်ခဲ့ခြင်းဖြစ်သည်။

မိတ္ထီလာကန်မှာ တစ်နှစ်ထက်တစ်နှစ်သဲနုန်းပို့ချမှု များပြားလာသဖြင့် မိတ္ထီလာကန်တိမ်ကောမှု လျော့နည်းလာစေရန်၊ ရေကြီးနစ်မြုပ်ခြင်းများမှ ကာကွယ်ရန်၊ ရေပိုရေလျှံများ ထိန်းသိမ်းနိုင်ရန်နှင့် ရေကူပေးနိုင်ရန်အတွက် မိတ္ထီလာကန်အတွင်း အဓိက ရေဝင်ချောင်းဖြစ်သည့် မုန်တိုင်ချောင်းပေါ်တွင် မုန်တိုင်ရေလှောင်တမံကို ၁၉၆၇ ခုနှစ်က တည်ဆောက်ခဲ့သည်။ မိတ္ထီလာကန်သို့ ရေကူပေးရာတွင် ရေဆုံးရှုံးမှု နည်းပါးစေရန် မုန်တိုင်ရေလှောင်တမံမှ မိတ္ထီလာကန်သို့ ဆက်သွယ်သော ရေသွယ်မြောင်းကို ၁၉၉၁ ခုနှစ်က အုတ်မြောင်းအဖြစ် ဆောက်လုပ်ပေးခဲ့သည်။ ၎င်းအပြင် မုန်တိုင်တမံအတွင်း သဲနုန်းပို့ချမှု လျော့နည်းစေရန်၊ ပိုလျှံရေထိန်းသိမ်းနိုင်ရန်နှင့် မုန်တိုင်ရေလှောင်တမံအားရေကူပေးနိုင်ရန် မုန်တိုင်တမံ၏အထက်တွင် ရှမ်းမငယ်ရေလှောင်တမံကို ၂၀၀၇ခုနှစ်က ထပ်မံတည်ဆောက်ပေးခဲ့သည်။

မိတ္ထီလာကန်ကြီးကို နည်းမျိုးစုံဖြင့် ပြုပြင်ဆည်ဖို့တားဆီးခဲ့သော်လည်း မိတ္ထီလာမြောက်ကန်ကြီးမှာ သဲနုန်းပို့ချမှုကြောင့် သိသိသာသာ တိမ်ကောလာသည်။

မိတ္ထီလာမြောက်ကန်ကြီး ပြန်လည်ပြုပြင်ရန်အတွက် အဓိကငွေလိုသည်၊ အချိန်လိုသည်၊ နည်းပညာလိုသည်၊ စက်အင်အားလိုသည်။

မိတ္ထီလာ မြောက်ကန်အတွင်း ပို့ချလျက်ရှိသော သဲနုန်းများအား တူးဖော်ဆောင်ရွက်နိုင်ရေးနှင့် နုန်းဖမ်းဆည် ၁၉ ခုတည်ဆောက်နိုင်ရန်အတွက် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ရန်ပုံငွေ တွက်ချက်တောင်းခံကာ ရန်ပုံငွေပေါ်မူတည်၍ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပထမအကြိမ် တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီး ဦးမြင့်သန်းက ပြောကြားခဲ့သည်။

မိတ္ထီလာကန်ကို စီးဝင်သည့် မုန်တိုင်ချောင်းသည် မြောက်ကန်မှတစ်ဆင့် တောင်ကန်သို့ စီးဝင်သည်။ မြောက်ကန်တွင် သဲနုန်းပို့ချမှုကြောင့် တူးဖော်ရမည့်သဲနုန်းပမာဏ ခန့်မှန်းတိုင်းတာတွက်ချက်မှုအရ ကျင်းပေါင်း ၂၇ ဒသမ ၆ သိန်းကျော်ခန့် တူးဖော်ရမည်ဖြစ်သည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းကလည်း ရေဝင်ချောင်းတစ်လျှောက်ရှိ သဲနုန်း ၈ ဒသမ ၆ သိန်းကျင်းခန့် တူးခြင်းနှင့် နုန်းဖမ်းဆည်တစ်ခုတည်ဆောက်နေသည်။ မိတ္ထီလာမြောက်ကန် သဲနုန်းတူးဖော်သည့်လုပ်ငန်းများကို ယခုအခါ စက်ယန္တရားကြီးများဖြင့် သဲနုန်းကျင်းပေါင်း ၂၆၆၇၈ ကျင်း တူးဖော်နေသည်။ မိတ္ထီလာမြောက်ကန်ကြီး အမြန်ဆုံး ပြုပြင်ဆောင်ရွက်ပေးသည့်အတွက် မြို့လူထု မှာဝမ်းသာမဆုံးရှိနေကြသည်။

✻ ရှေ့ဖုံးမှ

ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ(၂၃၉ ဒသမ ၂၈) သန်းရှိပြီး မြန်မာနိုင်ငံ၏ ပို့ကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ (၅၆ ဒသမ ၀၅)သန်းနှင့် ဗီယက်နမ်နိုင်ငံ၏ ပို့ကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ (၁၈၃ ဒသမ ၂၃) သန်းဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အနေဖြင့် ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်စဉ်က ဗီယက်နမ်နိုင်ငံသို့လေးကြိမ်တိုင် သွားရောက်ခဲ့ပြီး နိုင်ငံတော်သမ္မတတစ်ဦးအနေဖြင့် ၂၀၁၂ခုနှစ် မတ်လအတွင်းက ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်စဉ် သမ္မတ မစ္စတာ ကျိုးသန်စန်းနှင့် တွေ့ဆုံခဲ့သည်။

အလားတူ ဗီယက်နမ်သမ္မတ မစ္စတာ ကျိုးသန်စန်းကလည်း ၂၀၁၂ခုနှစ် နိုဝင်ဘာလအတွင်းက မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့ပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်တွေ့ဆုံခဲ့ကာ ခရီးစဉ်နှင့်ပတ်သက်၍ နှစ်နိုင်ငံပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

**(သတင်းစဉ်)**

# တပ်မတော်စစ်ကြောင်းများ နယ်မြေရှင်းလင်းရာမှ ကိုးကန့်သောင်းကျန်းသူများနှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွား

**နေပြည်တော် မတ် ၁၁**

တပ်မတော်စစ်ကြောင်းများက မတ် ၁၀ ရက် နံနက် ၈ နာရီခွဲခန့်၌ ပါစင်ကျော် အရှေ့ဘက်တစ်ဝိုက် နယ်မြေရှင်းလင်းခြင်း ဆောင်ရွက်စဉ် ကိုးကန့်သောင်းကျန်းသူ အင်အားစုများက အသင့်နေရာယူစောင့်ဆိုင်း၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်သဖြင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သည်။

ထိုသို့ တိုက်ပွဲဖြစ်ပွားနေစဉ် ကိုးကန့်သောင်းကျန်းသူ အင်အားစုများ ထပ်မံရောက်ရှိလာပြီး တပ်မတော် စစ်ကြောင်းများအား အမြင့်ပိုင်းရှိ ကျောက်ဆောင်များပေါ်မှ ပစ်အားသုံးတိုက်ခိုက်ခဲ့ရာ တပ်မတော်စစ်ကြောင်းများက လက်နက်ကြီးပစ်ကူများရယူ၍ ပြန်လည်ပစ်ခတ် တိုက်ခိုက်ခဲ့သဖြင့် သောင်းကျန်းသူများ အရှေ့ဘက်သို့ ဆုတ်ခွာသွားခဲ့သည်။ ထို့အပြင် မွန်းလွဲပိုင်းတွင် လောက်ကိုင်မြို့ ရပ်ကွက်(၂)ရှိ နေအိမ်တစ်လုံးအား သတင်းအရ ဝင်ရောက်ရှင်းလင်းရာ လက်နက်/ ခဲယမ်းနှင့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့သည်။

အလားတူ လောက်ကိုင်မြို့အနီးလုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်မတော်စစ်ကြောင်းအား ယနေ့နံနက် ၃ နာရီခွဲခန့်တွင် ကိုးကန့်သောင်းကျန်းသူ အင်အားစုအချို့က လက်နက်ငယ်များဖြင့် လာရောက် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ မိမိဘက်မှ ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် သောင်းကျန်းသူများ ပြန်လည်ဆုတ်ခွာသွားသည်။

အထက်ပါ ဖြစ်စဉ်များတွင် ကိုးကန့်သောင်းကျန်းသူများထံမှ သောင်းကျန်းသူသုံးဦး ဖမ်းဆီးရမိခဲ့ကာ လက်နက်ငယ်တစ်လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀ (ကာလတန်ဖိုး ငွေကျပ် ၃၃၀၀၀၀၀) နှင့် ICE အမှုန့် ၁၁ ဂရမ် (ကာလတန်ဖိုး ငွေကျပ် ၂၂၀၀၀၀)တို့အား သိမ်းဆည်းရမိခဲ့ပြီး တပ်မတော်မှ စစ်သည်လေးဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ကာ အရာရှိ/စစ်သည် ၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**




## လောက်ကိုင်ဒေသ တိုက်ပွဲဖြစ်ပွားသည့် နေရာပြပုံ

တောင်ပိုင်းဒေသများ မိုးအနည်းငယ်ရွာနိုင်

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ **(မိုး/ဇလ)**

ပြည်တွင်းသတင်း

# ဗန်းမော်မြို့နယ်၊ မံစီမြို့နယ်နှင့် မဘိမ်းမြို့နယ်အတွင်း တစ်ဖက်နိုင်ငံသို့ ခိုးထုတ်မည့် ကျွန်းသစ်၊ ယာဉ်များနှင့် သစ်ခွဲစက်များအား တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် မတ် ၁၁**

တပ်မတော်သည်အဓိက လုပ်ငန်းတာဝန်ဖြစ်သော နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်း ထမ်းရွက်လျက်ရှိသည့်အပြင် မူးယစ်ဆေးဝါးကာကွယ်တားဆီးရေး လုပ်ငန်းများနှင့် နိုင်ငံတော်၏ သယံဇာတများအား တရားမဝင် ခိုးထုတ်နေမှုများကိုလည်း ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဖော်ထုတ်ဖမ်းဆီးခြင်းများ ဆောင်ရွက်လျက်ရှိသည်။




ထိုသို့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၏ သယံဇာတတစ်မျိုးဖြစ်သော ကျွန်းသစ်အပါအဝင် မြန်မာ့အဖိုးတန်သစ်များအား နယ်စပ်ဒေသများမှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ တရားမဝင်ခိုးထုတ်နေမှုများကို တပ်မတော်စစ်ကြောင်းများက သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ ဖော်ထုတ်ဖမ်းဆီးခဲ့သည်။

တပ်မတော်စစ်ကြောင်းများက ဖေဖော်ဝါရီ ၁၅ ရက်မှ မတ် ၁၀ ရက်ထိ ကချင်ပြည်နယ် ဗန်းမော်မြို့နယ်နှင့် ရှမ်းပြည်နယ် မံစီမြို့နယ်အတွင်းရှိ စီခမ်းကြီးဒေသ၌ နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ တစ်ဖက်နိုင်ငံသို့တရားမဝင်ခိုးထုတ်ရန် ပြင်ဆင်ထားရှိသော သစ်များအား ၁၈ ကြိမ် ဖမ်းဆီးရမိခဲ့ပြီး တရုတ်အမျိုးသား တစ်ဦး၊ ယန္တရားယာဉ်ငါးစီး၊ သစ်တင်ယာဉ် ၁၂ စီး၊ သစ်ဆွဲယာဉ် နှစ်စီး၊ ယာဉ်ငယ် ငါးစီး၊ သစ်ခွဲစက် ခုနစ်လုံး၊ အင်ဂျင်စက် ခုနစ်လုံး၊ ကျွန်းသစ် ၃၀၈. ၆၇၁ တန်နှင့် ကျွန်းသစ်လုံး ၁၂၁၈ လုံး၊ ပိတောက်ရှစ်တန်နှင့်ပိတောက်သစ်လုံး ၃၀၊ တမလန်း ၉ . ၂၂၂ တန်တို့ သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

ထို့အပြင် ရှမ်းပြည်နယ် မဘိမ်းမြို့နယ်အတွင်း နယ်မြေရှင်းလင်းစဉ် တစ်ဖက်နိုင်ငံသို့တရားမဝင်ခိုးထုတ်မည့်သစ်လုံးများအား ခုနစ်ကြိမ် သိမ်းဆည်းရမိခဲ့ပြီး စုစုပေါင်း ကျွန်းသစ်လုံး ၈၀၂ လုံး (၃၃၃. ၈၂၈ တန်) ပိတောက်သစ်လုံးနှစ်လုံး (၁. ၉၁၆ တန်) နှင့်တမလန်း သစ်လုံးရှစ်လုံး(၀. ၅၅၂ တန်)တို့ဖြစ်ကြောင်း သိရှိရသည်။

ထိုကဲ့သို့ ကချင်ပြည်နယ် ဗန်းမော်မြို့နယ်၊ ရှမ်းပြည်နယ် မံစီမြို့နယ်နှင့် မဘိမ်းမြို့နယ်များအတွင်း တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းဆောင်ရွက်စဉ် စုစုပေါင်း ၂၅ ကြိမ် ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရရှိမှုအနေဖြင့် တရုတ်အမျိုးသားတစ်ဦး၊ ယာဉ်မျိုးစုံ ၂၄ စီး၊ သစ်ခွဲစက်နှင့် အင်ဂျင်စက် ၁၄ လုံး ၊ ကျွန်းသစ် ၆၄၂. ၄၉၉ တန်နှင့် ကျွန်းသစ်လုံး ၁၂၁၈လုံး၊ ပိတောက် ၉ . ၆ တန်နှင့် ပိတောက်သစ်လုံး ၃၀၊ တမလန်း ၉. ၇၇ တန်တို့ဖြစ်ကြောင်း သိရှိရသည်။



အဆိုပါ ဒေသများအတွင်းရှိ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် မြန်မာ့အဖိုးတန်သစ်များအား တစ်ဖက်နိုင်ငံသို့ ခိုးထုတ်ရောင်းချကာ ရရှိသည့်ငွေကြေးများဖြင့် လက်နက်၊ ခဲယမ်း ဝယ်ယူဖြည့်တင်းမှုများ ပြုလုပ်ဆောင်ရွက်၍ နိုင်ငံတည်ငြိမ်မှုကို ပျက်ယွင်းအောင်ကြံဆောင်နေကြောင်း သိရှိရသဖြင့် တပ်မတော်အနေဖြင့် နိုင်ငံတော်၏ သဘာဝသယံဇာတများကို မသမာသူများမှ တရားမဝင်ခိုးထုတ်မှုများမရှိစေရေး၊ ဌာနဆိုင်ရာ အဖွဲ့များနှင့်ပူးပေါင်း၍ ဆက်လက် နယ်မြေရှင်းလင်းဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ရခိုင်ပြည်နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာန ၈၉ ခု၌ဖြေဆို

**စစ်တွေ မတ် ၁၁**

ရခိုင်ပြည်နယ်တွင် ၂၀၁၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာနပေါင်း ၈၉ ခုတွင် စာဖြေသူပေါင်း ၂၉၄၈၀ ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း၊ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး၏ စာစစ်သတင်းများ မှတ်တမ်းအရ သိရသည်။

ရခိုင်ပြည်နယ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုရန် ၃၁၆၅၄ ဦး လျှောက်ထားလျက်ရှိပြီး မတ် ၁၁ ရက် စာမေးပွဲစဖြေသောနေ့တွင် ၂၉၄၈၀ လာရောက်ဖြေဆိုရာ ဖြေဆိုမှု ၉၃ ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်းသိရသည်။ စစ်တွေခရိုင်တွင် လျှောက်ထားသူ ၈၄၃၇ ဦး၊ ဖြေဆိုသူ ၇၉၆၀၊ မြောက်ဦးခရိုင်တွင် လျှောက်ထားသူ ၇၆၂၈ ဦး၊ ဖြေဆိုသူ ၇၁၁၃ ဦး၊ မောင်တောခရိုင်တွင် လျှောက်ထား သူ ၃၀၄၂ ဦး၊ ဖြေဆိုသူ ၂၇၇၆ ဦး၊ သံတွဲခရိုင်တွင် လျှောက်ထားသူ ၅၄၀၄ ဦး၊ ဖြေဆိုသူ ၅၀၃၈ ဦး၊ ကျောက်ဖြူခရိုင်တွင် လျှောက်ထားသူ ၇၁၄၃ ဦး၊ ဖြေဆိုသူ ၆၅၉၃ ဦးရှိကြောင်း သိရသည်။

**လေးဝတီထွန်းစောခိုင်**

ပြည်တွင်းသတင်း

# မြန်မာတစ်နိုင်ငံလုံး၌ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသူ ၅၉၇၇၆၈ ဦးရှိ

**နေပြည်တော် မတ် ၁၁**

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့နံနက် ၉ နာရီတွင် မြန်မာတစ်နိုင်ငံလုံး၌ တစ်ပြိုင်တည်း စတင်ကျင်းပခဲ့ရာ မြန်မာစာဘာသာရပ်ဖြေဆိုမှုတွင် စာရင်းရှိ၊ ဖြေဆို၊ ပျက်ကွက်စာရင်း၊ ဖြေဆိုမှု ရာခိုင်နှုန်းနှင့် ပျက်ကွက်မှုရာခိုင်နှုန်းတို့မှာ **ကချင်ပြည်နယ်တွင်** စာရင်းရှိ ၂၇၄၀၂ ဦး၊ ဖြေဆိုသူ ၂၅၇၈၈ ဦး၊ ပျက်ကွက် ၁၆၁၄ ဦး၊ ဖြေဆိုသည့်ရာခိုင်နှုန်း ၉၄ ဒသမ ၁၁ ၊ ပျက်ကွက် ၅ ဒသမ ၈၉ ရာခိုင်နှုန်း ဖြစ်သည်။

**ကယားပြည်နယ်တွင်** စာရင်းရှိ ၄၅၁၉ ဦး၊ ဖြေဆိုသူ ၄၂၈၁ ဦး၊ ပျက်ကွက် ၂၃၈ ဦး၊ ဖြေဆိုသည့် ရာခိုင်နှုန်း ၉၄ ဒသမ ၇၃၊ ပျက်ကွက် ၅ ဒသမ ၂၇ ရာခိုင်နှုန်းဖြစ်သည်။

**ကရင်ပြည်နယ်တွင်** စာရင်းရှိ ၁၂၆၈၂ ဦး၊ ဖြေဆိုသူ၁၁၉၅၅ ဦး၊ ပျက်ကွက်၇၂၇ ဦး၊ ဖြေဆိုသည့် ရာခိုင်နှုန်း ၉၄ ဒသမ ၂၇ ရာခိုင်နှုန်း၊ ပျက်ကွက် ၅ ဒသမ ၇၃ ရာခိုင်နှုန်းဖြစ်သည်။

**ချင်းပြည်နယ်တွင်** စာရင်းရှိ ၁၀၉၃၄ ဦး၊ ဖြေဆိုသူ ၉၆၃၉ ဦး၊ ပျက်ကွက် ၁၂၉၅ ဦး၊ ဖြေဆိုသည့်ရာခိုင်နှုန်း ၈၈ ဒသမ ၁၆ ၊ ပျက်ကွက် ၁၁ ဒသမ ၈၄ ရာခိုင်နှုန်းဖြစ်သည်။

**စစ်ကိုင်းတိုင်းဒေသကြီးတွင်** စာရင်းရှိ ၈၀၀၇၉ ဦး၊ ဖြေဆိုသူ ၇၆၆၇၂ ဦး၊ ပျက်ကွက် ၃၄၀၇ ဦး၊ ဖြေဆိုသည့် ရာခိုင်နှုန်း ၉၅ ဒသမ ၇၅ ၊ ပျက်ကွက် ၄ ဒသမ ၂၅ရာခိုင်နှုန်းဖြစ်သည်။

**တနင်္သာရီတိုင်းဒေသကြီးတွင်** စာရင်းရှိ ၁၃၆၀၀ ဦး၊ ဖြေဆိုသူ ၁၂၉၄၄ ဦး၊ ပျက်ကွက် ၆၅၆ ဦး၊ ဖြေဆိုသည့် ရာခိုင်နှုန်း ၉၅ ဒသမ ၁၈ ၊ ပျက်ကွက် ၄ ဒသမ ၈၂ ရာခိုင်နှုန်း ဖြစ်သည်။

**ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)တွင်** စာရင်းရှိ ၃၁၇၉၉ ဦး၊ ဖြေဆိုသူ ၃၀၀၀၅ ဦး၊ ပျက်ကွက်၁၇၉၄ ဦး၊ ဖြေဆိုသည့်ရာခိုင်နှုန်း ၉၄ ဒသမ ၃၆ ၊ ပျက်ကွက် ၅ ဒသမ ၆၄ ရာခိုင်နှုန်းဖြစ်သည်။

**ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)တွင်** စာရင်းရှိ ၁၉၈၆၃ ဦး၊ ဖြေဆိုသူ ၁၈၆၉၅ ဦး၊ ပျက်ကွက် ၁၁၆၈ ဦး၊ ဖြေဆိုသည့်ရာခိုင်နှုန်း ၉၄ ဒသမ ၁၂ ၊ ပျက်ကွက် ၅ ဒသမ ၈၈ ရာခိုင်နှုန်း ဖြစ်သည်။

**မကွေးတိုင်းဒေသကြီးတွင်** စာရင်းရှိ ၅၉၃၅၈ ဦး၊ ဖြေဆိုသူ ၅၆၈၇၂ ဦး၊ ပျက်ကွက် ၂၄၈၆ ဦး၊ ဖြေဆိုသည့် ရာခိုင်နှုန်း ၉၅ ဒသမ ၈၁ ၊ ပျက်ကွက် ၄ ဒသမ ၁၉ ရာခိုင်နှုန်းဖြစ်သည်။

**မန္တလေးတိုင်းဒေသကြီးတွင်** စာရင်းရှိ ၉၁၂၆၇ ဦး၊ ဖြေဆိုသူ ၈၇၂၀၁ ဦး၊ ပျက်ကွက် ၄၀၆၆ ဦး၊ ဖြေဆိုသည့် ရာခိုင်နှုန်း၉၅ ဒသမ ၅၄ ၊ ပျက်ကွက် ၄ ဒသမ ၄၆ ရာခိုင်နှုန်းဖြစ်သည်။

**မွန်ပြည်နယ်တွင်** စာရင်းရှိ ၁၉၀၂၈ ဦး၊ ဖြေဆိုသူ ၁၈၁၇၀ ဦး၊ ပျက်ကွက် ၈၅၈ ဦး၊ ဖြေဆိုသည့်ရာခိုင်နှုန်း ၉၅ ဒသမ ၄၉ ၊ ပျက်ကွက် ၄ ဒသမ ၅၁ ရာခိုင်နှုန်းဖြစ်သည်။

**ရခိုင်ပြည်နယ်တွင်** စာရင်းရှိ ၃၁၆၅၄ ဦး၊ ဖြေဆိုသူ ၂၉၄၈၀ ဦး၊ ပျက်ကွက် ၂၁၇၄ ဦး၊ ဖြေဆိုသည့် ရာခိုင်နှုန်း ၉၃ ဒသမ ၁၃ ၊ ပျက်ကွက် ၆ ဒသမ ၈၇ ရာခိုင်နှုန်းဖြစ်သည်။

**ရန်ကုန်တိုင်းဒေသကြီးတွင်** စာရင်းရှိ ၁၀၆၁၆၇ ဦး၊ ဖြေဆိုသူ ၉၉၀၄၅ ဦး၊ ပျက်ကွက် ၇၁၂၂ ဦး၊ ဖြေဆိုသည့် ရာခိုင်နှုန်း ၉၃ ဒသမ ၂၉ ၊ ပျက်ကွက် ၆ ဒသမ ၇၁ ရာခိုင်နှုန်းဖြစ်သည်။

**ရှမ်းပြည်နယ်(တောင်ပိုင်း)တွင်** စာရင်းရှိ ၂၂၃၀၄ ဦး၊ ဖြေဆိုသူ ၂၀၉၆၅ ဦး၊ ပျက်ကွက် ၁၃၃၉ ဦး၊ ဖြေဆိုသည့်ရာခိုင်နှုန်း ၉၄ ဒသမ ၁၀ ၊ ပျက်ကွက် ၆ ဒသမ ၀၀ ရာခိုင်နှုန်းဖြစ်သည်။

**ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင်** စာရင်းရှိ ၁၄၉၀၅ ဦး၊ ဖြေဆိုသူ ၁၄၁၁၂ ဦး၊ ပျက်ကွက် ၇၉၃ ဦး၊ ဖြေဆိုသည့် ရာခိုင်နှုန်း ၉၄ ဒသမ ၆၈ ၊ ပျက်ကွက် ၅ ဒသမ ၃၂ ရာခိုင်နှုန်းဖြစ်သည်။

**ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင်** စာရင်းရှိ ၃၉၀၉ ဦး၊ ဖြေဆိုသူ ၃၆၅၀ ဦး၊ ပျက်ကွက် ၂၅၉ ဦး၊ ဖြေဆိုသည့် ရာခိုင်နှုန်း ၉၃ ဒသမ ၃၇ ၊ ပျက်ကွက် ၆ ဒသမ ၆၃ ရာခိုင်နှုန်းဖြစ်သည်။

**ဧရာဝတီတိုင်းဒေသကြီးတွင်** စာရင်းရှိ ၆၅၃၇၃ ဦး၊ ဖြေဆိုသူ ၆၁၉၃၅ ဦး၊ ပျက်ကွက် ၃၄၃၈ ဦး၊ ဖြေဆိုသည့် ရာခိုင်နှုန်း ၉၄ ဒသမ ၇၄ ၊ ပျက်ကွက် ၅ ဒသမ ၂၆ ရာခိုင်နှုန်း ဖြစ်သည်။

**နေပြည်တော်တွင်** စာရင်းရှိ ၁၇၃၆၆ ဦး၊ ဖြေဆိုသူ ၁၆၃၅၉ ဦး၊ ပျက်ကွက် ၁၀၀၇ ဦး၊ ဖြေဆိုသည့် ရာခိုင်နှုန်း ၉၄ ဒသမ ၂၀ ၊ ပျက်ကွက် ၅ ဒသမ ၈၀ ရာခိုင်နှုန်းဖြစ်သည်။

**တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် စာရင်းရှိ ၆၃၂၂၀၉ ဦး၊ ဖြေဆိုသူပေါင်း ၅၉၇၇၆၈ ဦး၊ ပျက်ကွက် ၃၄၄၄၁ ဦး၊ ဖြေဆိုသည့်ရာခိုင်နှုန်းအနေဖြင့် ၉၄ ဒသမ ၅၅ ရာခိုင်နှုန်းနှင့် ပျက်ကွက် ၅ ဒသမ ၄၅ ရာခိုင်နှုန်း ရှိကြောင်း** သိရှိရသည်။

(သတင်းစဉ်)



အထက(၁)ကြည့်မြင်တိုင်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုအပြီး ပျော်ရွှင်စွာထွက်လာကြသော ကျောင်းသား ကျောင်းသူများနှင့် လာရောက်ကြိုဆိုသော မိဘများကို တွေ့ရစဉ်။ ဓာတ်ပုံ-တင်ဝင်းလေး(ကြည့်မြင်တိုင်)

# ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတင်ကျင်းပ

**နေပြည်တော် မတ် ၁၁**

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့နံနက် ၉ နာရီတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ စာစစ်ဌာနပေါင်း (၁၃၅၅)ခုနှင့် နိုင်ငံရပ်ခြားရှိ မြန်မာနိုင်ငံသံရုံးများ၌ ဖွင့်လှစ်ထားသော စာစစ်ဌာန (၂၁)ခု စုစုပေါင်း စာစစ်ဌာန (၁၃၇၆)ခုတို့၌ တစ်ပြိုင်တည်း စတင်ကျင်းပရာ ကျောင်းသား/ကျောင်းသူများ ငြိမ်းချမ်းစွာ ဖြေဆိုကြသည်။

၂၀၁၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူများအနက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး စာစစ်ဌာန၌ ရှစ်ဦး၊ ချင်းပြည်နယ်တွင် ဆေးရုံစာစစ်ဌာန၌ ခြောက်ဦး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ဆေးရုံစာစစ်ဌာန၌ နှစ်ဦး၊ မွန်ပြည်နယ်တွင် ဆေးရုံစာစစ်ဌာန၌တစ်ဦး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)တွင် ဆေးရုံစာစစ်ဌာန၌ ငါးဦး၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဆေးရုံစာစစ်ဌာန၌ လေးဦး၊ ကရင်ပြည်နယ်တွင် ဆေးရုံစာစစ်ဌာန၌ နှစ်ဦးတို့ ပါဝင်ဖြေဆိုကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အလက(၁၂) စာစစ်ဌာနတွင် မျက်မမြင် ၁၄ ဦး၊ ကြည့်မြင်တိုင် မြို့နယ်အထက(၂)စာစစ်ဌာနတွင် မျက်မမြင် ခြောက်ဦး၊ ဒဂုံမြို့နယ် အထက(၂)စာစစ်ဌာနတွင် ဆွံ့အနားမကြားသုံးဦး၊ ဒဂုံမြို့နယ် အထက(၃) စာစစ်ဌာနတွင် ဆွံ့အနားမကြား(၁၂) ဦးတို့ ဖြေဆိုကြသည်။

ထို့အတူ ကိုယ်အင်္ဂါမသန်စွမ်း ဖြေဆိုမှုအနေဖြင့် အင်းစိန်မြို့နယ် အထက(၁) စာစစ်ဌာနတွင်(၁)ဦး၊ အင်းစိန်မြို့နယ် အထက(၄)စာစစ်ဌာနတွင်တစ်ဦး၊ ကွမ်းခြံကုန်းမြို့နယ် အထက(၁) စာစစ်ဌာနတွင် တစ်ဦး၊ ကျူတော အထကစာစစ်ဌာနတွင် (၁) ဦး၊ ကျောက်တန်း မြို့နယ်အထက(၂) စာစစ်ဌာနတွင် တစ်ဦး၊ လှိုင်သာယာ မြို့နယ် အထက(၈)စာစစ်ဌာနတွင် တစ်ဦး၊ သင်္ဃန်းကျွန်းမြို့နယ် အထက (၄)စာစစ်ဌာနတွင်တစ်ဦး၊ စမ်းချောင်း မြို့နယ်အထက(၂) စာစစ်ဌာနတွင် တစ်ဦး၊ တာမွေမြို့နယ် အထက(၁) စာစစ်ဌာနတွင်တစ်ဦး၊ တာမွေမြို့နယ် အထက(၃) စာစစ်ဌာနတွင် နှစ်ဦး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) အထက(၂) စာစစ်ဌာနတွင်တစ်ဦး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)အထက(၁) စာစစ်ဌာနတွင် တစ်ဦး၊ ဗဟန်းမြို့နယ် အထက (၁) စာစစ်ဌာနတွင် တစ်ဦးတို့ ဖြေဆိုကြသည်။

ထို့ပြင် ဗဟိုအကျဉ်းထောင် စာစစ်ဌာနတွင် (အကျဉ်းသား၊ အချုပ်သား) စာဖြေသူ ၁၇ ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) အထက(၁)စာစစ်ဌာနတွင် ကွန်ပျူတာဖြင့် ဝင်ရောက်ဖြေဆိုသည့် မသန်စွမ်းကျောင်းသူတစ်ဦးရှိကာ ယင်းကျောင်းသူအား အချိန်ပိုမိနစ် (၃၀) ပေး၍ ဖြေဆိုစေခဲ့သည်။

အထူးကိစ္စအနေဖြင့်လောက်ကိုင်ဒေသ တိုက်ပွဲရှောင်စာဖြေသူများအတွက် လားရှိုးမြို့နယ်တွင် ၆၁ ဦး၊ ကွမ်းလုံမြို့နယ်တွင် ၃၉ ဦး၊ နမ္မတူမြို့နယ်တွင်တစ်ဦး၊ တန့်ယန်းမြို့နယ်တွင် တစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီးတွင်သုံးဦး၊ ကျိုက်မရောမြို့နယ်တွင် နှစ်ဦး၊ ကန့်ဘလူမြို့နယ်တွင်တစ်ဦးနှင့် ပြင်ဦးလွင်မြို့နယ်တွင် တစ်ဦး စုစုပေါင်း ၁၀၉ ဦးဖြေဆိုရန် ဆက်သွယ်စီစဉ်ပေးခဲ့သည်။ လားရှိုးမြို့နယ်တွင် ဖြေဆိုသည့် ၆၁ ဦးအနက် လေးဦးမှာ ပျက်ကွက်ပြီး ကျန်စာစစ်ဌာနများတွင် စာရင်းရှိ အားလုံးဖြေဆိုကြကြောင်း သိရသည်။

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာစစ်ဌာနပေါင်း ၁၃၅၅ ခု၌ စာရင်းသွင်းအင်အား ၆၃၂၂၀၉ ဦး ရှိသည့်အနက် ၅၉၇၇၆၈ဦး ဝင်ရောက်ဖြေဆိုလျက်ရှိရာ ဖြေဆိုသူအင်အား ၉၄ ဒသမ ၅၅ ရာခိုင်နှုန်းရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တက္ကသိုလ်ဝင်စာမေးပွဲ နိုင်ငံတစ်ဝန်းတွင် အေးချမ်းစွာဖြေဆိုလျက်ရှိ



**တာချီလိတ်**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲများကို မတ် ၁၁ ရက်က စတင်၍ မြန်မာနိုင်ငံတစ်ဝန်းတစ်ပြိုင်နက် ဖြေဆိုလျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်အတွင်းရှိ တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် စာစစ်ဌာနကို အခြေခံပညာအထက်တန်းကျောင်း (တာချီလိတ်)နှင့် အခြေခံပညာအထက်တန်းကျောင်း (တာလေ)တို့တွင် ဖွင့်လှစ်ထားရာ တာချီလိတ်စာစစ်ဌာနသို့ အထက (တာချီလိတ်)၊ အထက(ဆန်ဆိုင်း)၊ အထက (ဟောင်လိတ်)၊ အထက (ဝမ်နက်)၊ အထက(မိုင်းကိုး)နှင့် ရွှေမဟာကိုယ်ပိုင် အထက်တန်းကျောင်းနှင့် ပြင်ပဖြေ ဘော်ဒါဆောင်များမှ ကျောင်းသား ကျောင်းသူများအပါအဝင် ၆၇၀ ဝင်ရောက်ဖြေဆိုကြပြီး တာလေစာစစ်ဌာနသို့ ကျောင်းသား ကျောင်းသူ ၁၅၄ ဦး ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။

အဆိုပါစာစစ်ဌာနများတွင် စာမေးပွဲ ဝင်ရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေး၊ လုံခြုံရေး၊ အေးချမ်းပျော်ရွှင်စွာဖြေဆိုနိုင်ရေးတို့အတွက် တာချီလိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်ဝင်း ရွှေ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ်ပညာရေးမှူး ဦးစိန်ထွန်းလှနှင့် တာဝန်ရှိသူများ၊ အဖွဲ့ အစည်းများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မောင်ယဉ်ကျေး

**သီပေါ**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ် ဝင်စာမွေးပွဲကို မတ် ၁၁ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါ စာစစ်ဌာနသုံးခု၌ စတင်ကျင်းပရာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဝင်ရောက်ဖြေဆိုကြသည်။

အမှတ် (၁) အထက စာစစ်ဌာနတွင် အတွဲ(၁)နှင့် အတွဲ(၇)ကို ၆၈၄ ဦး၊ အထက်တန်းကျောင်းခွဲလ(၂)တွင် အတွဲ(၁)နှင့် (၂)ကို ၉၅ ဦး၊ နမ့်လန် အထက စာစစ်ဌာနတွင် အတွဲ(၁)၊ အတွဲ(၂)နှင့် အတွဲ(၇)ကို ကျောင်းသား ကျောင်းသူ ၁၁၅ ဦးဖြစ်ပြီး စုစုပေါင်း မြို့နယ်စာစစ်ဌာနသုံးခုတွင် ၈၉၄ ဦး ဝင်ရောက်ဖြေဆိုကြသည်။

စာမေးပွဲဖြေဆိုကြသည့် ကျောင်းသားကျောင်းသူများ၏ လုံခြုံရေး၊ ကျန်းမာရေးနှင့် အခြားလိုအပ်ချက်များကို မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်မမလတ်၊ စာမေးပွဲကြီးကြပ်ရေးကော်မတီများနှင့် မြို့မိမြို့ဖများက ကူညီစောင့်ရှောက်ပေးကြသည်။

စာဖြေကျောင်းသား ကျောင်းသူများသည် စာစစ်ချိန်စေ့သည်အထိ ဖြေဆိုကြပြီး စာစစ်ခန်းမှ ပျော်ရွှင်စွာ ထွက်ခွာလာကြသည်ကို တွေ့ရသည်။

စိုင်း(သီပေါ)



**ညောင်လေးပင်**

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကိုပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် မတ် ၁၁ ရက်မှစတင်၍ ဖြေဆိုနေပြီဖြစ်ရာ ယနေ့မြန်မာစာ ဖြေဆိုသောနေ့တွင် ညောင်လေးပင်မြို့နယ်အနေဖြင့် စာဖြေဌာန ခုနစ်ခုဖြစ်သော အထက(၁)ညောင်လေးပင်၊ အထက(၂)ညောင်လေးပင်၊ အထက(ခွဲ) ညောင် လေးပင်၊ အထက(၁) ပြွန်တန်ဆာ၊ အထက(၂) ပြွန်တန်ဆာ၊ အထက ပိန်းဇလုပ်၊ အထက မဒေါက်တို့တွင် စာဖြေသူ ကျောင်းသား ၁၃၂၇ ဦး၊ ကျောင်းသူ ၁၆၇၇ ဦး စုစုပေါင်း ၃၀၀၄ ဦး အေးချမ်းစွာ ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။

ခင်အောင်လှိုင်(ညောင်လေးပင်)

**ဖြူး**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်တွင် မတ် ၁၁ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြူးမြို့တွင် စာစစ်ဌာန နှစ်ခု၊ ကညွတ်ကွင်းမြို့တွင် စာစစ်ဌာနနှစ်ခု၊ ဇေယျာဝတီမြို့တွင် စာစစ်ဌာနတစ်ခုနှင့် ညောင်ပင်သာတွင် စာစစ်ဌာနတစ်ခု၊ စာစစ်ဌာနပေါင်း ခြောက်ခု၊ မြို့နယ်များအတွင်းရှိ အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူပေါင်း ၂၈၉၄ ဦးတို့က မတ် ၁၁ ရက် နံနက် ၉ နာရီမှ စတင်၍ မိမိတို့ဖြေဆိုခွင့်ရစာစစ်ဌာနများသို့ တက္ကသိုလ်ဝင်စာမေးပွဲကို အေးချမ်းစွာ လာရောက်ဖြေဆိုနေကြပြီးဖြစ်သည်။

မြင့်ဦး(ဖြူး)

# နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်း ထမ်းရွက်နေသော တပ်မတော်သားများအား အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် မတ် ၁၁**

နိုင်ငံတော် ကာကွယ်ရေး တာဝန်များကို သက်စွန့်ကြိုးပမ်း ထမ်းရွက်နေကြသော တပ်မတော်သားများအား ဂုဏ်ပြုသောအားဖြင့် ပဋ္ဌမအကြိမ် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၁၀ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး စစ်ဌာနချုပ် အနော်ရထာခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အလှူငွေပေးအပ်ပွဲသို့ တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော် အရာရှိကြီးများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိစစ်သည် မိသားစုများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရန်ကုန်တိုင်း အိမ်ခြံမြေလုပ်ငန်းရှင်များ၊ ပရဟိတအသင်းဥက္ကဋ္ဌ ဦးစိုးခွန်နောင်က "ကျွန်တော်တို့ အသင်း အနေနဲ့ ဒီနေ့ငွေကျပ်သိန်း ၃၀ လာလှူတာပါ၊ နိုင်ငံတော်တာဝန်တွေကို သက်စွန့်ဆံဖျား ထမ်းဆောင်နေကြတဲ့ တပ်မတော်သားတွေနဲ့ သူတို့ရဲ့ မိသားစုတွေကို ကိုယ်ချင်းစာစိတ်နဲ့ အခုလို လှူဒါန်းဖို့ ဖြစ်လာတာပါ" ဟု ပြောသည်။

အဆိုပါ အခမ်းအနားတွင် စေတနာရှင် အလှူရှင်များက စုစုပေါင်း အလှူငွေကျပ် ၁၂၄၉၄၅၀၀၀၊ အမေရိကန်ဒေါ်လာ ၁၀၀ နှင့် ငွေကျပ် ၄၆၄၄၄၉၀၀ တန်ဖိုးရှိ ကုန်ပစ္စည်းများအား အသီးသီးပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ထွန်းထွန်းနောင်က လက်ခံရယူပြီး အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

နိုင်ငံတော် ကာကွယ်ရေး တာဝန်များကို သက်စွန့်ကြိုးပမ်း ထမ်းရွက်နေကြသော တပ်မတော်သားများအား ဂုဏ်ပြုသောအားဖြင့် စေတနာရှင် အလှူရှင်များက ရန်ကုန်တိုင်း စစ်ဌာနချုပ်သို့ နေ့စဉ်အဆက်မပြတ် လာရောက်လှူဒါန်းလျက်ရှိရာ ပထမအကြိမ် လှူဒါန်းသည့် ဖေဖော်ဝါရီ ၁၄ ရက်မှ ယနေ့အထိ လှူဒါန်းရရှိငွေ စုစုပေါင်းမှာ ငွေကျပ် ၉၆၁၇၀၆၈၀၀၊ အမေရိကန်ဒေါ်လာ ၇၄၃၁၊ စင်ကာပူဒေါ်လာ ၃၀၀၊ ထိုင်းဘတ်ငွေ ၁၀၀၀ နှင့် ကုန်ပစ္စည်းတန်ဖိုး ငွေကျပ် ၇၅၀၆၃၃၂၀ ရှိပြီ ဖြစ်ကြောင်း ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ သိရသည်။

**သတင်း/ဓာတ်ပုံ-ဝေလင်း**




## မြန်မာ ယူ-၂၂ အသင်း ဂျပန် ယူ-၂၂ နှင့် ခြေစမ်းပွဲ၌ ဂိုးပြတ်ရှုံးနိမ့်

အာရှ ယူ-၂၃ ခြေစစ်ပွဲဝင်မည့် မြန်မာ ယူ-၂၂ အသင်းသည် ခြေစစ်ပွဲ အကြိုပြင်ဆင်မှုအဖြစ် ဂျပန် ယူ-၂၂ အသင်းနှင့် ယနေ့ မြန်မာစံတော်ချိန် ညနေ ၄ နာရီ မိနစ် ၄၀ တွင် ဂျပန်နိုင်ငံ၌ ခြေစမ်းကစားရာ ကိုးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်သွားကြောင်း သတင်းရရှိသည်။

**(မြန်မာ့အလင်း)**

## ပုဏ္ဏားကျွန်း၌ မီးလောင်မှုဖြစ်

**ပုဏ္ဏားကျွန်း မတ် ၁၁**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ ရွာဟောင်းရပ်ကွက်နေ ဦးမောင်အေးထွန်း (၅၀နှစ်)၏ သွပ်မိုး ဝါးထရံကာ ပျဉ်ခင်းမြေစိုက်နေအိမ်သည် မတ် ၁၁ ရက် နံနက် ၁၁ နာရီ ၅၅ မိနစ်က မီးလောင်မှုဖြစ်ပွားရာ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်နှစ်စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် အိမ်နှင့် အိမ်ထဲရှိ ဝမ်းစာစပါးများ မီးထဲပါသွားခဲ့ပြီး မီးလောင်မှုကို ပုဏ္ဏားကျွန်းမြို့နယ်ရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **အိုင်ဗီ**




# မောင်းနှင်ခွင့်မရှိယာဉ်နောက်လိုက် ယာဉ်တက်မောင်းရာမှ အရှိန်မထိန်းနိုင်သည့် တော်ဝင်ကား လမ်းလယ်တုံးများကိုတိုက်

**နေပြည်တော် မတ် ၁၁**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၂၉/၁) နှင့် (၁၂၉/၂)အကြား အုတ်တွင်းမြို့နယ် ဗောဓိကုန်းအမြန်လမ်းမကြီး ရဲစခန်းပိုင်နေရာ၌ ယမန်နေ့ ည ၉ နာရီ မိနစ် ၂၀ က ယာဉ်မတော်တဆမှု ဖြစ်ပွားသည်။

ဖြစ်စဉ်မှာ နေပြည်တော်မှ ရန်ကုန်သို့ အောင်နွယ်ဦး (ယာဉ်နောက်လိုက်)မောင်းနှင်လာသော 6I/---- တော်ဝင်ခရီးသည်တင် မှန်လုံယာဉ်မှာ ရှေ့မှကားလေးကို ကျော်တက်ရာမှ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်း ကာရံထားသော ကပ်တုံး ၁၅ တုံးကို တိုက်မိပြီးနောက် Under Pass တံတားပေါင်အစပ်၌ ရပ်တန့်ကာ ယာဉ်မောင်းသူနှင့် ယာဉ်မောင်းခွင့်ပြုခဲ့သူတို့နှစ်ဦးမှာ ထွက်ပြေးသွားခဲ့သည်။ တော်ဝင်ခရီးသည်တင် မှန်လုံယာဉ်ပေါ်၌ ခရီးသည် အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၂၀ စီးနင်းလိုက်ပါခဲ့ပြီး ခရီးသည် ၃၅ ဦး အနက်မှ ဦးဆန်းအောင်ထွေး(၃၄နှစ်)နှင့် ဦးအောင်မင်းထွန်း (၃၃နှစ်)၊ ခင်ငြိမ်းချမ်း (၂၇နှစ်)တို့ (မစိုးရိမ်ရ)ဒဏ်ရာများ ရရှိခဲ့သည်။

အခင်းဖြစ်ပွားရာသို့ ဇီးပင်သာ အမြန်လမ်းမကြီး ရဲစခန်း၊ ဗောဓိကုန်း အမြန်လမ်းမကြီးရဲစခန်း၊ ဖြူးအမြန်လမ်းမကြီး ရဲစခန်း၊ အမြန်လမ်း မီးသတ်တပ်ဖွဲ့၊ အမြန်လမ်းမကြီး ဆောက်လုပ်ရေး(လမ်းပြင်/ထိန်း)မှ တာဝန်ရှိသူများနှင့် တပ်ဖွဲ့ဝင်များ အချိန်နှင့်တစ်ပြေးညီ ရောက်ရှိကာ ဒဏ်ရာရသူများကို တပ်ဖွဲ့ပိုင် လူနာတင်ယာဉ်ဖြင့် ဖြူးမြို့နယ် ဆေးရုံသို့ ကူညီပို့ဆောင်နိုင်ခဲ့သည်။ ယာဉ်မတော်တဆ ဖြစ်ပွားမှုကြောင့် 6I/---- တော်ဝင်ခရီးသည်တင် မှန်လုံယာဉ်မှာရှေ့လေကာမှန်ကွဲ၊ ရှေ့ခေါင်းပိုင်းပိန်ချိုင့်၊ ဝဲ/ယာ ရှေ့မီးကွဲ၊ အတက် အဆင်းတံခါးပိန်ချိုင့်၊ မှန်ကွဲ၊ ဘော်ဒီယာဘက်ခြမ်း ပိန်ချိုင့်ပျက်စီးဆုံးရှုံးသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းနှင်ခွင့်မရှိသူ တက်ရောက်မောင်းနှင်ရာမှ ယာဉ်မတော်တဆ ထိခိုက်မှုဖြစ်ပွားသူ ယာဉ်မောင်း အောင်နွယ်ဦး (ယာဉ်နောက်လိုက်) နှင့် မောင်းနှင်ခွင့်မရှိသည့် ယာဉ်နောက်လိုက်အား တက်ရောက်မောင်းနှင်စေရာမှ ယာဉ်တိုက်မှုဖြစ်ပွားစေသည့် ယာဉ်မောင်း သုခစိုးတို့ နှစ်ဦးအပေါ် ဥပဒေအရ အရေးယူသွားမည်ဖြစ်ပြီး တာဝန်ရှိသူများက အခင်းဖြစ်ရပ်စစ်ဆေးခြင်း၊ မြေပုံကြမ်းရေးဆွဲခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ခြင်း၊ သက်သေခံယာဉ်အား သိမ်းဆည်းခြင်းများပြုလုပ်ကာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသော ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေးအတွက် ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

**မျိုးဇေယျာ(ပျဉ်းမနား)**




## ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းနယ်မြေအတွင်းရှိ အောက်ပါဆိပ်ကမ်းများ ဆိပ်ကမ်းအခွန်အခကောက်ခံရေး ဆောင်ရွက်လိုပါသဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

မန္တလေးတိုင်းဒေသကြီးဆိပ်ကမ်းများ
(၁) မန္တလေးဆိပ်ကမ်း
(၂) အမရပူရဆိပ်ကမ်း

တင်ဒါပုံစံရောင်းချခြင်း၊ တင်သွင်းခြင်း-
ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
မန္တလေးတိုင်းဒေသကြီးရုံး၊ ဂေါဝိန်၊ ကျောက်ကွေ့ရပ်၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့

**တင်ဒါပုံစံယူရမည့်ရက်** - ၁၂-၃-၂၀၁၅ ရက်မှ ၂၅-၃-၂၀၁၅ ရက်အထိ ရုံးချိန်အတွင်း
**တင်ဒါပိတ်မည့်ရက်** - ၂၅-၃-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့)၊ ၁၂:၀၀နာရီ
**တင်ဒါဖွင့်လှစ်မည့်ရက်နှင့် အချိန်** - ၂၆-၃-၂၀၁၅ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂:၀၀ နာရီ

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၂-၆၀၂၃၇ သို့ တိုက်ရိုက်ဆက်သွယ် မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စီမံကိန်းလုပ်ငန်းအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ ရေတံခွန်တောင်ဂေါက်ကွင်းအား အဆင့်မြင့်တိုးချဲ့တည်ဆောက်ရန်အတွက် တင်ဒါခေါ်ယူခြင်းဖြစ်ပါသည်။
၂။ တင်ဒါလျှောက်လွှာရောင်းချမည့်ရက်မှာ ၁၆-၃-၂၀၁၅ ရက်မှ ၁၀-၄-၂၀၁၅ ရက်အထိ ဖြစ်ပါသည်။
၃။ အဆင့်မြင့်တင်ဆောင်ရွက်ရာတွင် BOT (Built Operate Transfer) တည်ဆောက်၊ ဆောင်ရွက်လွှဲပြောင်းခြင်း၊ စနစ်ဖြင့် နှစ်ရှည်ဆောင်ရွက်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်းမှ မည်သည့်ကုမ္ပဏီအဖွဲ့အစည်းမဆို တင်ဒါတင်သွင်းနိုင်ပါသည်။
၄။ တင်ဒါတင်သွင်းလိုသူများအနေဖြင့် မိမိတို့ဆောင်ရွက်မည့် စီမံကိန်းဆိုင်ရာအချက်အလက်များဖော်ပြပါရှိသော Conceptual Plan နှင့်အတူ ၂၃-၄-၂၀၁၅ ရက် မွန်းလွဲ ၁:၀၀နာရီအတွင်း ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနသို့ ပေးပို့ရပါမည်။ ကော်မတီမှသတ်မှတ်သည့်ရက်တွင် စီမံကိန်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို Power Point ဖြင့် သီးသန့်ရှင်းလင်းတင်ပြရပါမည်။
၅။ တင်ဒါလျှောက်လွှာတွင် ရေတံခွန်တောင်ဂေါက်ကွင်း၏ လက်ရှိအခြေအနေနှင့် စီမံကိန်းဆိုင်ရာလိုအပ်ချက်များကို ဖော်ပြထားပါသည်။ တင်ဒါလျှောက်လွှာတစ်စုံလျှင် ငွေကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်း)နှုန်းဖြင့် ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန (၄၀×၄၁)လမ်းကြား (၆၂×၆၃)လမ်းကြား မနော်ရမ္မဥယျာဉ်သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ (ဖုန်း-၀၂-၆၂၃၀၈)

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ပဲခူးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး ဆောက်လုပ်ခြင်းအတွက် အိတ်ဖွင့်တင်ဒါများခေါ်ယူအပ်ပါသည်။
၂။ တင်ဒါပုံစံတစ်စောင်လျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် ပဲခူးတိုင်းဒေသကြီး၊ အခွန်ဦးစီးဌာနမှူးရုံး၊ အမှတ်(၃၉)၊ ဂေါ်သဇင်လမ်း၊ ရုံးကြီးရပ်ကွက်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၆-၃-၂၀၁၅ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၂၆-၃-၂၀၁၅ရက်၊ ၁၅:၃၀ နာရီ
(ဂ) **တင်ဒါတင်ရမည့်နေရာ** - အမှတ်(၃၉)၊ ဂေါ်သဇင်လမ်း၊ ရုံးကြီးရပ်ကွက်၊ ပဲခူးတိုင်းဒေသကြီး

၃။ တင်ဒါခေါ်မည့်လုပ်ငန်းများအတွက် ကွင်းဆင်းကြည့်ရှုလေ့လာရန် လိုအပ်ပါသည်။
၄။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**ပဲခူးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး**
**အမှတ်(၃၉)၊ ဂေါ်သဇင်လမ်း၊ ရုံးကြီးရပ်ကွက်၊ ပဲခူးတိုင်းဒေသကြီး**
**ဖုန်း-၀၅၂-၂၀၁၀၈၊ ၀၅၂-၂၂၁၀၂**
**တင်ဒါခေါ်ယူရေးအဖွဲ့၊ ပဲခူးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး**

ကြော်ငြာ

နှစ်ပေါင်း(၇၀)တိုင် MAIN STREAM MEDIA အဖြစ်ရပ်တည်လာခဲ့သော...

သင့်ရဲ့တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းကြော်ငြာများကို(၅၁)သန်းသော
ပြည်သူတွေထံသို့ အရောက်ပို့ပေးနိုင်သော...

နိုင်ငံတကာသုတေသနအဖွဲ့များရဲ့ လေ့လာတွေ့ရှိချက်အရ
သတင်းအချက်အလက်မှန်ကန်တိကျမှုကို ပရိသတ်များ၏ ယုံကြည်မှုအမြင့်မားဆုံးရရှိထားသော....

မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာနေ့စဉ်ဖြစ်ပျက်နေတဲ့သတင်းများကို
နာရီပြည့်တိုင်းတင်ဆက်ပေးနေသော....

NATION WIDE NEWS CHANNEL

MRTV



ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာများမှာ
သင့်ရဲ့ တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းကြော်ငြာများကို ထည့်သွင်းကြော်ငြာခြင်းအားဖြင့်
ရုပ်မြင်သံကြား ကြော်ငြာများတွင် ရာခိုင်နှုန်းအလိုက် သက်သာခွင့်ရရှိစေမည့်

**Cross Package အခွင့်အလမ်း**

| သတင်းစာကြော်ငြာ အရွယ်အစား | MRTV တွင် သက်သာမည့်နှုန်းထား |
|---|---|
| မျက်နှာပြည့်ကြော်ငြာ (Full Page) | ၄၀ % |
| မျက်နှာဝက်ကြော်ငြာ (Half Page) | ၂၀ % |
| ၄ လက်မ x ၆ ကော်လံ (Quarter Page) | ၁၀ % |

မည်သည့်ကြော်ငြာ၊ မည်သည့်စက္ကန့်အပေါ်တွင်မဆို တစ်ကြိမ် လျှော့ပေါ့ပေးသွားမည်

၂၀၁၅ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ ဇွန်လ (၃၀) ရက်နေ့ထိသာ

ဆက်သွယ်ရန်လိပ်စာ- မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဆက်သွယ်ရန် ဖုန်းနံပါတ်- ၀၁-၅၃၅၈၀၀
ဆက်သွယ်ရန်လိပ်စာ- မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)
ဆက်သွယ်ရန် ဖုန်းနံပါတ်- ၀၆၇-၇၉၀၁၉၃၊ Gmail : mrtv.commercial@gmail.com

# ကစားမှာလား နားမှာလား

မောင်ဆွေ (တောင်ငူ)

ယခုတလော မိဘအုပ်ထိန်းသူလူကြီးများနှင့် ကျောင်းဆရာ ဆရာမတို့၏ နှုတ်ဖျားမှ "ကလေးသူငယ်များနှင့်လူငယ်အချို့တို့မှာ ဂိမ်းဆိုင်၊ မန်းနီးဂိမ်းဆိုင်များဖြင့် အချိန်ဖြုန်းကာ ပျက်စီးနေကြသည်"ဟု ပြောကြား ညည်းညူသည့်စကားသံများ ခပ်စိပ်စိပ်ကြားလာနေရသည်။ အထူးသဖြင့် တက္ကသိုလ်ကျောင်းများ၊ ကွန်ပျူတာတက္ကသိုလ်နှင့်နည်းပညာတက္ကသိုလ်များ၊ စက်မှုလက်မှုအထက်တန်းကျောင်းများ၊ ပညာရေးကောလိပ်နှင့်အခြေခံပညာအထက်တန်းကျောင်းများ ပေါများတည်ရှိသည့်မြို့ ကြီးပြကြီးများ၌ အသစ်အဆန်းကို စမ်းသပ်လိုကြသော ကျောင်းသားလူငယ်များ အရေအတွက်ဦးရေ အလွန်ပေါများသည်ဖြစ်ရာ ထိုကဲ့သို့သော မြို့ကြီးများ၌ ဂိမ်းဆိုင်များတွင် ဝင်ရောက်လောင်းကစားခြင်းဖြင့် အချိန်ဖြုန်းလေလွင့်နေကြသော ကျောင်းသားလူငယ်များမှာ ပိုမိုများပြားကြောင်း သိရသည်။

ဂိမ်းဆိုင်များသည် ရိုးရိုးမဟုတ်ဘဲ အကြွေစေ့များအား စက်ကိရိယာများထဲသို့ထည့်ကာ လောင်းကစားမှုပြုကြသည့် ကာစီနို လောင်းကစားဝိုင်းများဖြစ်ကြသည်။ ထိုလောင်းကစားဝိုင်းများ တည်ထောင်ထားကြသူများမှာ ကလေးများမဟုတ်ကြဘဲ လူကြီးများဖြစ်ကြသဖြင့် စင်စစ်အားဖြင့်ကျောင်းသားလူငယ်များမှာ ၎င်းတို့ပင်ကိုစိတ်ရင်းအရ ပျက်စီးကြခြင်းမဟုတ်ကြဘဲ ထိုလူကြီးများက ဖျက်ဆီးကြ၍သာ ကလေးများလေလွင့် ပျက်စီးကြရခြင်းဖြစ်ကြောင်းကို အမှန်အတိုင်းသိမြင်နားလည်ရန် သင့်ကြပေသည်။

မန်းနီးဂိမ်းဆိုင်များကို တည်ထောင်ဖွင့်လှစ်ကြသူများသည် ကလေးကစားကွင်းဟု အမည်တပ်ကာ သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ လုပ်ငန်းလိုင်စင်ရယူခဲ့ကြပြီး ဥပဒေကို လက်တစ်လုံးခြားလုပ်၍ မန်းနီးဂိမ်းဆိုင်များဖွင့်လှစ်ကာ လောင်းကစားဒိုင်အဖြစ် လုပ်ငန်းဆောင်ရွက်နေကြခြင်းဖြစ်သည်။ အဆိုပါ မန်းနီးဂိမ်းဆိုင်များတွင် ကျောင်းသားလူငယ်များသာမက လူကြီးများပါ ဝင်ရောက်လောင်းကစားမှုပြုကြသည်ဖြစ်ရာ စာရေးသူတို့ တောင်ငူမြို့အနေအထားဖြင့် မန်းနီးဂိမ်းဆိုင်တစ်ဆိုင်၏ တစ်နေ့တာလည်ပတ်မှု ငွေကြေးပမာဏသည် နေ့စဉ်ပျမ်းမျှမြန်မာ ငွေကျပ်သိန်းသုံးဆယ်ခန့်ရှိကြောင်း သိရသည်။

မန်းနီးဂိမ်းဆိုင်အများစုမှာ နိုင်ငံတော်အစိုးရ၏ အခြေခံပညာစာသင်ကျောင်းများ၏ရှေ့တည့်တည့်နှင့် အနီးဝန်းကျင်တို့တွင် အများအားဖြင့် နီးကပ်စွာ တည်ရှိကြသည်ဖြစ်ရာ စာရေးသူတို့၏တောင်ငူမြို့၌ ဗိုလ်မှူးဖိုးကွန်းလမ်း ဈေးတန်းဟောင်းမူလတန်းလွန်ကျောင်းရှေ့မျက်နှာချင်းဆိုင်အရပ်တွင် တစ်ဆိုင်၊ ဈေးတန်းဟောင်းမူလတန်းလွန်ကျောင်း အရှေ့ဘက်အရပ်တွင် တစ်ဆိုင်၊ နံပါတ် (၆)လမ်း ဂုဏ်တန်မူလတန်းကျောင်း အနီးတွင် တစ်ဆိုင်၊ ကန်လမ်းတရုတ်ဘုံကျောင်း (အမှတ်-၂ တွဲဖက်အထက်တန်းကျောင်း) အနီးတွင် တစ်ဆိုင်၊ (၇)လမ်းအရှေ့ပိုင်းထဲတွင် တစ်ဆိုင်၊ မင်းကြီးညို ရပ်ကွက်တွင် တစ်ဆိုင်၊ ဦးပန်းဖြူလမ်းထဲ၌ တစ်ဆိုင်၊ ရန်ကုန်-မန္တလေး အဝေးပြေးလမ်း လမ်းဟောင်း အုတ်ကျွတ်တန်းတွင် တစ်ဆိုင်၊ ရပ်ကွက် (၆) (၃) လမ်းတွင် တစ်ဆိုင်၊ ရပ်ကွက် (၂) ရခိုင်စုရပ် လျှပ်စစ်လမ်းတွင် တစ်ဆိုင်အပါအဝင် ငွေအကြွေစေ့များကို အသုံးပြု၍ လောင်းကစားမှုပြုနေကြသော မန်းနီးဂိမ်းဆိုင် ၁၀ ဆိုင် ဝန်းကျင်ခန့်ရှိကြောင်း သိရသည်။

ထိုမန်းနီးဂိမ်းဆိုင်များကို အကြောင်းပြု၍ ခိုးထုတ်မှုများဖြစ်ပွားခဲ့ဖူးပြီး မန်းနီးဂိမ်းရှုံးသဖြင့် မိဘအားပြန်၍ ရင်မဆိုင်ဝံ့ကြသော ကျောင်းသားလေးတစ်ဦးမှာ ကြံမိကြံရာထွက်ပေါက်ရှာခဲ့သဖြင့် ဆိုင်ကယ်ခိုးမှုအား ကျူးလွန်မိခဲ့ကြသည့် ဖြစ်ရပ်များသာဓကရှိနေခဲ့ပြီဖြစ်ရာ ထိုဖြစ်ရပ်များ၏ အဓိကတရားခံဖြစ်သော မန်းနီးဂိမ်းဆိုင်များ နိုင်ငံတစ်ဝန်းလုံးတွင် ချုပ်ငြိမ်းပပျောက်သွားစေရန်အတွက် ဥပဒေကို လက်တစ်လုံးခြားပြုကာ ကလေးကစားကွင်းဟု အမည်ခံဗန်းပြ၍ လုပ်ငန်းလိုင်စင်ယူထားကြပြီး နောက်ကွယ်တွင် လောင်းကစားမှုပြုနေကြသော လောင်းကစားဒိုင်ကြီးများ လိုင်စင်များပြန်လည်ရုပ်သိမ်းထားပေးရုံမျှလောက်အဆင့်ဖြင့် တာဝန်ကျေလုပ်ဆောင်ခြင်းမျိုးမဟုတ်ကြဘဲ တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်းနည်းလမ်းဖြင့် လောင်းကစားမှုလျော့နည်းကျဆင်းရေး၊ ရာဇဝတ်မှုခင်းဖြစ်ပွားမှုလျော့နည်းကျဆင်းရေး၊ အနာဂတ်၏သားကောင်းရတနာ ကျောင်းသား ကျောင်းသူ လူငယ်၊ လူရွယ်များအား ရိုးသားဖြူစင်သော၊ တော်တည့်ဖြောင့်မှန်သော၊ စာရိတ္တကောင်းမွန်မြင့်မားသူများဘဝရောက်ကြစေရန် လူကြီးများက ရိုးသားစွာ မြေတောင်မြှောက် စောင့်ရှောက်ပေးကြရမည်သာဖြစ်ပါသည်။

ထို့ကြောင့် လူကြီးများအနေဖြင့် ကလေးသူငယ်များအား ဖျက်ဆီးကြသူလူကြီးများအဖြစ်မှ၊ ကလေးသူငယ်များအပေါ် ဂုတ်သွေးစုပ် အမြတ်ထုတ်စီးပွားရှာကြသည့် မတော်လောဘသမားများအဖြစ်မှ၊ ရပ်တန်းမှရပ်ကြလျက် ကလေးသူငယ်များမှ စံပြုအားထားကြရသည့် လူကြီး လူကောင်းဘဝဖြင့် တိုင်းပြည်တာဝန်များကို ပါဝင်ထမ်းဆောင်နိုင်ကြသည့် ပြည်သူပြည်သူများဘဝအား ပိုင်ဆိုင်နိုင်ကြပါစေကြောင်း စေတနာကောင်းဖြင့် ဆုမွန်ကောင်းခြွေရေးသားတင်ပြလိုက်ရပါတော့သည်။

# မန္တလေးအပျော်တမ်း တောင်တက်စက်ဘီးစီးအသင်း ချင်းပြည်နယ် အသည်းနှလုံးပုံ ရိဒ်ရေကန်မှ ကလေးမြို့သို့ရောက်ရှိ

**ကလေး မတ် ၁၁**

မန္တလေးမြို့မှ အစပြုကာ မန္တလေး အပျော်တမ်းတောင်တက်စက်ဘီးစီးအသင်း(Mandalay Bike Adventures- MBA) က Tour of Chin State 2015 ခရီးစဉ်အဖြစ် ချင်းပြည်နယ် ဖလမ်းခရိုင် ရိဒ်ခေါဒါရ်မြို့အနီးရှိ ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၂၉၆၆ မြင့်သော တောင်ကုန်းပေါ်တွင် သဘာဝအတိုင်းဖြစ်ပေါ်သည့် အသည်းနှလုံးပုံသဏ္ဌာန် ရိဒ်ရေကန်သို့ခရီးရှည်စီးနင်းရာမှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ မတ် ၈ ရက်ညနေ ၃ နာရီကရောက်ရှိလာပြီး ခေတ္တရပ်နား၍ တမူးမြို့သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါ စက်ဘီးခရီးရှည်စီးနင်းမှုကို မတ် ၂ ရက်က မန္တလေးမှ ဟားခါးမြို့သို့ မော်တော်ကားဖြင့် ခရီးစဉ်စတင်၍ ဟားခါး-ဖလမ်း-ရိဒ်ခေါဒါရ် (ရိဒ်)-တီးတိန်မြို့မှ စစ်ကိုင်း တိုင်းဒေသကြီး ကလေး-တမူးမြို့ နန်းဖာလုံဈေးများသို့ သက်ကြီးပိုင်းနှင့် လူငယ်ပိုင်းများ ပါဝင်သည့် စက်ဘီးစီးအဖွဲ့ ၂၅ ဦး လိုက်ပါစီးနင်း၍ မန္တလေးအပြန်ခရီးကို တမူးမြို့မှ ဘတ်စ်ကားဖြင့်ပြန်ကြပြီး ခရီးစဉ် လမ်းကြောင်းတစ်လျှောက်ရှိ ဆင်းရဲနွမ်းပါးမှု၊ အစားအသောက်ရှားပါးမှုစသည့် စားဝတ်နေရေးနှင့်ပတ်သက်၍ နေရာဒေသအလိုက် လိုအပ်ချက်များကို လေ့လာမှုပြုကာ လှူဒါန်းမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။



"အခု စက်ဘီးစီးတဲ့ခရီးစဉ်မှာ အသက်အကြီးဆုံး ၇၂ နှစ်တစ်ဦးနဲ့ အသက်အငယ်ဆုံး၂၂ နှစ်တစ်ဦးပါတယ်။ ကျွန်တဲ့အဖွဲ့တွေကတော့ အသက် ၄၀ ဝန်းကျင်များပါတယ်။ ခရီးစဉ်မှာ လှူဒါန်းသင့်တဲ့နေရာတွေမှာ လှူဒါန်းခဲ့ပါတယ်။ ခရီးစဉ်တစ်ခုလုံး ရှစ်ညအိပ် ကိုးရက်ကြာမယ်လို့ခန့်မှန်းထားပါတယ်။ မန္တလေးမြို့ကနေအစပြုပြီးတော့ နိုင်ငံနှင့်အဝန်း စက်ဘီးအားကစားဖွံ့ဖြိုးတိုးတက်ပြီး ကျန်းမာသန်စွမ်းတဲ့ လူငယ်လူရွယ်တွေ ပေါ်ပေါက်လာစေဖို့နဲ့ လူကြီးလူငယ်၊ ကျားမ မရွေး စက်ဘီးစီးအားကစားကို နှစ်သက်ခုံမင်စွာနဲ့ စိတ်ဝင်စားလာစေဖို့ ရည်ရွယ်ချက်နဲ့ မန္တလေးအပျော်တမ်း တောင်တက် စက်ဘီးစီးအသင်းကို အခုလို ဖွဲ့စည်းရတာဖြစ်ပါတယ်" ဟု BMA အသင်းဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်က ပြောသည်။

ယင်း မန္တလေးအပျော်တမ်း တောင်တက် စက်ဘီးစီးအသင်းသည် မန္တလေးဝန်းကျင် မြို့ရွာများသို့ ပုံမှန်အုပ်စုဖွဲ့ လေ့ကျင့်စီးနင်းမှုရှိသလို ၂၀၀၈ခုနှစ်တွင် စက်ဘီးစီးဝါသနာရှင်များစုစည်း၍ စတင်ဖွဲ့စည်းလျက် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ ခရီးရှည် သွားရောက်မှုများရှိခဲ့ရာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၊ မိဘမဲ့ ပရဟိတကျောင်းများသို့သုံးလတစ်ကြိမ် ငွေကြေးအလှူဒါနများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**

ဆောင်းပါး



# ဒုဋ္ဌဝတီမြစ်ရေတိုက်စားခြင်းမှ ကာကွယ်ရန် ရေကာတာတည်ဆောက်

**သီပေါ မတ် ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တွင် ဒုဋ္ဌဝတီမြစ်ရေတိုက်စားခြင်းမှ ကာကွယ်ရေးအတွက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဗိုလ်မှူးကြီးအောင်သူ၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဦးစိုင်းနော်ခမ်း၊ ရှမ်းပြည်နယ် ဒုတိယ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (လားရှိုး)ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူးဦးစိန်အုပ်၊ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကြီးအောင်မြတ်မိုးနှင့်တာဝန်ရှိ သူများသည် မတ် ၉ ရက်နံနက် ၉ နာရီက သီပေါမြို့သို့ရောက်ရှိပြီး ရေယာဉ်များဖြင့် ဒုဋ္ဌဝတီမြစ်ကြောင်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယခုနှစ်တွင်ဆက်လက်ဆောင်ရွက်မည့် ဒုဋ္ဌဝတီမြစ်ကမ်းပြို ကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် Steel Basket အခြေပြုကျောက်စီကမ်းထိန်းနံရံတည်ဆောက်ခြင်းနှင့် ဒုဋ္ဌဝတီမြစ်လယ်သောင်ထွန်းမှု တူးဖော်ခြင်းစသည့်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်အင်ဂျင်နီယာဦးဝင်းလွင်ဦးတို့က ကွင်းဆင်းရှင်းလင်းပြသကြသည်။

နိုင်ငံတော်ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း ရှမ်းပြည်နယ်ခရီးစဉ်တွင် မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများက တင်ပြခဲ့ရာယမန်နှစ်က အရှည်ပေ ၈၀၀ ကျော်ရှိ ရေထိန်းနံရံရေကာတာဆည်ကိုးခုတည်ဆောက်ခြင်းလုပ်ငန်းကို နိုင်ငံတော်မှ ငွေကျပ်သိန်းပေါင်း ၅၆၇၀ ကိုခွင့်ပြုတည်ဆောက်ပေးခဲ့ပြီး ယခုနှစ်တွင်လည်း Steel Basket အခြေပြုကျောက်စီကမ်းထိန်းနံရံလုပ်ငန်း ပေ ၇၂၀ အတွက် ငွေကျပ် ၂၁၉ ဒသမ ၄ သန်းနှင့်မြစ်လယ်သောင်တူးဖော်ရမည့် ပမာဏ ၅၁၃၀ ကုဗမီတာအတွက် ငွေကျပ် ၈ ဒသမ ၅ သန်း စုစုပေါင်း ငွေကျပ် ၂၂၇ ဒမသ ၉ သန်းကို နိုင်ငံတော်ကခွင့်ပြုပေး၍ ဒေသခံများ မြစ်ရေတိုက်စားခြင်းအန္တရာယ်မှ ကင်းဝေးသွားသဖြင့် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ကျေးရွာ ၁၁ ရွာမှဒေသခံပြည်သူများအား တိုင်းရင်းဆေး ခုနစ်မျိုး အခမဲ့ လှူဒါန်း

**မော်လမြိုင်ကျွန်း မတ် ၁၁**

မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းခြံချောင်းကျေးရွာနှင့်အနီးရှိကျေးရွာ ၁၀ ရွာမှ ဒေသခံပြည်သူများအား မြန်မာတိုင်းရင်းဆေး ခုနစ်မျိုးအခမဲ့ ပေးအပ်လှူဒါန်းပွဲကို မတ် ၇ ရက်က မော်လမြိုင်ကျွန်းမြို့နယ်အရှေ့ဘက်ကမ်းရှိ ကွမ်းခြံချောင်းကျေးရွာ အောင်တော်မူ သာသနာ့ရောင်ခြည် ဓမ္မာရုံ၌ ကျင်းပသည်။

ယင်းမြန်မာတိုင်းရင်းဆေး ခုနစ်မျိုး အခမဲ့လှူဒါန်းပွဲတွင် အစွမ်းထက်သော မြန်မာတိုင်းရင်းဆေးများကို ကျေးရွာပေါင်း ၁၁ ရွာမှ ဒေသခံပြည်သူ ၁၂၆ ဦးနှင့် ကွမ်းခြံချောင်းတရားစခန်းမှ ယောဂီ ၈၄ ဦးအား မြန်မာတိုင်းရင်းဆေး အလှူရှင် ဦးသန်း-ဒေါ်စောရင်(ချန်ပီယံ ပေါ်ဆန်းမွှေး)မိသားစုကလှူဒါန်းရာ အလှူရှင်များကိုယ်စား ကွမ်းခြံချောင်းကျေးရွာ သီရိနေခြည် ပရဟိတလူငယ်အဖွဲ့ခေါင်းဆောင် ဦးလောနှင့် လူငယ်များက မြန်မာတိုင်းရင်းဆေးများကို အခမဲ့လှူဒါန်းပေးအပ်ကြသည်။

အဆိုပါမြန်မာတိုင်းရင်းဆေးများကို အခမဲ့ ဆက်သွယ်ရယူလိုပါက မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းခြံချောင်းကျေးရွာ သီရိနေခြည် ပရဟိတလူငယ်များအဖွဲ့ ဖုန်း ၀၉- ၂၅၉၀၂၅၆၅၂ ထံဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မြင့်အောင်(မော်ကျွန်း)**

# ဆေးရုံသုံးပစ္စည်းများနှင့် ကျန်းမာရေးဝန်ထမ်းများ တိုးချဲ့ခန့်ထားရန်လိုအပ်

**စဉ့်ကူး မတ် ၁၁**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ထုံးကြီးကျေးရွာ(၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံကြီးကို ကျန်းမာရေးဝန်ကြီးဌာနက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ငွေကျပ် သိန်း ၆၀၀၀ အကုန်အကျခံကာ ၂၀၁၃ ခုနှစ်တွင် စတင်ဆောက်လုပ်စေခဲ့ပြီး ၂၀၁၄ ခုနှစ်ဩဂုတ်လတွင် ဖွင့်လှစ်ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါ ထုံးကြီးကျေးရွာ တိုက်နယ်ဆေးရုံသည် ၁၉၇၆ခု နှစ်က ဖွင့်လှစ်ခဲ့သော ကျေးလက်ကျန်းမာရေးဌာနမှ ကူးပြောင်း၍ တိုက်နယ်ဆေးရုံအဖြစ်တိုးချဲ့ဖွင့်လှစ်ခဲ့ခြင်းကြောင့် ဆေးရုံသုံးပစ္စည်းများမှာ နှစ်ပေါင်း ၄၀ ကျော်ကြာပြီဖြစ်၍ ဟောင်းနွမ်းလျက်ရှိရာ အဆောက် အအုံသစ်နှင့်လိုက်ဖက်မှုမရှိခြင်း၊ တိုက်နယ်ဆရာဝန်တစ်ဦး၊ အထက်တန်းသူနာပြုတစ်ဦးနှင့် အခြေခံဝန်ထမ်းလေးဦးသာရှိရာ တိုက်နယ်ဆေးရုံနှင့်လိုက်ဖက်စွာ ကျန်းမာရေးဝန်ထမ်းများ တိုးချဲ့ထားရန်လိုအပ်နေကြောင်း သိရသည်။

ထုံးကြီးတိုက်နယ်ဆေးရုံသည် နှစ်စဉ် အတွင်းလူနာ ၁၅၀၀နှင့် ၂၀၀၀ အတွင်း လက်ခံကုသပေးနေရကြောင်းသိရပြီး လူနာနှင့်ဝန်ထမ်းဦးရေးမမျှတသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများပေးရာတွင် လစ်ဟာမှုများရှိနေကြောင်း ဒေသခံပြည်သူတစ်ဦးထံမှ သိရသည်။

သို့ဖြစ်ရာ ထုံးကြီးကျေးရွာ ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံကြီးတွင် ပြည်သူများအား ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက်ဝန်ထမ်းအင်အားများတိုးချဲ့ခန့်ထားပေးရန်နှင့်ဆေးရုံသုံးပစ္စည်းများကိုလည်း တိုက်နယ်ဆေးရုံသစ်နှင့်လိုက်ဖက်ညီစွာ ချထားပေးရန်လိုအပ်လျက်ရှိကြောင်း သိရသည်။

**ဝင်းမောင်(စဉ့်ကူး)**

## ပြည်တွင်းသတင်း



ရေစကြိုမြို့ပေါ်ရှိ ရပ်ကွက်အချို့တွင် လျှပ်စစ်ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ပေးလျက်ရှိရာ မိုးကုတ်လမ်းတွင် လျှပ်စစ်ဓာတ်အားလိုင်း တပ်ဆင်ရန် ကွန်ကရစ်တိုင်များ စိုက်ထူနေသည်ကို မတ် ၉ ရက်က တွေ့ရစဉ်။

ဖေထွဏ်းဇော် (ရေစကြို)

# ကမ္ဘာ့အမွေအနှစ်နှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများအကြောင်း အသိပညာပေးဆွေးနွေး

**မကွေး မတ် ၁၁**

ကမ္ဘာ့အမွေအနှစ်နှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့အောင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများအကြောင်း အသိပညာပေးဆွေးနွေးပွဲကို မတ်၁၀ ရက် နံနက် ၉ နာရီက မကွေးမြို့ ပညာရေးကောလိပ် အားကစားရုံးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ဆွေးနွေးပြောကြားရာတွင် မိမိတို့ဒေသတွင်ရှိသည့် အမွေအနှစ်များအား မိဘဘိုးဘွားများမှတစ်ဆင့် သိကြားခဲ့ပြီး မိမိတို့လက်ထက်တွင်လည်း ဝိုင်းဝန်းစောင့်ရှောက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ရှေးဟောင်းအမွေအနှစ်များအား ကမ္ဘာက အသိအမှတ်ပြုနိုင်ခဲ့သည့်အတွက် ဒေသခံများကလည်း ဝိုင်းဝန်းလေ့လာစောင့်ရှောက်ရမည်ဖြစ်ပြီး ရေရှည်တည်တံ့အောင် ထိန်းသိမ်းရန်အတွက် ယဉ်ကျေးမှုဝန်ကြီးဌာနသာမက ဌာနဆိုင်ရာ ပြည်သူများပါ ပူးပေါင်းပြီး ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဆွေးနွေးပွဲများတွင် အခြားနိုင်ငံများမှ အတတ်ပညာရှင်များပါ လာရောက်ဆွေးနွေးကြသည့်အတွက် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးနိုင်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရှေးဟောင်းသုတေသနပညာရှင်များ ဖြစ်ကြသည့် အီတလီနိုင်ငံ Lerici Foundation မှ ရှေးဟောင်းသုတေသနပညာရှင် Dr. Paritrica Zolase၊ အီတလီနိုင်ငံ Lerici Foundation မှ ညွှန်ကြားရေးမှူး Dr. Mauro Cucze၊ ဩစတေးလျနိုင်ငံ Austrila National University မှ ရှေးဟောင်းသုတေသနပညာရှင် Dr. Bob Husdon တို့က ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ သရေခေတ္တရာ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှဝင်းကရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်းချက်များကို ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရှားပါးငှက်မျိုးစိတ် စွေ့ငှက်ကိုတွေ့ရှိ၊ အခြားအရှေ့တောင်အာရှနိုင်ငံများထက် မြန်မာတွင် မျိုးစိတ်များထပ်မံကျန်ရှိနိုင်ကြောင်း ငှက်ပညာရှင်များ ပြောကြား



**ရန်ကုန် မတ် ၁၁**

ကမ္ဘာပေါ်တွင် မျိုးသုဉ်းသွားပြီဟု သဘာဝပတ်ဝန်းကျင် ပညာရှင်များနှင့် သားရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေး ပညာရှင်များ သတ်မှတ်ထားသည့် ဘာဘရာငှက်မျိုးစိတ်တစ်မျိုးအား ပဲခူးတိုင်းဒေသကြီးအတွင်း ပြန်လည်တွေ့ရှိခဲ့ရသဖြင့် အခြားသောမျိုးစိတ်များကိုလည်း ထပ်မံတွေ့ရှိရဖွယ်ရှိကြောင်း ငှက်ပညာရှင်များက ပြောကြားသည်။

သားရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ WCS ၏ ထုတ်ပြန်ချက်အရ ပဲခူးတိုင်းဒေသကြီးအတွင်း မြက်ခင်းပြင်၌ အသိုက်ပြုလုပ်ကာ နေထိုင်ကြသော ဘာဘရာမျိုးနွယ်ဝင် စွေ့ငှက်ကလေးများ၏ အသိုက်များကို တွေ့ရှိထားကြောင်း သိရသည်။

"ငှက်မျိုးစိတ်တွေ အများကြီးရှိနေမယ်ဆိုတာ သေချာပါတယ်။ အခုဟာက စွေ့ငှက်အမျိုးအစားဆိုတာကို အတည်ပြုထားပြီးဖြစ်ပါတယ်။

မျိုးသုဉ်းသွားပြီလို့ သတ်မှတ်ထားပြီးမှ ပြန်လည်တွေ့ရှိရတာဖြစ်သလို နိုင်ငံတကာမှာလည်း မရှိနိုင်တော့တာကြောင့် ပိုမိုထိန်းသိမ်းသင့်ပါတယ်"ဟု ငှက်ချစ်သူများအသင်းမှ ကိုလွင်မင်းအောင်က ပြောကြားသည်။

အဆိုပါငှက်များကို မြန်မာ့သဘာဝနှင့် သားရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးဌာနနှင့် စင်ကာပူ အမျိုးသားတက္ကသိုလ်၊ ကမ္ဘာ့သားရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့မှ တွေ့ရှိချက်များကို ပူးတွဲအတည်ပြုကာ ဘာဘရာ

သတင်း-ခင်ရတနာ
ဓာတ်ပုံ- WCS

အုပ်စုဝင်ငှက်များအဖြစ် ကြေညာခြင်းဖြစ်သည်။

"အားလုံးကိုအတည်ပြုထားပြီးပါပြီ။ ပထမဆုံး မြက်ခင်းပြင်ထဲကနေ ငှက်သံကိုကြားခဲ့ကြပြီး အသံကိုဖမ်းယူလို့ ၄၈ နာရီ အတွင်းမှာ မျိုးစိတ်ကို ရှင်းလင်းများပြားစွာ မြင်တွေ့ခဲ့ရပါတယ်။ သွေးနမူနာတွေလည်းရယူနိုင်ခဲ့ပြီး စွေ့ခေါ် ဘာဘရာငှက်အုပ်စုဝင်တယ်ဆိုတာ အတည်ပြုနိုင်ခဲ့ပြီ"ဟု WCS မှ ကိုသက်ဇော်နိုင်က ပြောကြားသည်။

မြန်မာနိုင်ငံတွင် ငှက်မျိုးစိတ်သစ် ၁၁၁၄ မျိုးခန့် တွေ့ရှိထားပြီး ထပ်မံရှာဖွေနိုင်ရန်လည်း ကြိုးစားသွားမည်ဖြစ်ကာ ငှက်များအဖို့ နေထိုင်ရာစားကျက်များ ရှားပါးလာသည့် ဘေးမှလည်း တတ်စွမ်းသမျှ စုပေါင်းအဖြေရှာသွားမည်ဖြစ်ကြောင်း WCS မှ သိရသည်။

**(မြန်မာ့အလင်း)**

# ပုလဲ-ယင်းမာပင်-မုံရွာကားလမ်းမပေါ်ရှိ ဘုန်းချောင်းတံတား ပြင်ဆင်တည်ဆောက်လျက်ရှိ

**မုံရွာ မတ် ၁၁**

စစ်ကိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့ ပုလဲ-ယင်းမာပင်-မုံရွာကားလမ်းပေါ်တွင် ဘုန်းချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသော အလျား ပေ ၉၀၊ အကျယ် ၁၇ ပေရှိ သံမဏိသံပေါင်တံတားကြီးသည် နှစ်ပေါင်း ၁၀၀ ကျော်သွားပြီးဖြစ်သည့်အပြင် လမ်းကျဉ်းမြောင်းပြီး တံတားအခင်းများ ပျက်စီးနေသောကြောင့် ယခုအခါ တန် ၆၀ ဝန်ခံအားရှိသော တံတားအသစ်အဖြစ် ပြန်လည်တည်ဆောက်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**



တံတားတည်ဆောက်နေသည့် အခြေအနေနှင့်ပတ်သက်ပြီး "လက်ရှိတံတားက ယခင်ကားအသွားအလာနည်းတုန်းကတော့ ပြဿနာမရှိပေမယ့် အခုကျတော့ မော်တော်ယာဉ်အသွားအလာ များလာတာကတစ်ကြောင်း၊ ခေတ်အခြေအနေအရ တံတားက ကျဉ်းတယ်။ တံတားအခင်းတွေကလည်း ပျက်စီးလာပြီး မော်တော်ယာဉ်တွေဖြတ်သန်းတဲ့အခါမှာ ဖြည်းဖြည်းပဲ သွားလို့ရတယ်။ ယာဉ်အန္တရာယ်လည်းရှိတယ်။ ဒါ့ကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အစီအစဉ်နဲ့ ခေတ်မီ အာရ်စီတံတားအသစ်တစ်စင်း ပြန်ပြီးဆောက်တာပါ။ တံတားတည်ဆောက်ရေးလုပ်ငန်းကို ၂-၁၀-၂၀၁၄ ရက်နေ့မှာ စတင်ဆောက်လုပ်တာပါ။ အခု တံတားအောက်ခံတိုင်တစ်တိုင်က အောက်ခြေပိုင်း ကွန်ကရစ်လောင်းခြင်းလုပ်ငန်း ပြီးပါပြီ။ နောက်တစ်တိုင်ကိုလည်း ဘိုးပိုင်တူးခြင်းလုပ်ငန်းတွေ လုပ်ဆောင်နေပါပြီ။ လုပ်ငန်းအားလုံးကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အကုန် အပြီးတည်ဆောက်သွားမှာပါ"ဟု အဆိုပါ တံတားအား တာဝန်ယူတည်ဆောက်လျက်ရှိသော သိန်းသောင်းကျော် ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုအသစ်ပြန်လည်တည်ဆောက်လျက်ရှိသော အဆိုပါ ဘုန်းချောင်းကူးတံတားကို လမ်းတစ်ဖက်စီတွင် နှစ်ပေခွဲအကျယ်ရှိ လူသွားလမ်း နှစ်ခု၊ မော်တော်ကားလမ်း အကျယ် ၂၄ ပေနှင့် ဝန်ခံအားတန် ၆၀ ရှိသည်။ အဆိုပါ တံတားကို ငွေကျပ် ၃၂၆၁ ဒသမ ၆ သိန်း အကုန်အကျခံတည်ဆောက်လျက်ရှိပြီး ပြီးစီးပါက တံတားပေါ်မှ မော်တော်ယာဉ်နှစ်စီး အလွယ်တကူ ဖြတ်သန်းမောင်းနှင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း-မုံရွာ**

# မြင်းမူ ပြည်သူ့ဆေးရုံတိုးချဲ့လူနာဆောင် ဆောက်လုပ်



**မြင်းမူ မတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူပြည်သူ့ဆေးရုံ တိုးချဲ့လူနာဆောင် စတင် ဆောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်က ပင်မဆေးရုံကြီး၏ တောင်ဘက်ကပ်လျက်၌ ဆောက်လုပ်ခဲ့သည်။ ၂၀၁၅-၂၀၁၆ ဘတ်ဂျက်နှစ် ငွေကျပ် သိန်းနှစ်ထောင်ဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ယခု ဆောက်လုပ်နေသော တိုးချဲ့ဆောင်တွင် အမျိုးသားလူနာဆောင်နှင့် အမျိုးသမီးလူနာဆောင် ဓာတ်ခွဲခန်းနှင့် စင်္ကြံလျှောက်လမ်းများ တည်ဆောက်လျက်ရှိကြောင်း တာဝန်ခံ အင်ဂျင်နီယာထံမှ သိရသည်။

**(၀၇၉)**

# ဇီးကုန်းမြို့ သစ်မျှောကြီးကျေးရွာ ဆိုလာစနစ်ဖြင့် မီးလင်း

**ဇီးကုန်း မတ် ၁၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် သရက်တပင်အုပ်စု သစ်မျှောကြီးကျေးရွာ၌ မတ် ၇ ရက် က ကျေးလက်ဒေသ ဆိုလာပြားစနစ်ဖြင့် မီးလင်းပွဲ ကျင်းပခဲ့သည်။

ကျေးလက်ဒေသဆိုလာပြားစနစ် မီးလင်းနိုင်ရေးအတွက် သစ်မျှောကြီးကျေးရွာသို့ ဆိုလာပြား ၁၀၀ နှင့် ဆက်စပ်ပစ္စည်းများအပါအဝင် ကျေးရွာပေါင်းကိုးရွာကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေ ၁၃၅ ဒသမ ၄ သန်းဖြင့် ဆောင်ရွက်ပေးသောကြောင့် ဒေသခံပြည်သူများအနေဖြင့် ဝမ်းသာဂုဏ်ယူလျက်ရှိကြောင်း သိရသည်။

**သိန်းတိုး(ဇီးကုန်း)**

**နိုင်ငံဘက်စုံတည်ဆောက်ဖို့ မှန်မှန်ကန်ကန်အခွန်ပေးစို့**

# ရေချိုငါးတိုးပွားရေးလယ်ကြားငါးကန်နှင့် ချောင်းမြောင်းများအတွင်း ငါးမျိုးစိုက်ထည့်



**ဖြူး မတ် ၁၁**

ငါးသယံဇာတများ မပြုန်းတီးရေးနှင့် ရေချိုငါးသယံဇာတများ တိုးပွားများပြားလာစေရေးတို့အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ လမ်းညွှန်ချက်အရ တောင်ငူခရိုင်အတွင်းရှိ တောင်ငူ၊ ရေတာရှည်၊ အုတ်တွင်း၊ ထန်းတပင်မြို့နယ်များရှိ လယ်ကြားငါးကန်၊ ချောင်းမြောင်းများအတွင်း ငါးမျိုးများစိုက်ထည့်ခြင်းကို မတ် ၇ ရက်က ပြုလုပ်သည်။

ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုင်းကျော်မြင့်၊ တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသက်အေးနှင့်ဝန်ထမ်းများ၊ ခရိုင်စာရင်းစစ်အရာရှိဝန်ထမ်းများ၊ ခရိုင်မွေးမြူရေးနှင့်ကုသရေးမှူးနှင့် ဝန်ထမ်းများ၊ ဖြူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ခင်မျိုးနိုင်နှင့်ဝန်ထမ်းများက ကျေးရွာငါးမွေးမြူသူများနှင့် အင်းလုပ်ငန်းရှင်များထံ ငါးမျိုးများ ထောက်ပံ့ပေးအပ်ပြီး လယ်ကြားငါးကန်များနှင့် ချောင်းမြောင်းများအတွင်းသို့ ငါးခူကောင်ရေ ၂၅၀၀၀၊ ငါးပနော် ငါးကောင်ရေ ၅၀၀၀ တို့ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။ **မြင့်ဦး(ဖြူး)**

# မိုးလုံလေလုံအားကစားရုံတည်ဆောက်မှု ၇၀ ရာခိုင်နှုန်းပြီးစီး

**ရေစကြို မတ် ၁၁**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ ပြည်သူ့အားကစားကွင်းအတွင်း၌ အားကစားဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ခွင့်ပြုငွေကျပ် ၁၄၈ ဒသမ ၅ သန်းဖြင့် တည်ဆောက်နေသော ပေ(၁၂၀×၆၀×၂၅) မိုးလုံလေလုံ အားကစားရုံတည်ဆောက်မှုမှာ ယခုအခါ ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ နိုင်ငံတော်မှ မိုးလုံလေလုံအားကစားရုံတစ်ခုကို မကွေးတိုင်း ဒေသကြီးအတွင်း၌ အကြီးဆုံးအားကစားကွင်းဖြစ်သည်။ ရေစကြိုမြို့တွင် တည်ဆောက်ပေးသည့်အတွက် အားကစားနည်းအလိုက် ရာသီမရွေး လေ့ကျင့်နိုင်ခြင်းအကျိုးကြောင့် အနာဂတ်တွင် နိုင်ငံကိုယ်စားပြု အားကစားသမားများကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း ဒေသခံများက ပြောသည်။

**ဖေထွဏ်းဇော်(ရေစကြို)**



# တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးကွင်းဆင်းဆောင်ရွက်

**မန္တလေး မတ် ၁၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် အင်းယားကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို မတ် ၇ ရက်က အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့် တက်ရောက်အားပေးပြီး အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ကျောင်းဆောင်သစ်အလှူရှင် Mr.John၊ ခရိုင်ပညာရေးမှူး ဦးစိန်လှိုင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမျိုးလွင်တို့ကကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလှူရှင်နှင့်တာဝန်ရှိသူများက အမှတ်တရစုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက်အလှူရှင်က ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ခြင်း၊ ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ ကျောင်းဝတ်စုံ ၂၇၇ စုံလှူဒါန်းခြင်းနှင့် ငွေကျပ် ၂၅၀၀၀ တန်ဖိုးရှိ သင်ကြားမှုအထောက်အကူပြု ကမ္ဘာလုံးအားပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးကလက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ယနေ့ ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်သစ်မှာ အလျားပေ ၁၃၀၊ အနံပေ ၃၀၊ အမြင့် ၁၅ ပေ အာရ်စီတစ်ထပ် အဆောက်အအုံဖြစ်ပြီး စုစုပေါင်းငွေကျပ် ၄၀၆ သိန်းအကုန်အကျခံ၍ အလှူရှင်က တိုင်းဒေသကြီးပညာရေးကဏ္ဍအဆင့်မြင့်တင်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် အနေဖြင့်လည်းကောင်း၊ ဒေသခံပြည်သူများ၏ပြင်းပြသည့် ပညာဆန္ဒကိုဖြည့်ဆည်းစေလိုသည့် စေတနာအရင်းခံဖြင့်လည်းကောင်း အဆိုပါ ကျောင်းဆောင်သစ်ကို ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(၁၀၆)**



**ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ မတ် ၈ ရက်က နှစ်စဉ်ကျင်းပသော စော်ဘွားဈေးနေ့ကို ဆင်ယင်ကျင်းပနေစဉ်။**

မောင်မောင်နိုင်**(iprd)**

ပြည်သူအကျိုး ဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့

ပြည်တွင်းသတင်း

# အပူဒဏ်ကြောင့် ငါးသေဆုံးမှုနှိုးဆော်ချက်

နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက် နောက်ကျသော ရက်များတွင် ငါးများထောင်လျက်ကူးခြင်း၊ ကမ်းစပ်သို့စုပြုံလာခြင်းမျိုးရှိပါက ကန်အတွင်းသို့ ရေသွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များ မောင်းပေးခြင်း၊ လေ့လှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင် အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက် ပေးရန်၊

ရေငွေ့ပျံခြင်းကြောင့် ကန်ထဲတွင်ရေလျော့နည်းကျဆင်းလာခြင်း၊ ကန်ထဲရှိ ငါးများ၏ စွန့်ပစ်အညစ်အကြေးများနှင့် စားကြွင်းစားကျန်များကြောင့် အမိုးနီးယားပါဝင်မှုနှုန်း မြင့်တက်လာစေနိုင်သဖြင့် ရေလျော့နည်းခြင်းကို ဂရုစိုက်ရမည်ဖြစ်ပြီး ရေလျော့နည်းခြင်းကြောင့် ကန်ထဲရှိငါးများတွင် ရောဂါကျရောက်တတ်ပါသဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးထည့်သွင်းမွေးမြူနှုန်းကိုလည်း လျှော့ချထားရန်၊

ငါးမွေးမြူရေးကန်များ အပူချိန်ကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များဖြည့်သွင်းပေးရန်၊

ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်၊

အပူချိန်ပြင်းပြသည့် အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုလုပ်ရန်၊

ကန်ရေအရောင်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန်၊ (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေ ရှိမည် ဖြစ်ပါသည်။)

ကန်ရေမြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေမည့် ကဇော်ဖတ်၊ ဝါစေ့ဖတ်များ ကျွေးခြင်းကိုရှောင်ကြဉ်၍ ပုံမှန်အစာများကို သာကျွေးမွေးရန်၊

အစာကျွေးပြီးပါက အစာကျန်များရှိ /မရှိ ပုံမှန်စစ်ဆေးရန်၊

မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်ရန်အတွက် ရေသိုလှောင်သည့် အရံကန်များ ထားရှိရန်၊

ရေလုံလောက်မှုမရှိပါက ငါးကန်များကို ငါးများပေါင်းထည့်ပြီးရေများဖြည့်တင်းပေးရန်နှင့် အခြားကန်များကို အခြောက်ခံခြင်းများ ပြုလုပ်သွားရန်၊

ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှု အခြေအနေများကို နေ့စဉ်နံနက်ပိုင်း (၆ နာရီ) တွင် ပုံမှန်စစ်ဆေးရန်၊

ငါးမွေးကန်၌ အပူဒဏ်ကြောင့် ပုံမှန်မဟုတ်သော အခြေအနေ ပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်၊

**ငါးလုပ်ငန်းဦးစီးဌာန**

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

# စာရေးဆရာအသင်း လေ့လာရေးခရီးထွက်

**ရန်ကုန် မတ် ၁၁**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးခင်ဇော်(မရမ်းကုန်း) ဦးဆောင်သော အသင်းဝင် ၅၀ခန့်က မတ် ၈ ရက်တွင် ဇလွန်ပြည်တော်ပြန်ဘုရားဖူးသွားရောက်ခဲ့ကြကြောင်း သိရသည်။ လမ်းခရီးတစ်လျှောက် ဘုရားများစုံလင်အောင် ဖူးမြော်ကြည်ညို၍ ညောင်တုန်းမြို့ ပန်းလှိုင်ရေထိန်းတံခါးသို့လည်းကောင်း၊ ဓနုဖြူမြို့ ပိဋကတ်တိုက်ကျောက်စာတိုင်နှင့် ဗန္ဓုလကြေးရုပ်သို့ တစ်နေ့တာ ဘုရားဖူးဒေသန္တရလေ့လာရေးခရီး သွားရောက်ခဲ့ကြကြောင်း သိရသည်။ **(၀၁၅)**

# ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်

**ကသာ မတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့တွင် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးသင်တန်းကို မတ် ၉ ရက်တွင် ကသာမြို့ခရိုင် ရဲရိပ်သာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ကသာခရိုင်အတွင်းရှိ ကသာ၊ ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး၊ ထီးချိုင့်၊ ဗန်းမောက်၊ အင်းတော်မြို့နယ်များရှိ ရဲစခန်းများမှ စခန်းမှူးနှင့် နယ်မြေခံရဲကင်းမှူးများတက်ရောက်ခဲ့ကြပြီး အခမ်းအနားတွင် ကသာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှစိန်က အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **လူအောင်(ကသာ)**

# ကျေးလက်အိမ်ရာ ဖွံ့ဖြိုးရေးဆောင်ရွက်ပေး

**တန့်ယန်း မတ် ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ကျေးရွာများတွင် နေထိုင်ကြသော ကျေးလက်နေပြည်သူများအတွက် ကျေးလက်အိမ်ရာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးနေရာတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ကုန်းမုံရွာ၌ အိမ်ခြေငါးလုံးအတွက်ငွေကျပ် ၁၄ သန်း ဒသမ ၉၅၀၊ မန်ဆိုင်းကျေးရွာ၌ အိမ်ခြေငါးလုံးအတွက် ငွေကျပ် သန်း ၁၄ ဒသမ ၉၅၀ စုစုပေါင်း အိမ်ခြေ ၁၀ လုံးအတွက် ငွေကျပ် ၂၉ ဒသမ ၉ သန်း အကုန်အကျခံ၍ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **မင်းလွင်ဦး**

ပြည်တွင်းသတင်း

# ဆလုံသာသနာပြုဆရာတော်အား ကော့သောင်းမြို့ပြည်သူများ ဖူးမြော်

**ကော့သောင်း မတ် ၁၁**

ကော့သောင်းမြို့ ဇာဒက်ကြီးကျွန်း တလွန်းဆလုံကျေးရွာ ဓမ္မိကာရာမတပ်ဦးကျောင်းတိုက်မှ ဆလုံသာသနာပြု ဆရာတော် ဘဒ္ဒန္တဓမ္မိကသာရအား နိုင်ငံတော်က အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ တံဆိပ်တော် ဆက်ကပ်လှူဒါန်းပြီးနောက် မတ် ၈ ရက်တွင် ကော့သောင်းမြို့သို့ ပြန်လည်ကြွရောက်တော်မူခဲ့ပြီး ကော့သောင်းမြို့မှ ဒါယကာ ဒါယိကာမများက လေဆိပ်မှဆီးကြို၍ ပူဇော်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မတ် ၉ ရက်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဂုဏ်ပူဇာသဘင်ကို ကော့သောင်းမြို့ မြို့လယ်ကျောင်းဓမ္မာရုံ၌ ကျင်းပရာ ဇာဒက်ကြီးကျွန်း ရေတပ်အခြေစိုက်စခန်းမှ စခန်းမှူး ဒုတိယဗိုလ်မှူးကြီးနေထွန်းဦးနှင့် တပည့် ဒါယကာ၊ ဒါယိကာမများ တက်ရောက်ခဲ့သည်။ ယောဂီဝတ်ရွတ်အဖွဲ့များက ဆရာတော်၏ထေရုပ္ပတ္တိနှင့် စွမ်းဆောင်မှုများကို ရွတ်ဆိုပူဇော်ကြပြီး သံဃာတော်များအား ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ ဇာဒက်ကြီးကျွန်း တလွန်းဆလုံကျေးရွာ ဓမ္မိကာရာမတပ်ဦးကျောင်းတိုက် ဆလုံသာသနာပြု ဆရာတော် ဘဒ္ဒန္တဓမ္မိကသာရသည် ရိုးရာနတ်များကိုးကွယ်ကာ ဗုဒ္ဓသာသနာမထွန်းကားသည့် ပင်လယ်ပျော် ဆလုံ(မော်ကင်း) လူမျိုးများအကြား သာသနာတော်ပြန့်ပွားရေးအတွက် နှစ်ကာလကြာမြင့်စွာ အပင်ပန်းအဆင်းရဲခံ၍ ဟောပြောညွှန်ပြစည်းရုံးစွမ်းဆောင်နိုင်ခဲ့သဖြင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်းခံရခြင်းဖြစ်သည်။

**ကျော်စိုး(ကော့သောင်း)**

# အား/ကာသိပ္ပံ(ရန်ကုန်)သို့တက်ရောက်ရန် လူငယ်မျိုးဆက်သစ်များရွေးချယ်

**ရန်ကုန် မတ် ၁၁**



အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနလက်အောက်ရှိ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)သို့ တက်ရောက်ရန်အတွက် လူငယ်အားကစားသမားများကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် မတ် ၉ ရက်က လာရောက်ရွေးချယ်ခဲ့ပြီး မြို့နယ်အတွင်းမှ ကျောင်းသားလူငယ်များ လာရောက်ရွေးချယ်ခံခဲ့ကြောင်း သိရသည်။

လူရွေးပွဲကို လှိုင်သာယာမြို့နယ် စက်မှုဇုန်(၂)ရှိ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန မိုးလုံလေလုံအားကစားရုံ၌ပြုလုပ်ခဲ့ပြီး အားကစားနှင့် ကာယပညာသိပ္ပံက မျိုးဆက်သစ် ကျောင်းသား လူငယ်အားကစားသမားများကို ပဏာမအဆင့် ရွေးချယ်ခဲ့သည်။ အားကစားနည်း ၂၄ မျိုးအတွက် လူငယ်အားကစားသမားရွေးချယ်ရာသို့ သတ္တမတန်းမှ နဝမတန်းအထိ ကျောင်းသားလူငယ်များ စိတ်ပါဝင်စားစွာ လာရောက်ရွေးချယ်ခံခဲ့ကြကြောင်းသိရသည်။

လာရောက်ရွေးချယ်ခံသော ကျောင်းသားလူငယ် ၅၁ ဦးမှ သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီသော လူငယ် ၁၇ ဦးကို ပဏာမရွေးချယ်နိုင်ခဲ့ပြီး ဧပြီ ၂၅ ရက်တွင် တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်း၌ ဆန်ခါတင်ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ မြို့နယ်များမှ အားကစားသမားကောင်းများ ထွက်ပေါ်လာခြင်းသည် မြို့နယ်၏ ဂုဏ်ကိုတက်စေသည့်အပြင် နိုင်ငံ့ဂုဏ်ကိုလည်း ထွန်းတောက်စေမည်ဖြစ်ကြောင်း လူရွေးချယ်ရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ပြေးခုန်ပစ်တာဝန်ခံ ဦးဌေးဇော်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် ယခင်ကနိုင်ငံအတွက်မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်ပေးရာနေရာအဖြစ် ရန်ကုန်နှင့် မန္တလေး နှစ်နေရာ၌သာရှိခဲ့သော်လည်း ယခုအခါ နိုင်ငံတော်၏ အားကစားရည်မှန်းချက်များမြင့်တင်မှုအဖြစ် မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်လည်း အားကစားနှင့်ကာယပညာသိပ္ပံကျောင်းနှစ်ကျောင်းကို ထပ်မံဖွင့်လှစ်ထားပြီးဖြစ်ကြောင်းနှင့် အဆိုပါကျောင်းများမှ နိုင်ငံအတွက် အားကစားသမားကောင်းများကို နှစ်စဉ်မွေးထုတ်ပေးလျက်ရှိကြောင်းလည်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

# ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးအတွက် ပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိ

**ရန်ကုန် မတ် ၁၁**

ကုသတားဆီးရန် လွယ်ကူသည့်တိုင်အောင် မြန်မာနိုင်ငံတွင် အဖြစ်များလျက်ရှိသော ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးအတွက် ပညာပေးလုပ်ငန်းများကို မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(MMCWA)က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါသည် ကုသတားဆီးရန် လွယ်ကူသည့်တိုင်အောင် မြန်မာ့လူ့အသိုင်းအဝိုင်းအနေဖြင့် ကာကွယ်တားဆီးရေးလုပ်ငန်းများကို ထိရောက်စွာ လုပ်ဆောင်ကြခြင်းမရှိသေးကြောင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် မွေးစကလေးငယ်များအတွက် အသက်အန္တရာယ်အထိဖြစ်စေနိုင်ကြောင်း၊ ထို့ကြောင့် ပညာပေးဟောပြောပွဲများနှင့် ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုများကိုပါ အသင်းအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ မိခင်နှင့်စောင့်ရှောက်ရေးအသင်းက ထုတ်ပြန်သည့် သတင်းလွှာတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူတစ်ဦးက "အမြဲတမ်းဆပ်ပြာနဲ့ လက်ဆေးဖို့ ပြည်သူလူထုကို တိုက်တွန်းပါတယ်။ စာသင်ကျောင်းပညာပေးအစီအစဉ်တွေမှာ ဆပ်ပြာတွေဖြန့်ဝေပေးပြီး သရုပ်ပြပါတယ်။ မြန်မာနိုင်ငံက လူတော်တော်များများက နေ့စဉ်ကူးစက်ရောဂါတွေကို ကာကွယ်ဖို့အတွက် ဆပ်ပြာနဲ့လက်ဆေးခြင်းရဲ့ တန်ဖိုးကြီးမားပုံကို နားလည်မှုနည်းပါးနေလို့ ဆပ်ပြာနဲ့လက်ဆေးတဲ့ အလေ့အကျင့်တွေကို သင်ကြားပေးဖို့ အရေးကြီးပါတယ်။ အစိုးရစာသင်ကျောင်းတွေနဲ့ ဘုန်းတော်ကြီးသင်စာသင်ကျောင်းတွေမှာလည်း ကျောင်းနေအရွယ်ကလေးတွေကို လက်ဆေးခြင်းအလေ့အထတွေ သင်ပေးနေပါတယ်"ဟု ပြောသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ဖြစ်လေ့ဖြစ်ထရှိသော ကူးစက်ရောဂါများ ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ရန် မိခင်များအား မျက်နှာချင်းဆိုင်ပြောဆိုဆွေးနွေးမှုများ၊ စားပွဲဝိုင်းဆွေးနွေးပွဲများနှင့် မိသားစုအစီအစဉ်များဖြင့် ဆပ်ပြာဖြင့်လက်ဆေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး၏ အရေးပါပုံများအား ပညာပေးခြင်းကိုလည်း ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအနေဖြင့် ဝမ်းပျက်ဝမ်းလျှောအပါအဝင် ကူးစက်ရောဂါများ ကာကွယ်ရေးအတွက် ပညာပေးလုပ်ငန်းများကို ဆောင်ရွက်နေသည့်အပြင် ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုများအဖြစ် ရွေ့လျားဆေး ပေးခန်းများဖွင့်လှစ်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား မီးမဖွားမီ စောင့်ရှောက်မှုပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား အိုင်အိုဒင်းဆားနှင့် အာဟာရပြည့်ဝသော အစားအစာများ ထောက်ပံ့ပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ ပညာရေးဟောပြောပွဲများပြုလုပ်ခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သွန်းဝသန်**

# နွေစပါးများကို သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်နေ

**ကျောက်ထု မတ် ၁၁**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့နှင့် ကျေးရွာများတွင် နွေစပါးများကို သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးရန်နှင့် စိုက်နည်းစနစ်မှန်ကန်ရေးအတွက် ကျောက်ထုမြို့ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများထံ ကွင်းဆင်းပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

ပန်းဆန်ကျေးရွာ ကွင်းအမှတ်(၆၄) ၌ ကျောက်ထုမြို့ စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်ကြည်နှင့်အဖွဲ့က မတ် ၈ ရက်တွင်ကွင်းဆင်း၍ ဗီယက်နမ်ပုလဲသွယ်စပါးမျိုးကို ပေါင်အကျယ် ၃ ပေ၊ အမြင့် ၄ လက်မ၊ အလျားပေ ၁၂၀ ရှိ ပျိုးပေါင်များပြုလုပ်၍ ပေါင်စနစ်ဖြင့်ပျိုးထောင်ခြင်း နည်းစနစ်များ လက်တွေ့ပြသခဲ့ရာ ဒေသခံတောင်သူများက လာရောက်လေ့လာကြည့်ရှုခဲ့ကြပြီး စိုက်ပျိုးရေးဌာနမှထုတ်ဝေသည့် စပါးအထွက်နှုန်းကောင်းရန် နည်းစနစ်ကျကျစိုက်ပျိုးရေး တောင်သူပညာပေးလက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကျောက်ထုဒေသ၌ ယခုနှစ် နွေစပါးရာသီတွင် စပါး ၁၃၂၅ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ယခင်နှစ် အတွေ့အကြုံအရ အထွက်ကောင်းပြီး ဒေသရေမြေနှင့်သင့်လျော်သည့် ဗီယက်နမ်ပုလဲသွယ်စပါးမျိုးကို အဓိကထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**(၁၀၁)**

## သတင်းတို

### ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရပ်ကွက်စာကြည့်တိုက်ဖွင့်

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် အမှတ်(၁၉)ရပ်ကွက်၌ ကိုယ့်အားကိုယ်ကိုးတည်ဆောက်ခဲ့သော ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး အဆောက်အအုံသစ်နှင့် ပညာအလင်းပြရပ်ကွက်စာကြည့်တိုက်ဖွင့်ပွဲကို မတ် ၇ ရက်က ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးဌေးအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ငြိမ်းနှင့် အမှတ်(၁၉)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ငြိမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမျိုးအောင်က စာအုပ်/စာစောင်အုပ် ၁၀၀၊ မြို့နယ်အုပ်ချုပ်ရေးမှူးက ၂၁ လက်မ ရုပ်မြင်သံကြားစက် တစ်လုံးနှင့် World Vision Myanmar က စာအုပ်/စာစောင် အုပ် ၁၀၀ ကို စာကြည့်တိုက်အတွက် ပေးအပ်လှူဒါန်းခဲ့ကြသည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအဆောက်အအုံကို ငွေကျပ် ၁၆၃ သိန်းနှင့် စာကြည့်တိုက်အဆောက်အအုံကို ငွေကျပ် ၂၂၃ သိန်း အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**စိုးဝင်း(SP)**

### အရက်မူးပြီး နေအိမ်ကိုမီးရှို့သူအား အရေးယူ

အောင်လံမြို့နယ် ရဲဒင်ကျေးရွာတွင် အရက်သောက်စားမူးယစ်ပြီး မိမိအိမ်ကို မီးပြန်ရှို့သူတစ်ဦးအား မတ် ၈ ရက်က အရေးယူခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ရဲဒင်ကျေးရွာနေ ဗိုလ်ဝင်း(၄၀ နှစ်)သည် အရက်မူးပြီး ၎င်းပိုင်သည့် မြေစိုက်၊ ဝါးကြမ်းခင်း၊ ထရံကာ၊ သက်ငယ်မိုး (၃)ပင်နေအိမ်ကို မီးဖြင့် ရှို့ခဲ့သဖြင့် ကျေးရွာမီးသတ်နှင့် ရွာသားများဝိုင်းဝန်းမီးသတ်ခဲ့ရပြီး မီးလောင်မှုကြောင့် နေအိမ် တစ်လုံး၊ တန်ဖိုးငွေကျပ် ၈၀၀၀၀ ခန့် မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ ထိုဖြစ်စဉ်နှင့်ပတ်သက်၍ နေအိမ်မီးရှို့သူဗိုလ်ဝင်းအား အောင်လံမြို့နယ် ရွှေပန်းတောနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျ**

### ပိန္နဲသီးတက်ခူးရာမှ ပြုတ်ကျသေဆုံး

မင်းတုန်းမြို့နယ် ရေပြာရေးကျေးရွာအနီးတွင် ပိန္နဲပင်ပေါ်တက်၍ ပိန္နဲသီးခူးသူ အမျိုးသားတစ်ဦး ပြုတ်ကျသေဆုံးမှု မတ် ၈ ရက်က ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ ချင်းကုန်းကျေးရွာနေ ကိုမြသန်း (၄၀ နှစ်)သည် ရေပြာရေးကျေးရွာအနီးမှ အမြင့် ၂၅ ပေခန့်ရှိသည့် ပိန္နဲပင်ပေါ် ပိန္နဲသီးတက်ခူးရာမှ ပြုတ်ကျခဲ့ပြီး သေဆုံးသွားခဲ့သဖြင့် မင်းတုန်းမြို့နယ် အလယ်ချောင်းနယ်မြေရဲစခန်းက သေမှုသေခင်းရေးဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ**

### ထန်းပင်ပေါ်မှပြုတ်ကျ၍သေဆုံးမှုဖြစ်ပွား

ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် မြင်းဇာကျေးရွာတွင် ထန်းရည်ယူရန် ထန်းပင်ပေါ်တက်သည့်အမျိုးသားတစ်ဦး ပြုတ်ကျသေဆုံးမှု မတ် ၈ ရက်က ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ မြင်းဇာကျေးရွာနေ ဦးစိုးလှ(ခေါ်)ဖိုးပြား (၄၅ နှစ်)သည် ကျေးရွာနှင့် နှစ်မိုင်ခန့်အကွာလယ်တောထဲရှိ အမြင့်ပေ ၃၀ ကျော်ခန့်ရှိသော ထန်းပင်ပေါ်သို့ထန်းရည်တက်ယူရာမှ ထန်းပင်တွင်ငြမ်းချည်ထားသောနှီးကြိုးများပြတ်၍ ထန်းပင်ပေါ်မှပြုတ်ကျသေဆုံးခဲ့ကြောင်း၊ သေဆုံးနေသည်ကို တစ်အိမ်တည်းနေ အစ်ကိုဖြစ်သူ ဦးဘငွေက ဂန့်ဂေါမြို့နယ် မြို့မရဲစခန်းသို့ အကြောင်းကြားခဲ့သဖြင့် သေမှုသေခင်းဖွင့်၍ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ**

# ကလေးများအတွက် နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဖွင့်

**ဖားကန့် မတ် ၁၁**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဟောင်ပါးကျေးရွာအုပ်စု ဆယ်ဇင်းကျေးရွာတွင် ကလေးများအတွက် နွေရာသီယဉ်ကျေးလိမ္မာသင်တန်းကို သာသနာ့ပါလဘုန်းတော်ကြီးကျောင်းတိုက်၌ မတ် ၈ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းကို ဆယ်ဇင်းကျေးရွာ သာသနာ့ပါလဘုန်းတော်ကြီးကျောင်းဆရာတော်အမှူးထား၍ ဆယ်ဇင်းဒေသ မဘသအဖွဲ့ရန်ပုံငွေဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းနည်းပြအဖြစ် ဆရာတော် ဘဒ္ဒန္တသောဘနက ဦးစီးပို့ချမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းဖွင့်ပွဲတွင် နည်းပြဆရာတော်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းမိန့်ကြားပြီး သင်တန်းဖွင့်ပွဲသို့ ဆယ်ဇင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးချို့လွင်၊ စခန်းမှူး ရဲအုပ်ရန်အေး၊ ဆယ်ဇင်းဒေသ မဘသအဖွဲ့မှ ဆရာတော် သံဃာတော်များ၊ လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အလှူရှင်များ၊ သင်တန်းသား ကျောင်းသားကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သည့် ယဉ်ကျေးလိမ္မာသင်တန်းပြီးဆုံးသွားပါက အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဓမ္မသင်တန်းကို သင်တန်းဆရာမ ၁၄ ဦးတို့၏ အကူအညီဖြင့် ဆက်လက်ပို့ချမည်ဖြစ်ကြောင်း၊ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းတက်ရောက်ကြသည့် သင်တန်းသား ကျောင်းသား ကျောင်းသူများကို သင်တန်းစတင်သည့်ရက်မှ သင်တန်းပြီးဆုံးသည်အထိ အလှူရှင်များစုပေါင်း၍ တစ်ရက်လျှင် ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ အာဟာရဒါနများကို ကျွေးမွေးလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**နီတိုး(မော်လူး)**

## သိမ်းဆည်းလယ်ယာမြေများ လုပ်ကိုင်ခွင့်ပြန်လည်ပေးအပ်

**ဖြူး မတ် ၁၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျီးမနိုးကျေးရွာအုပ်စုအတွင်းရှိ ဒေသခံတောင်သူလယ်သမားများ၏ သိမ်းဆည်းလယ်ယာမြေဧက ၁၀၀ ကျော်အတွက် လုပ်ကိုင်ခွင့်ပုံစံ(၃)များကို မတ် ၈ ရက်တွင် ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျီးမနိုးကျေးရွာအုပ်စု စိမ့်ကြီးဒေသ ကွင်းအမှတ်(၈၀၄-၈၀၅)၌ ပြုလုပ်ခဲ့သော လယ်ယာမြေလုပ်ကိုင်ခွင့်ပုံစံ(၃)များ ပြန်လည်ပေးအပ်ပွဲ၌ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်အောင်၊ ဖြူးမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်လှိုင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသန့် ဇင်မျိုးနှင့် တာဝန်ရှိသူများက အမှာစကားပြောကြားပြီး ကျီးမနိုးကျေးရွာအုပ်စု၊ လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီက သိမ်းဆည်းလယ်ယာမြေ ၁၀၇ ဒသမ ၅ ဧကအတွက် လယ်ယာမြေလုပ်ကိုင်ခွင့် ပုံစံ(၃)များကို မြေသိမ်းဆည်းခံရသူ မူလဓားမဦးချတောင်သူလယ်သမား ၁၉ ဦးအားပြန်လည်ပေးအပ်ခဲ့သည်။

တောင်သူတစ်ဦးလျှင် ယခင်နှစ် ၂၀ ကျော်ကာလမှ ယနေ့တိုင်လုပ်ကိုင်လျက်ရှိသည့် အနည်းဆုံးမြေနှစ်ဧကမှ အများဆုံးရှစ်ဧကအထိရှိကြောင်း၊ သိမ်းဆည်းခံရသော ကာလများတွင် အနည်းဆုံး ၁၀ တင်းမှ တင်း ၃၀ အထိ သီးစားခပေးဆောင်ခဲ့ရကြောင်း၊ ယခုလုပ်ကိုင်ခွင့်ပုံစံ (၃)ရရှိ၍ ဝမ်းသာပီတိဖြစ်ရကြောင်း လယ်ယာမြေလုပ်ကိုင်ခွင့်များ ပြန်လည်ရရှိခြင်းနှင့် ပတ်သက်၍ တောင်သူတစ်ဦးက ပြောသည်။

**ဖြူးမြင့်ဦး**





## ရေရှားပါးသည့်ကျေးရွာများသို့ ရေသယ်ယာဉ်ဖြင့် သောက်သုံးရေ ဖြန့်ဝေပေးမည်

**ချောက် မတ် ၁၁**

ချောက်မြို့နယ်ရှိ ရေရှားပါးသော ကျေးရွာများကို ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

ချောက်မြို့နယ်အတွင်း သောက်သုံးရေရှားပါးသော ကျေးရွာများဖြစ်သည့်ညောင်ဇင်အုပ်စု မြေနီလိမ်ကျေးရွာ၊ သံဘိုအုပ်စု အောင်သာကျေးရွာများကို မတ် ၉ ရက်တွင် ရေဖြန့်ဝေပေးခဲ့သည်။ မြေနီလိမ်ကျေးရွာရှိ အိမ်ထောင်စု ၅၂ စုမှ လူဦးရေ ၂၁၈ ဦးနှင့် ကျွဲ၊ နွား ၁၃၂ ကောင်အတွက် ရေ ၆၄၀၀ ဂါလန်၊ အောင်သာကျေးရွာရှိ အိမ်ထောင်စု ၅၆ စုမှ လူဦးရေ ၂၆၈ ဦးနှင့် ကျွဲ၊ နွားကောင်ရေ ၁၀၀ အတွက် ရေ ၃၂၀၀ ဂါလန်ကို ချောက်မြို့နယ်မှ မနောဖြူရေသယ်ယာဉ်ဖြင့် ရေများသယ်ယူပေးပြီး ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။ သောက်သုံးရေအခက်အခဲဖြစ်နေချိန်တွင် ယခုကဲ့သို့ ရေရရှိသဖြင့် ကျေးရွာနေပြည်သူများအတွက် အဆင်ပြေကြောင်း သိရသည်။

အဆိုပါကျေးရွာနှစ်ခုသို့ ရေဖြန့်ဝေပေးသည့်အပြင် မြို့နယ်အတွင်းမှ ရေအခက်အခဲ ကြုံတွေ့နေရသည့် အခြားကျေးရွာများသို့လည်း ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ အလှည့်ကျဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးခင်မောင်ကျော်၏ ပြောကြားချက်အရ သိရသည်။

ချောက်မြို့နယ်အပါအဝင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသအတွင်းရှိကျေးရွာများသည် နွေရာသီတွင် သောက်သုံးရေပြတ်လပ်မှုများဖြစ်ပွားလေ့ရှိရာ ကျေးရွာအချို့တွင် သောက်သုံးရေလှောင်ကန်များ တည်ဆောက်ပေးခြင်း၊ မြေသားမိုးရေလှောင်ကန်များတည်ဆောက်ပေးခြင်း၊ အဝီစိတွင်းတူးဖော်ပေးခြင်းများဖြင့် ရေရရှိရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသော်လည်း အချို့ကျေးရွာများတွင်မူ ရေရရှိရေးဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုကဲ့သို့ ရေသယ်ယာဉ်များဖြင့် သယ်ယူဖြန့်ဝေပေးခြင်းဖြစ်ကြောင်း သိရသည်။

**မချို(ချောက်)**

## သားငါးကဏ္ဍဖွံ့ဖြိုးရေးအတွက် တိုင်းရင်းငါးမျိုးများ စိုက်ထည့်မည်

**တောင်ငူ မတ် ၁၁**

တောင်ငူခရိုင်အတွင်း မြို့နယ်ခြောက်ခုတွင် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းငါးမျိုးများကို လယ်ကြားငါးကန်များအတွင်း မျိုးစိုက်ထည့်မွေးမြူသွားမည်ဖြစ်ကြောင်း သိရသည်။ တောင်ငူခရိုင်အတွင်းရှိ ကျောက်ကြီး၊ ဖြူး၊ တောင်ငူ၊ ထန်းတပင်၊ အုတ်တွင်း၊ ရေတာရှည်မြို့နယ်များမှ လယ်သမားများ၏ လယ်ကြားငါးကန်များတွင်လည်းကောင်း၊ အင်းများနှင့် ငါးမွေးကန်များတွင်လည်းကောင်း မွေးမြူရန်အတွက် တိုင်းရင်းငါးမျိုးများထောက်ပံ့ပေးအပ်ပွဲကို တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ မတ် ၇ ရက်က ကျင်းပခဲ့သည်။

ငါးမျိုးထောက်ပံ့ပေးအပ်ပွဲတွင် ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုင်းကျော်မြင့်က တိုးတက်လာသော လူဦးရေအချိုးအစားနှင့်အညီ သားငါးစားနပ်ရိက္ခာဖူလုံစွာစားသုံးနိုင်ရေး၊ သားငါးကဏ္ဍာဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းငါးမျိုးများကို ထောက်ပံ့ပေးအပ်ရခြင်းဖြစ်ကြောင်း အမှာစကားပြောကြားပြီး တောင်ငူခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးသက်အေးက တိုင်းရင်းငါးမျိုးများ ထောက်ပံ့ပေးအပ်ခြင်းနှင့် ငါးမွေးမြူခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းရင်းငါးမျိုးများဖြစ်သည့် ငါးခူကောင်ရေ ၂၅၀၀၀နှင့် ငါးပနော်အကောင်ရေ ၅၀၀၀ ကို တောင်ငူခရိုင် ခြောက်မြို့နယ်ရှိ ကျေးရွာများမှ ငါးမွေးတောင်သူများ၊ အင်းလုပ်ငန်းရှင်များ၊ ငါးမွေးကန်ပိုင်ရှင်များထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ အမှတ် (၃၀၈)နေ မ-ခရော့ဆိုင်းနန်(ခ)ဆိုင်းနန် ၁/မကန(နိုင်)၁၃၂၈၂၈ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၉/၇၀၅၇ Nissan Elgrand AVE 50. Mini Van (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်သက်သက်လွင် ၁၂/ကမရ(နိုင်)၀၄၄၈၉၂၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**



ပြည်တွင်းသတင်း

# လူ့အခွင့်အရေးမြှင့်တင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေး

**ရေး မတ် ၁၁**

လူ့အခွင့်အရေးမြှင့်တင်မှုစီမံချက်ပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲကို မွန်ပြည်နယ် ရေးမြို့ ရွှေဆံတော်စေတီဝမ္မာရုံ၌ မတ် ၉ ရက်က ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲကို Local Resoure Center(LRC)၊ Danchurch Aid တို့နှင့် ဥရောပယူနီယံ၏ Civil Society Organizations များက ပူးပေါင်းကျင်းပခြင်းဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲတွင် (LRC) မှ ညှိနှိုင်းရေးမှူး ဦးမင်းဝင်းဗိုလ်နှင့် တာဝန်ခံမန်နေဂျာ ဒေါ်ခိုင်မြတ်သူသူတို့က ဆွေးနွေးပွဲရည်ရွယ်ချက်နှင့် လူ့အခွင့်အရေးမြှင့်တင်မှုစီမံချက်အကြောင်း၊ စီမံချက်တွင် ပူးပေါင်းဆောင်ရွက်မည့်သူများ၏ အခန်းကဏ္ဍများအကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်သူများက လူ့အခွင့်အရေးအပေါ် ရှုမြင်ပုံများနှင့် မိမိတို့ရပ်ရွာဒေသအတွင်းရှိ အဓိကကျသော လူ့အခွင့်အရေးပြဿနာများ၊ ဒေသတွင်းလူ့အခွင့်အရေးပြဿနာများတွင် ပါဝင်ပတ်သက်နေသူများ၊ လူ့အခွင့်အရေးအခြေအနေများ တိုးတက်အောင်ဆောင်ရွက်ရာတွင် ရပ်ရွာလူထုအနေဖြင့် လိုအပ်သောနည်းပညာအကူအညီများ စသည့်အကြောင်းအရာတို့ကို အပြန်အလှန်အုပ်စုဖွဲ့ဆွေးနွေးခဲ့သည်။ ထို့နောက် ဆွေးနွေးချက်များမှ ရရှိလာသောရလဒ်များကို ပူးပေါင်းဆောင်ရွက်ရန်အတွက်လည်း သဘောတူညီခဲ့ကြကြောင်း သိရသည်။



**နေမျိုးထွန်း(ရေး)**

# နန့်ပုတ်-ဆယ်ကုန်းတံတား တည်ဆောက်ပြီးစီး

**ဖားကန့် မတ် ၁၁**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဟောင်ပါးကျေးရွာအုပ်စုရှိ နန့်ပုတ်-ဆယ်ကုန်းတံတားကို ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေဖြင့် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ပြီးစီးခဲ့သဖြင့် ဆက်သွယ်သွားလာရေးလွယ်ကူချောမွေ့လျက်ရှိကြောင်း သိရသည်။

အဆိုပါတံတားသည် မိုးညှင်းမြို့နယ် နန့်ပုတ်ကျေးရွာနှင့် ဖားကန့်မြို့နယ် ဟောင်ပါးကျေးရွာအုပ်စု ဆယ်ဇင်းကျေးရွာကို ဆယ်သွယ်ထားသည့် တံတားဖြစ်ပြီး ဖေဖော်ဝါရီလအတွင်းက စတင်တည်ဆောက်ခဲ့ကာ ဖေဖော်ဝါရီလကုန်တွင် ပြီးစီးခဲ့ပြီး တံတားပြီးစီးသဖြင့် ဒေသခံပြည်သူများ သွားလာဆက်သွယ်ရေးအတွက် လွယ်ကူနေပြီဖြစ်ကြောင်း သိရသည်။ တံတားကို ဒေသခံပြည်သူများ၏ စုပေါင်းလှူဒါန်းငွေ ကျပ်သိန်း ၂၅၀ ဖြင့် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး နန့်ပုတ်ချောင်းအား ဖြတ်လျက်တည်ဆောက်ထားသည့် အရှည်ပေ ၁၈၀ အကျယ် ၁၂ ပေ ရှိ သစ်သားတံတားဖြစ်သည်။

ယခင်က တံတားမရှိသဖြင့် မိုးရာသီတွင် နန့်ပုတ်ချောင်းကို လှေကူးတို့များဖြင့် ဖြတ်သန်းသွားလာခဲ့ရကြောင်း၊ တံတားတည်ဆောက်ပြီးစီးခဲ့၍ မိုးညှင်းမြို့နယ်နှင့် ဖားကန့်မြို့နယ်များသို့ မော်တော်ယာဉ်များ၊ သုံးဘီးဆိုင်ကယ်များ၊ မော်တော်ဆိုင်ကယ်များ ရာသီမရွေး လွယ်ကူချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**နီတိုး(မော်လူး)**

# လောက်ကိုင်ဒေသမှ တပ်မတော်သားနှင့် ရဲတပ်ဖွဲ့ဝင်များအတွက် သံတွဲမြို့နယ် မဘသအဖွဲ့နှင့် ဒေသခံပြည်သူများက အလှူငွေပေးအပ်

**သံတွဲ မတ် ၁၁**

လောက်ကိုင်ဒေသတွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေသော တပ်မတော်သားများ၊ ကျဆုံးဒဏ်ရာရတပ်မတော်သားများ၊ လုံခြုံရေးအဖွဲ့အစည်းများနှင့် ရဲမေမိသားစုများအတွက် အလှူငွေ ၁၂၁ သိန်း ပေးအပ်ပွဲကို သံတွဲမြို့ ဒွါရာဝတီမြို့နယ်ခန်းမ၌ မတ် ၉ ရက်က ကျင်းပသည်။



အလှူငွေပေးအပ်ပွဲတွင် သံတွဲမြို့နယ် အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က ဩဝါဒစကား မိန့်ကြားသည်။ အလှူငွေများကို သံတွဲမြို့နယ် မဘသအဖွဲ့၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များက စုပေါင်းလှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ရပ်ကွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက ငွေကျပ် လေးသိန်း၊ အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့က ငွေကျပ် ၃၇ သိန်း၊ ငပလီဟိုတယ်လုပ်ငန်းရှင်များက စုပေါင်းလှူဒါန်းငွေကျပ် ၁၀ သိန်း၊ သံတွဲမြို့နယ် ဒေသခံကုမ္ပဏီလုပ်ငန်းရှင်များ စုပေါင်းလှူဒါန်းငွေကျပ် ၁၀ သိန်း၊ Amazing ဟိုတယ်မှ လှူဒါန်းငွေကျပ် ၄၅ သိန်း၊ Bayview ဟိုတယ်မှ လှူဒါန်းငွေကျပ် ငါးသိန်း၊ သံတွဲမြို့နယ် ရေလုပ်ငန်းရှင်များအသင်းမှ လှူဒါန်းငွေကျပ် သုံးသိန်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လှူဒါန်းငွေကျပ် သုံးသိန်း၊ မြို့နယ်မော်တော်ယာဉ် လိုင်းပေါင်းစုံထိန်းသိမ်းကြီးကြပ်ရေးကော်မတီမှ လှူဒါန်းငွေကျပ် သုံးသိန်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့မှ လှူဒါန်းငွေကျပ် ငါးသောင်းနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှလှူဒါန်းငွေကျပ် ငါးသောင်းတို့ကို လှူဒါန်းခဲ့ခြင်း ဖြစ်သည်။

**(ခရိုင် ပြန်/ဆက်)**

# ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း အသိပညာပေးဆွေးနွေး

**မလှိုင် မတ် ၁၁**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အတွင်းရှိ ကြက်မွေးမြူထုတ်လုပ်သူများအား ကြက်ငှက်တုပ်ကွေးရောဂါနှင့်ပတ်သက်၍ သိရှိသင့်သည့်အကြောင်းအရာများ၊ ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရမည့်အချက်များ အသိပညာပေးဆွေးနွေးပွဲကို မလှိုင်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၅ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်က မိမိတို့မြို့နယ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ဝင်ရောက်လာမှုမရှိစေရေးအတွက် ကြက်မွေးမြူထုတ်လုပ်သူများအား အသိပညာပေးဆွေးနွေးရန်နှင့် ဝိုင်းဝန်းကာကွယ်နိုင်ရေး အစီအမံများ ကြိုတင်ချမှတ်ဆောင်ရွက်နိုင်ရန် ခေါ်ယူဆွေးနွေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအေးကိုက ကြက်ငှက်တုပ်ကွေးရောဂါနှင့်ပတ်သက်သည့် အကြောင်းအရာများ၊ ကြိုတင်ကာကွယ်ရေးအတွက် ဇီဝလုံခြုံရေးအစီအမံများဆောင်ရွက်ရန်အချက်များကို ရှင်းလင်းပြောကြားကာ ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးခင်မောင်မြင့်ကလည်း ရောဂါကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ မြို့မဈေးကြီးအတွင်း ကြက်သားရောင်းချသူများထံမှ ကောက်ယူထားသောစာရင်းများအရ ကြက်အရှင်ဒိုင်များသို့ ကြက်အရှင်များဝင်ရောက်ရာ ဝင်ပေါက်သည်လည်း ရောဂါဝင်ရောက်နိုင်သောလမ်းကြောင်းများဖြစ်သဖြင့် အထူးဂရုပြုရန်လိုအပ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေး အကြံပြုကြပြီး ရှေ့ဆက်လုပ်ဆောင်သင့်သည်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

**အောင်ဌေး(မလှိုင်)**



# ဒေါ့မွန်နဲ့ဘိုင်ယန်မြူးနစ်တို့ နိုင်ပွဲရဦးမယ့် ပွဲစဉ် (၂၅)

**မိုးမြင့်လင်းလက်**

**ဘွန်ဒက်စ်လီဂါပွဲစဉ် (၂၅) ကို မတ် ၁၄ ရက်မှာ ယှဉ်ပြိုင်ကစားမှာဖြစ်လို့ ကစားရှိန်တဖြည်းဖြည်း ပြန်တတ်လာတဲ့ဒေါ့မွန်၊ဥရောပဝင်ခွင့်ကို မျှော်လင့်နေတဲ့ လေဗာကူဆင်၊ ထိပ်ဆုံးကဆက်လက်ဦးဆောင်ဖို့ကြိုးစားမယ့် ဘိုင်ယန်မြူးနစ်တို့ရဲ့ စွမ်းဆောင်မှုအားတွေကို မြင်တွေ့ရဦးမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ဟာသာဘာလင်နဲ့ တွေ့မယ့် ရှော်လ်ကေးတို့ရဲ့ ကစားအားပြင်းထန်မှာ ဖြစ်တဲ့အတွက် အကဲခတ်ခွင့်ရဦးမှာ ဖြစ်ပါတယ်။**

### ဒေါ့မွန်နှင့်ကိုလုံး

အဝေးကွင်းမှာသရေပွဲများနေတဲ့ ကိုလုံးတို့အတွက် ဒီပွဲမှာ ဒေါ့မွန်ရဲ့ အဟုန်ပြင်းပြင်းတိုက်စစ်ဆင်မှုကို ရင်ဆိုင်ရဖို့ရှိနေပါတယ်။ ပြန်လည်ရုန်းထလာတဲ့ ဒေါ့မွန်တို့ရဲ့ အားထုတ်မှုက နိုင်ပွဲတွေဆက်နေပြီး တန်းစီဇယားမှာ နေရာပြန်ရမလား စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ အိမ်ကွင်းလည်းဖြစ်တဲ့ ဒေါ့မွန်ဟာ အမှတ်ပြည့်ရယူဖို့အတွက် အာမာခံကစားသမားတွေနဲ့ ပွဲထွက်လာပြီး အနိုင်ရလဒ်ကို သိမ်းပိုက်ဖို့ စွမ်းဆောင်ပါလိမ့်မယ်။

### လေဗာကူဆင်နှင့် စတုဂတ်

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှုငါးပွဲရလဒ်ကိုကြည့်ရင် လေဗာကူဆင်တို့က သုံးပွဲနိုင်ပြီး သရေနှစ်ပွဲဖြစ်ထားပါတယ်။ တန်းစီဇယား အောက်ဆုံးရောက်နေတဲ့ စတုဂတ်တို့က အဝေးကွင်းမှာ ခြေစွာတတ်တာကို သတိပြုရမှာဖြစ်ပါတယ်။ လေဗာကူဆင်တို့ကတော့ အိမ်ကွင်းမှာ ပြိုင်ဘက်အသင်းတွေကို အခွင့်အရေး မပေးတတ်တာမို့ စတုဂတ်တို့ အမှတ်ဗလာနဲ့ အိမ်ပြန်ရမယ့်ကိန်း ဆိုက်နိုင်ပါတယ်။

### အော့စ်ဘတ်နှင့်မိန့်ဇ်

အော့စ်ဘတ်တို့က မိန့်ဇ်နဲ့ဆုံတိုင်း အနိုင်ကစားတတ်တာမို့ အခုပွဲမှာ မိန့်ဇ်တို့ ခြေကုန်လက်ပန်းကျအောင်ကစားရပါလိမ့်မယ်။ အော့စ်ဘတ်တို့က ဥရောပဝင်ခွင့် တစ်နေရာအတွက် မျှော်လင့်စရာရှိနေသေးတာမို့ ခြေကုန်ဖွင့်ပါလိမ့်မယ်။ အော့စ်ဘတ်တို့ဟာ အိမ်ကွင်းမှာ ဂိုးသွင်းစွမ်းရည်မြင့်မားပြီး ပြိုင်ဘက်နောက်တန်းကို ရှုပ်ရှုပ်ချွန်ချွန်ထိုးဖောက်နိုင်သူတွေဖြစ်တာမို့ ဒီပွဲမှာ အိမ်ရှင်တို့ အလေးသာနေတာ အမှန်ပါပဲ။

### ဟော့ဖန်ဟိန်းနှင့်ဟမ်းဘတ်

တန်းဆင်းဇုန်ဖိအားကြောင့် ဟမ်းဘတ်တို့ အကြိတ်အနယ်ကစားရမယ့်ပွဲဖြစ်ပါတယ်။ ဟမ်းဘတ်တို့က အဝေးကွင်းမှာ သရေပွဲများတတ်ပြီး တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းစွမ်းရည်လည်း ကျဆင်းတတ်တာမို့ အိမ်ရှင်ဟော့ဖန်ဟိန်းတို့ ခံစစ်ပိုင်း အမှားအယွင်းနည်းရင် အခြေအနေကောင်းနိုင်ပါတယ်။ ဟော့ဖန်ဟိန်းရဲ့ တိုက်စစ်မှူးတွေက အိမ်ကွင်းမှာ ဂိုးသွင်းအားကောင်းတာမို့ ဟမ်းဘတ်တို့ ဂိုးမပြတ်အောင် ဟန့်တားရုံကလွဲပြီး မျှော်လင့်စရာမရှိပါဘူး။

### ဝါဒါဘရီမင်နှင့်ဘိုင်ယန်မြူးနစ်

ဘိုင်ယန်မြူးနစ်တို့က ဘွန်ဒက်စ်လီဂါဖလားအတွက် အမှားအယွင်းခံမှာမဟုတ်တာကြောင့် ဒီပွဲမှာ ဝါဒါဘရီမင်တို့ ပွဲမချောင်ပါဘူး။ ဝါဒါဘရီမင်ရဲ့ အိမ်ကွင်းအားထုတ်မှုအပိုင်းက ကောင်းမွန်ပေမယ့် ခံစစ်ပိုင်းကျိုးပေါက်မှုက အမှတ်ရရှိဖို့မျှော်လင့်ချက်ကို ဆိတ်သုဉ်းစေမှာပါ။ ဘိုင်ယန်မြူးနစ်တို့ရဲ့ တိုက်စစ်၊ ခံစစ်အားတောင့်တင်းထက်မြက်မှုက ဝါဒါဘရီမင်တို့အတွက် ရင်မောစရာဖြစ်လာပါလိမ့်မယ်။ ဒါပေမယ့် အိမ်ရှင်တို့က အဲဒီအခွင့်အရေးကို ပေးမှာမဟုတ်ပါဘူး။

### ဟာသာဘာလင်နှင့်ရှော်လ်ကေး

ရှော်လ်ကေးနဲ့ဆုံတိုင်း ရလဒ်မကောင်းတတ်တဲ့ ဟာသာဘာလင်ရဲ့ခြေစွမ်းက လက်ရှိအနေအထားမှာ အားရစရာတော့မရှိပါဘူး။ ဒီနှစ်သင်းရဲ့ နောက်ဆုံးငါးပွဲဆုံတွေ့မှုကိုကြည့်ရင် ရှော်လ်ကေးတို့က ရှုံးပွဲမရှိဘဲ ဂိုးပြတ်နိုင်ပွဲတွေတောင် ရရှိထားပါတယ်။ ဒါပေမယ့် ရှော်လ်ကေးရဲ့အဝေးကွင်းစွမ်းဆောင်မှုက သာမန်ဖြစ်တာမို့ ပွဲချိန်ပြည့် ကစားအားတင်ထားမှ ရပါလိမ့်မယ်။ ရှော်လ်ကေးတို့က ဥရောပဝင်ခွင့်အတွက် ခြေကုန်ထုတ်မှာမို့ အောင်ပွဲဆိုတာ ရှော်လ်ကေးတို့အတွက်ပဲ ဖြစ်ပါလိမ့်မယ်။

### ဖရန့်ဖတ်နှင့်ပါဒါဘွန်

ပါဒါဘွန်ရဲ့ တန်းဆင်းဇုန်ရုန်းအားကို ဖရန့်ဖတ်တို့ သတိထားရမှာဖြစ်ပါတယ်။ ပါဒါဘွန်တို့က အဝေးကွင်းမှာ ခြေစွမ်းကျဆင်းတတ်တာကြောင့် ဖရန့်ဖတ်ရဲ့ တိုက်စစ်မှူးတွေ ဂိုးသွင်းအားမြင့်မားရင်တော့ အမှတ်ပြည့်ရနိုင်ပါတယ်။ ဒါပေမယ့် ဖရန့်ဖတ်ရဲ့ခံစစ်ပိုင်းက ကျိုးပေါက်နေတာမို့ ပါဒါဘွန်တို့လည်း တစ်မှတ်လောက်တော့ မျှော်လင့်နိုင်တဲ့ပွဲပါ။ ဒါပေမယ့် အိမ်ရှင်တို့က အဲဒီအခွင့်အရေးကို ပေးမှာတော့ မဟုတ်ပါဘူး။

## လက်ရှိချန်ပီယံအာဆင်နယ် လီဗာပူးကိုရှောင်နိုင်ပြီ

**ကောင်းမြတ်သူ-စုစည်းသည်**

အက်ဖ်အေဖလား လက်ရှိချန်ပီယံ အာဆင်နယ်အသင်းအနေဖြင့် မန်ယူကို ကွာတားဖိုင်နယ်မှာ အနိုင်ရလိုက်တဲ့အတွက် ဆီမီးမှာဘရက်ဖို့ဒ် သို့မဟုတ် ရက်ဒင်းနဲ့ ကစားရမှာဖြစ်ပါတယ်။ ဒီ့အတွက် ခြေစွမ်းကောင်းနေတဲ့ လီဗာပူးကိုရှောင်နိုင်ပြီဖြစ်ပါတယ်။ အက်စ်တွန်ဗီလာက လီဗာပူး သို့မဟုတ် ဘလက်ဘန်းနဲ့ ကစားရမှာဖြစ်ပါတယ်။ ချန်ပီယံရှစ်ကလပ် ရက်ဒင်းနဲ့ လိဂ်ဝမ်းအသင်း ဘရက်ဖို့ဒ်တို့ဟာ မတ် ၁၆ ရက်မှာ ကွာတားဖိုင်နယ်ပွဲအဖြစ် ပြန်ကန်ပွဲကစားရမှာဖြစ်ပါတယ်။ ဘလက်ဘန်းနဲ့ လီဗာပူးတို့ရဲ့ ပြန်ကန်ပွဲကိုလည်း မတ် ၁၆ရက်မှာ ကျင်းပဖွယ်ရှိပါတယ်။ အကြိုဗိုလ်လုပွဲတွေကတော့ ဧပြီ ၁၈ ရက်နဲ့ ၁၉ရက်တွေမှာ ဝင်ဘလေကွင်းကြီးမှာကျင်းပမှာဖြစ်ပါတယ်။ အာဆင်နယ်အသင်းအနေနဲ့ ဒုတိယမြောက် ဆက်တိုက် ဖလား ဆွတ်ခူးနိုင်ဖို့ မျှော်လင့် ထားပါတယ်။ အာဆင်နယ်အသင်းဟာ ပြီးခဲ့တဲ့နှစ်မေလက ဟားလ်စီးတီးကို သုံးဂိုး-နှစ်ဂိုးနဲ့ နိုင်ပြီး (၁၁) ကြိမ်မြောက် အက်ဖ်အေဖလားကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။



## ဗန်ဟားလ်သုံးနှစ်သုံးမိုး ကြိုးစားမှအောင်မြင်မည်ဆို

မန်ယူအသင်းအနေနဲ့ ထိပ်ဆုံးလေးနေရာရောက်အောင် မကြိုးစားနိုင်ခဲ့ဘူးဆိုရင် အသင်းကိုပြန်လည်တည်ဆောက်ဖို့ နှစ်နှစ် သို့မဟုတ် သုံးနှစ်လောက် ကြိုးစားမှ ရလိမ့်မယ်လို့ မန်ယူအသင်းခေါင်းဆောင်ဟောင်းရွှိန်ကိန်းကပြောဆိုလိုက်ပါတယ်။ မန်ယူဟာအက်ဖ်အေဖလား ကွာတားဖိုင်နယ်မှာ အာဆင်နယ်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်သွားပါတယ်။ ဒီ့အတွက် နည်းပြဗန်ဟားလ်တစ်ယောက် ဝေဖန်မှုတွေနဲ့ ရင်ဆိုင်နေရပါပြီ။

မန်ယူအနေနဲ့ အောင်မြင်ဖို့ဆိုရင် နှစ်နှစ် သုံးနှစ်လောက် ကြိုးစားရလိမ့်မယ်လို့တော့ ရွှိုင်ကိန်းကပြောဆိုလိုက်ပါတယ်။ မန်ယူအသင်းဟာ လက်ရှိအခြေအနေမှာ စတုတ္ထနေရာရရှိထားပါတယ်။ ဒါပေမယ့် လက်ကျန် ၁၀ ပွဲမှာလီဗာပူးနဲ့ အဝေးကွင်း၊ မန်စီးတီးနဲ့အိမ်ကွင်း၊ ချယ်လ်ဆီးနဲ့အဝေးကွင်း၊ အာဆင်နယ်နဲ့ အိမ်ကွင်းပြိုင်ပွဲတွေကစားရမှာဖြစ်ပါတယ်။ ဒီအတွက် မန်ယူဟာ ထိပ်ဆုံးလေးနေရာရဖို့ မလွယ်ပါဘူး။

## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့

ဦးအေးထွန်း(မန်နေဂျာ-ငြိမ်း၊ မြန်မာ့ရေလုပ်ငန်း)၊ ဒေါ်ခင်မိုးမြင့်

(လ/ထ ကထိက-ငြိမ်း၊ ရန်ကုန်သမဝါယမတက္ကသိုလ်)တို့၏သား

Phillipsburg, New Jersey, U.S.A နေ

**Mr.Ryan Ye Hawk @ မောင်ရဲခေါင်ထွဋ်**

**B.A Histroy, Dip in Aeronautical Engineering**

**CNC. Technician, Engineering and Ammuntion Dept.**

**Ultimate Training Munitions Inc.,U.S.A**

နှင့်

ရန်ကုန်မြို့

ဒေါက်တာဦးမောင်မောင်ဝင့်(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း

ဆေးသိပ္ပံပညာဦးစီးဌာန)၊ ဒေါ်လှဲ့လှဲ့ယုတို့၏သမီးငယ်

**ဒေါက်တာ စုနန္ဒာဝင့် M.B.,B.S**

တို့၏ ၂၈-၂-၂၀၁၅ရက်တွင် Chatrium Hotel ၌ ကျင်းပခဲ့သော မင်္ဂလာပွဲအခမ်းအနားသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးကြသော မိတ်ဆွေသင်္ဂဟဂုဏ်သရေရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့များပေးပို့ပေးကြသော ခင်မင်လေးစားအပ်သောပုဂ္ဂိုလ်များအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌပါမောက္ခ ဒေါက်တာဦးနေဝင်းနှင့် ဇနီး ဒေါ်မေမေသွဲ့တို့အားလည်းကောင်း၊ မင်္ဂလာစံပယ်ကုံးနှင့် မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော မထက်အင်ကြင်း၊ တေးသံသာများဖြင့် ဖျော်ဖြေပေးပါသော Aces တေးဂီတအဖွဲ့၊ လက်ဝတ်ရတနာများဆင်မြန်းပေးသော စိန်မင်းသမီး စိန်ရွှေရတနာဆိုင်၊ မင်္ဂလာဝတ်စုံနှင့် Video and Photo Forever Group၊ မိတ်ကပ်ဆံပင်ဒီဇင်ဘာနှင်း၊ ပန်းအလှပြင် လင်းလင်း၊ မင်္ဂလာဖိတ်စာ ဒဂုံပုံနှိပ်တိုက်၊ မင်္ဂလာပွဲစီစဉ် Marvelous Wedding Planner ၊ Chatrium Hotel မှ သက်ဆိုင်ရာဝန်ထမ်းများနှင့် ကျေးဇူးတင်ထိုက်သောသူအားလုံးတို့အား အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့်**

**Mr.Ryan Ye Hawk @ မောင်ရဲခေါင်ထွဋ်-ဒေါက်တာစုနန္ဒာဝင့်**

## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

နေပြည်တော်နေ

ဗိုလ်ချုပ်လှမြင့်ရွှေ(ငြိမ်း)[သံအမတ်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန]-ဒေါ်ချိုချိုသန်းတို့၏သားငယ်

**မောင်ဖြိုးဇာနည်ရွှေ**

နှင့်

ရန်ကုန်မြို့နေ

ဦးထင်ကျော်ကျော် (MD,Teach-Ware International Co.,Ltd.)-ဒေါ်သီရိကလျာ

(စိန်စံအိမ် Diamond Villar Gems & Jewellery)တို့၏သမီးဦး

**မဆက်လက်ကောင်းထင်ကျော်ကျော်**

တို့၏ ၈-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့) တွင် Novotel Yangon Max Hotel ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ ချီးမြှင့်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီးသရေစည်သူမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ်အားလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးသူရသက်ဆွေအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး၊ လက်ထပ်မင်္ဂလာလက်စွပ်တို့အား ချီးမြှင့်ခြင်းနှင့် မင်္ဂလာရေစင်သွန်းလောင်းပေးပါသော အမှတ်(၃) စစ်ဆင်ရေးအထူးအဖွဲ့မှူး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းနှင့်ဇနီး ဒေါ်နိုင်နိုင်မော်အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်၊ နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးရန်ပိုင်စိုး၊ မင်္ဂလာအခါတော်ပေးနှင့် တေးသံသာများ ဖျော်ဖြေပေးပါသော (First Music Agency)မှ မဟေမာနေဝင်းနှင့် Plus Three အဖွဲ့သားများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မလင်းလက်လက်အောင်၊ မရတနာဝင်း၊ မင်္ဂလာပန်းကိုင် မမြသူဇာခင်၊ မင်္ဂလာလက်စွပ်ကိုင် မခိုင်သဇင်ယုဝါ၊ သတို့သားအရံ မောင်ဇော်မိုးထက်၊ မောင်ထွန်းကျော်သက်၊ သတို့သမီးအရံ မသျှားထွဋ်အိန္ဒြာ၊ မမိုမိုကို၊ မင်္ဂလာဝတ်စုံများကို ပြင်ဆင်ပေးပါသော SLK Collections မှ အဖွဲ့သားများ၊ မိတ်ကပ်အလှပြုပြင်ပေးပါသော မိတ်ကပ် မေဦးနှင့် အဖွဲ့သားများ၊ လက်ဝတ်ရတနာဆင်မြန်းပေးပါသော Diamond Villar Gems And Jewellery၊ ပန်းအလှဆင်ပေးပါသော Eternal Flowers ၊ မင်္ဂလာဧည့်ခံပွဲတွင် မှတ်တမ်းဗီဒီယိုနှင့် ဓာတ်ပုံရိုက်ကူးပေးပါသော ဓာတ်ပုံ ဝဏ္ဏခွာနီး၊ မင်္ဂလာဖိတ်စာများ ရိုက်နှိပ်ပေးပါသော Dagon ပုံနှိပ်တိုက်မှ မခင်ဘုန်းကြွယ်၊ Novotel Yangon Max မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ အခမ်းအနားသို့ ကြွရောက်ပေးပါသော အနယ်နယ်အရပ်ရပ်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**

**မောင်ဖြိုးဇာနည်ရွှေ-မဆက်လက်ကောင်းထင်ကျော်ကျော်**

### ပျောက်ဆုံးကြောင်း

ကျွန်တော် အုပ်စိုး CDC-16363 ၏ သင်္ဘောသားလက်မှတ် SSAမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူအား ကျေးဇူးဆပ်ပါမည်။

**ဖုန်း-၀၉-၄၃၀၉၃၂၉၄**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1G/7438, Subaru Sambar, P/U (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးသက်နိုင်မင်း ၁၂/ပဘတ(နိုင်)၀၃၁၃၂၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်နေတဲ့ ပြုပြင်ပြောင်းလဲရေးများ အောင်မြင်စေဖို့အတွက် နိုင်ငံရေးတည်ငြိမ်မှု၊ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တည်ဆောက်မှုတို့ကို အလေးထားဆောင်ရွက်ရမယ့် အချိန်ကာလဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ ရေဒီယိုမိန့်ခွန်းမှ ကောက်နုတ်ချက်)



# အထူးစီးပွားရေးဇုန်များတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်

**နေပြည်တော် မတ် ၁၁**

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မဒမ် ငုယင်သီဇွမ်းနှင့် တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် ဒုတိယသမ္မတဦးညဏ်ထွန်းက မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှု စတင်ထူထောင်ခဲ့ချိန်မှစ၍ နှစ်နိုင်ငံအကြား နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုခိုင်မြဲလာပါကြောင်း၊ နှစ်နိုင်ငံအကြီးအကဲများ၏ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များသည်လည်း နှစ်နိုင်ငံဆက်ဆံရေးကို ပိုမို အားကောင်းစေခဲ့ပါကြောင်း။

နှစ်နိုင်ငံကုန်သွယ်ရေးပမာဏမှာ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၈၁ သန်းကျော်ရှိလာခဲ့ပြီး ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍတွင် အဆင့်(၉)ရှိသည့် နိုင်ငံဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း နှစ်နိုင်ငံကုန်သွယ်ရေး မြှင့်တင်ရန် မြန်မာ-ဗီယက်နမ် ပူးတွဲကော်မတီအနေဖြင့် ၂၀၁၂ ခုနှစ်မှစတင်ပြီး နှစ်စဉ် ပုံမှန်အစည်းအဝေးများ ကျင်းပဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုလအတွင်း၌ နေပြည်တော်တွင် (၈) ကြိမ်မြောက် မြန်မာ-ဗီယက်နမ် ကုန်သွယ်ရေး ပူးတွဲကော်မတီအစည်းအဝေးကို ကျင်းပရန်ရှိသည်ဟု ကြားသိရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းကြီးများဖြစ်သည့် ဟောင်အန်းဂီယာလိုင်းအုပ်စု၊ ဗီယက်နမ် ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ်၊ ဗီယက်တဲလ်ဆက်သွယ်ရေး လုပ်ငန်းစုနှင့် ဗီယက်နမ်ရေနံရှာဖွေရေးလုပ်ငန်းစုတို့ မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံ ဆောင်ရွက်နေမှုကို ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေထုတ်ပြန်ပြီး လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန် အခြေအနေကောင်းများ ဖန်တီးပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၌ ထူထောင်ထားပြီးဖြစ်သည့် အထူးစီးပွားရေးဇုန်များတွင်လည်း လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားပြီး နှစ်နိုင်ငံပူးတွဲကြေညာချက်ပါ သဘောတူညီထားပြီးဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော၊ ကုန်သွယ်ရေး၊

စာမျက်နှာ ၃ ကော်လံ ၄ ❐

# သက်ဆိုင်ရာမိဘများအားခေါ်ယူ၍ ထိန်းသိမ်းခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ပြန်လည်အပ်နှံမည်

**နေပြည်တော် မတ် ၁၁**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့တွင် ဆန္ဒပြခဲ့သောအဖွဲ့သည် မတ်လ ၁၀ ရက်က တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးတို့အတွက် တားမြစ်ထားသည့် အတားအဆီးများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဖောက်ထွက်ရန်ကြိုးစားခဲ့ပြီး လုံခြုံရေးအတားအဆီးများအား ဆွဲဖျက်ခြင်း၊ အမိုးအကာတဲများအား ဖျက်ဆီးခြင်း၊ တုတ်များ၊ ခဲများ၊ ရေသန့်ဘူးများဖြင့် ပစ်ပေါက်ခဲ့ခြင်း စသည့် ဥပဒေမဲ့လုပ်ဆောင်လာမှုများကြောင့် ဥပဒေနှင့်အညီ သတိပေးကြေညာကာ ဖမ်းဆီးထိန်းသိမ်း၍ လူစုခွဲခဲ့ရသည်။

အဆိုပါဖြစ်စဉ်တွင် ကျား ၁၀၇ ဦး၊ မ ၂၀ ဦး စုစုပေါင်း ၁၂၇ ဦးအား ခေါ်ယူထိန်းသိမ်းစစ်မေးလျက်ရှိပြီး တက္ကသိုလ်၊ ကောလိပ်များ၌ အမှန်တကယ် ပညာသင်ကြားနေသော ကျောင်းသား/ ကျောင်းသူများအား ဆက်လက်ပညာသင်ကြားနိုင်ရေး စေတနာထားရှိသောအားဖြင့်လည်းကောင်း၊ မိဘများအပေါ် စာနာထောက်ထားသောအားဖြင့် လည်းကောင်း၊ ကျူးလွန်သည့်ပြစ်မှုများအပေါ်

စာမျက်နှာ ၇ ကော်လံ ၅ ❄

## ယနေ့ ⇄ မာတိကာ


အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၌ ဆက်လက်ကြားနာဆောင်ရွက် — စာမျက်နှာ - ၈

တပ်မတော်စစ်ကြောင်းများ နယ်မြေရှင်းလင်းရာမှ ကိုးကန့်သောင်းကျန်းသူများနှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွား — စာမျက်နှာ - ၉

ရောဝတီရဲ့ တန်ဖိုး ဘယ်လောက်ရှိသလဲ — စာမျက်နှာ - ၂၂၊ ၂၃


# မြန်မာအမျိုးသမီးအသင်း ပွဲဦးထွက် ဂိုးပြတ်နိုင်

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်

**မန္တလေး မတ် ၁၁**

အိုလံပစ်အမျိုးသမီးဘောလုံးပြိုင်ပွဲ အာရှဇုန်ပထမအဆင့် ခြေစစ်ပွဲအုပ်စု (က) ပွဲစဉ်ကို ယနေ့ ညနေပိုင်းက မန္တလေးမြို့ရှိ မန္တလာသီရိကွင်းတွင် ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းက သီရိလင်္ကာအသင်းကို ၁၆ ဂိုးပြတ်ဖြင့် အနိုင်ရရှိသွားသည်။

**မြန်မာအမျိုးသမီးအသင်း - ၁၆ ဂိုး**
**သီရိလင်္ကာအမျိုးသမီးအသင်း - ဂိုးမရှိ**

မြန်မာအမျိုးသမီးအသင်းမှာ ယခုပွဲအနိုင်ရရန်အပြင် သွင်းဂိုးများရန်ပါ လိုအပ်နေသောကြောင့် ပွဲအစ၊ အဆုံး အားထည့်ကစားသွားခဲ့ပြီး ၁၆ ဂိုးပြတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းမှာ ပထမပိုင်းတွင် ၁၁ ဂိုး၊ ဒုတိယပိုင်းတွင် ငါးဂိုးသွင်းယူကာ အနိုင်ရခဲ့ခြင်းဖြစ်ပြီး ဂိုးပြတ်အနိုင်ရလဒ်ကြောင့် နောက်တစ်ဆင့်တက်ရန် မျှော်မှန်းချက်ပိုကောင်းသွားခဲ့သည်။

အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်လာသည့် မြန်မာအသင်းမှာ ပွဲစကတည်းက ခြေအသာဖြင့် ကစားနိုင်ခဲ့ပြီး ပွဲအစ၊ အဆုံး အခက်အခဲမရှိ ကစားကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ပွဲအစမှာပင် နော်အားလိုဝါးဖောက နှစ်မိနစ်နှင့် သုံးမိနစ်တွင် နှစ်ဂိုးဆက်သွင်းယူခဲ့ပြီး ခြောက်မိနစ်တွင် ခင်မိုးဝေက တတိယဂိုးသွင်းယူခဲ့သည်။ ပွဲအစခြောက်မိနစ်မှာပင် သုံးဂိုးအထိ ပေးခဲ့ရသည့် သီရိလင်္ကာအသင်း ခံစစ်ပိုင်း

စာမျက်နှာ ၃ ကော်လံ ၁ ❍



မြန်မာအသင်း သီရိလင်္ကာအသင်းဘက်သို့ ထိုးဖောက်ဂိုးသွင်းနေစဉ်။

# ရောဝတီအသင်း ဘန်ဒေါင်းနှင့် သရေကျ

သတင်း-ရဲရင့်ရှိုင်း
ဓာတ်ပုံ-စိုင်းညီလေး

**ရန်ကုန် မတ် ၁၁**

၂၀၁၅ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စု (H) ဒုတိယပွဲစဉ်အဖြစ် ရောဝတီ (မြန်မာ)နှင့် ဘန်ဒေါင်း (အင်ဒိုနီးရှား)တို့သည် ယနေ့ ညနေ ၃ နာရီခွဲက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီ သရေကျသွားသည်။

**ရောဝတီ - တစ်ဂိုး(ဖွန်ဆီကာ)**
**ဘန်ဒေါင်း - တစ်ဂိုး(အတက်ပ်)**

အဖွင့်ပွဲတွင် သရေကျထားသည့် ရောဝတီအသင်းမှာ အိမ်ကွင်း ပထမဆုံးပွဲတွင်လည်း နိုင်ပွဲရယူနိုင်ခြင်းမရှိဘဲ နှစ်ပွဲဆက် သရေပွဲကြုံတွေ့ခဲ့ရသည်။ လူစုံပါဝင်နိုင်ခြင်းမရှိသည့် ရောဝတီအသင်းမှာ ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ သရေတစ်မှတ်သာ ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။

ရောဝတီအသင်းတွင် နိုင်ငံခြားသား ကစားသမား လေးဦးဖြင့် လူစုံခဲ့သော်လည်း ပြည်တွင်းအမာခံများ မပါဝင်နိုင်၍ အားပျော့ပြီး ပထမပိုင်းတွင် ခြေစွမ်းပြနိုင်ခြင်းမရှိခဲ့ပေ။

စာမျက်နှာ ၇ ကော်လံ ၁ ❖


**CLAIMS DAY NOTICE**

**M.V HOEGH CHENNAI VOY:NO(10)**

Consignees of cargo carried by M.V HOEGH CHENNAI VOY: NO. (10) are here by notified that the vessel will arrive on about 13-3-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်



mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

R/488 ဖြင့် မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည်။